# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်၊ တနင်္လာနေ့ အတွဲ (၆၂)၊ အမှတ် (၁၁၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိ ရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေး လုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




# ရန်ကုန်-ပုဂံ အမြန်ရထား ယနေ့ပြန်လည်ပြေးဆွဲမည်

**ရန်ကုန် ဇန်နဝါရီ ၂၂**

မြန်မာ့မီးရထားမှ ရထားစီးခရီးသည်များ ခရီးသွားလာမှု အဆင်ပြေစေရေးအတွက် ဇန်နဝါရီ ၂၃ ရက် **(ယနေ့)** မှစတင်၍ အမှတ် (၆၁) အဆန် ရန်ကုန်-ပုဂံ အမြန်ရထားကို နေ့စဉ် ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ဇန်နဝါရီ ၂၄ ရက်မှစ၍ အစုန်/အဆန် ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

အဆိုပါ အမှတ် (၆၁) အဆန် အမြန်ရထားသည် ရန်ကုန်ဘူတာမှ ညနေ ၄ နာရီ ၁၅ မိနစ်တွင် ထွက်ခွာပြီး ပုဂံဘူတာသို့ နောက်တစ်နေ့ မွန်းတည့် ၁၂ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။


*စာမျက်နှာ ၄ ကော်လံ ၁* ❑


## ဘားအံ စက်မှုဇုန်၌ အဆင့်မီ ဆီစက်တည်ဆောက်မှု ၉၀ ရာခိုင်နှုန်းပြီးစီး

**နေပြည်တော် ဇန်နဝါရီ ၂၂**

ပြည်နယ်အတွင်း ပြည်ပမှ စားသုံးဆီ တင်သွင်းမှု လျော့ကျစေရန်၊ ပြည်တွင်း စားသုံးဆီ ဖူလုံစေရန်နှင့် အရည်အသွေးကောင်း စားသုံးဆီများ ထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ ဘားအံမြို့ရှိ စက်မှုဇုန် (၃) တွင် အဆင့်မီ ဆီစက်တည်ဆောက်လျက်ရှိရာ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဆီစက်လုပ်ငန်းရှင်များ အသင်းကို ပြည်နယ်အစိုးရရဲ့ စီမံခန့်ခွဲမှုနဲ့ အတူ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကနေ သိန်းပေါင်း ၇၃၀၀ ကို သက်သာတဲ့ အတိုးနှုန်းနဲ့ ထုတ်ချေးပေးခဲ့ပါတယ်။ နိုင်ငံတော် ဝန်ကြီးချုပ်က ကိုဗစ်-၁၉ ကပ်ရောဂါအပြင် အကြောင်းအမျိုးမျိုးကြောင့် လက်ရှိဖြစ်ပေါ်နေတဲ့ စီးပွားရေးကဏ္ဍကို ပိုပြီး တိုးတက်လာစေဖို့အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံချက်ရေးဆွဲပြီး ပြည်နယ်နဲ့ တိုင်းဒေသကြီးမှာရှိတဲ့ လုပ်ငန်းရှင်တွေကို


*စာမျက်နှာ ၃ ကော်လံ ၄* ❖


**ယနေ့** *ဖတ်စရာ*



### ယူနန်ပြည်နယ် မန်စီနှင့် မန္တလေးမြို့အကြား တိုက်ရိုက် လေကြောင်းပြေးဆွဲမှုပြန်လည်စတင်


ပြည်တွင်းသတင်း စာ - ၄


### ပွင့်လင်းရာသီရောက်လာပြီ မီးဘေးကြိုတင် ပြင်ဆင်ကာကွယ်ပါ


ဆောင်းပါး စာ - ၆




### အိန္ဒိယဝန်ကြီးချုပ် မိုဒီအပေါ် ရန်လိုသော ဘီဘီစီ မှတ်တမ်းရုပ်ရှင်ကို အိန္ဒိယ ပိတ်ပင်


နိုင်ငံတကာသတင်း စာ - ၁၂


## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၄၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၂၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ် စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိပါသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့ မှ ၂၉ ရက်နေ့အထိ


*စာမျက်နှာ ၃ ကော်လံ ၁* ✻

## ပြည်တွင်းအင်အားဖြင့် တည်ဆောက်ရမည့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ရေး

ပစ္စုပ္ပန်တွင် မြန်မာနိုင်ငံသည် ထူးခြားသော နိုင်ငံရေးအခြေအနေတစ်ရပ်ကို ဖြတ်သန်းနေရသည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပြီး ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးအပြောင်းအလဲနှင့်အတူ အကြမ်းဖက်တိုက်ခိုက်မှုများ နိုင်ငံအတွင်းရှိ ဒေသအချို့တွင် ဖြစ်ပွားလျက်ရှိသကဲ့သို့ အဖျက်အင်အားစုများက ပြည်ထောင်စုပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုပြိုကွဲရေး၊ အမျိုး၊ ဘာသာ၊ သာသနာနှင့် အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်များ ချိုးနှိမ်ရေးတို့ကို ပိုမို၍ အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြသည်ကို တွေ့ရသည်။ မျက်မှောက်ကမ္ဘာတွင် နိုင်ငံအသီးသီးတို့သည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သော နိုင်ငံများအဖြစ် ရပ်တည်ကြရာ၌ နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအတွက် ယှဉ်ပြိုင်ကြရသည့်အလျောက် အင်အားတောင့်တင်းသော နိုင်ငံများဖြစ်အောင် တည်ဆောက်ကြရသည်။ နိုင်ငံ၏ အင်အားအစစ်အမှန်သည် ပြည်တွင်းအင်အားသာလျှင်ဖြစ်ရာ မိမိတို့၏ ပြည်တွင်းအင်အား ချည့်နဲ့အောင်၊ ပြိုကွဲပျက်စီးအောင် ကြံစည်ကြိုးပမ်း ဆောင်ရွက်မှုများကို သတိပြုကာကွယ်တားဆီးသွားကြရန် လိုအပ်သည်။

တိုင်းရင်းသားလူမျိုးစုပေါင်း ၁၀၀ ကျော် အတူတကွနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံအဖို့ စည်းလုံးညီညွတ်ရေးသည် အသွေးနှင့်အသက်ပင်ဖြစ်သည်။ မိမိတို့နိုင်ငံသာမက အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံများတွင် လူမျိုးတစ်မျိုးတည်း နေထိုင်ကြခြင်းမဟုတ်သည်ကို တွေ့ရှိနိုင်သည်။ လူမျိုးစုပေါင်း ရာနှင့်ချီ နေထိုင်ကြပြီး ဘာသာစကားပေါင်း ရာနှင့်ချီ၍ ကွဲပြားစွာ ပြောဆိုကြကာ မတူကွဲပြားသည့် ဝတ်စားဆင်ယင်မှုများ၊ ဓလေ့ထုံးစံများ ရှိနေကြသော်လည်း ညီညီညွတ်ညွတ် နေထိုင်သည့် နိုင်ငံများစွာ၊ ပြည်ထောင်စုများစွာ ရှိကြသည်။ ညီညွတ်ခြင်းကြောင့် ငြိမ်းချမ်းကြသည်။ ငြိမ်းချမ်းခြင်းကြောင့် သာယာဝပြောကြသည်။ ဖွံ့ဖြိုးတိုးတက်ကြသည်။ နိုင်ငံတည်ငြိမ်အေးချမ်းပြီး စားနပ်ရိက္ခာ ဖူလုံပြည့်စုံ၍ ဖွံ့ဖြိုးတိုးတက်သည့်အခါ လူမှုဘဝများ မြင့်မားကြသည်။ ကျန်းမာကြံ့ခိုင်သူများ၊ ပညာမြင့်မားသူများ၊ ကိုယ်ကျင့်တရားကောင်းမွန်သူများ များပြားပြီး လူသားအရင်းအမြစ် ဖွံ့ဖြိုးကြသည်။ စည်းလုံးညီညွတ်မှုကင်းမဲ့ပြီး စစ်ပူနေသည့် အရပ်ဒေသ၊ တိုင်းပြည်တစ်ပြည်အဖို့မူ ယင်းကဲ့သို့သော ဖူလုံမှု၊ ပြည့်စုံမှု၊ ဖွံ့ဖြိုးမှုမျိုး အိပ်မက်ပင် မက်ရန်မလွယ်။

မိမိတို့နိုင်ငံသည် လွတ်လပ်ရေးသက်တမ်း ၇၅ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုသက်တမ်းအနေဖြင့် စိန်ရတုလွန်၍ ၇၆ နှစ်ကာလသို့ မကြာမီရောက်ရှိတော့မည်ဖြစ်သည်။ တောင်ပေါ်မြေပြန့်ဒေသအနှံ့တွင် နေထိုင်ကြသော ပြည်ထောင်စုဖွား ညီအစ်ကိုမောင်နှမများအကြား သွေးစည်းချစ်ခင် ညီညွတ်မှုတို့ကြောင့်သာ ပြည်ထောင်စုကြီး ဆက်လက်တည်တံ့နေခဲ့ခြင်း ဖြစ်သည်။ နယ်ချဲ့သွေးခွဲအုပ်ချုပ်စနစ်၏ လက်ကျန်သံသယတို့ ကင်းစင်ပျောက်ပြယ်၍ အကြားအလပ်မရှိ ပကတိခိုင်မြဲသော စည်းလုံးညီညွတ်မှုကို ရာနှုန်းပြည့်တည်ဆောက်နိုင်သည့် အနာဂတ်နေ့ရက်တွင် မြန်မာနိုင်ငံနှင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းတို့အပါအဝင် ၁၃၅ မျိုးသော မြန်မာတို့ ကမ္ဘာတွင် ဝင့်ထည်နိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။




## ၂၀၂၃ ခုနှစ်၊ (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

၂။ ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၃။ တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာဖူလုံစေရေး အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ်အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ လက်တွဲဆောင်ရွက်ရေး။

၄။ ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင်ဆောင်ရွက်ပေးရေး။

၅။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

### အများအားဖြင့် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၂၂

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မိုး/ဇလ

### တွဲလက်ခိုင်ကျည် ပေါင်းစုညီ ဒို့ညီနောင်ထု ပြည်ထောင်စု

## One Stop Service စနစ်ဖြင့် လိုင်စင်ဆောင်ရွက်ပေးမည့်အကြောင်း အသိပေး

ဖြူး ဇန်နဝါရီ ၂၂

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ယာဉ်စည်းကမ်း လမ်းစည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား One Stop Service စနစ်ဖြင့် လိုင်စင်ဆောင်ရွက်ပေးမည်ဖြစ်ရာ အသိပေးကြော်ငြာ ဆိုင်းဘုတ်စိုက်ထူခြင်းနှင့် အသိပေးစာစောင်များ ဖြန့်ဝေပေးခြင်းများကို ဇန်နဝါရီ ၂၁ ရက်က ဖြူးမြို့ပေါ် လူနေစည်ကားရာ ပဲခူးလမ်းမပေါ်တွင် ဆောင်ရွက်သည်။ (ယာပုံ)



အဆိုပါ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များကို One Stop Service စနစ်ဖြင့် လိုင်စင်ဆောင်ရွက်ပေးမည့်အစီအစဉ်သည် ဇန်နဝါရီ ၂၃ ရက်မှ ဖေဖော်ဝါရီ ၂၃ ရက်အထိ တောင်ငူခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြူးမြို့ယာဉ်စည်းကမ်း လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီ၏ အသိပေးကြေညာချက်အရ သိရသည်။ နေမျိုးလွင်(ပြန်/ဆက်)

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို သူနာပြုတက္ကသိုလ်(မန္တလေး) ပထမနှစ်သူနာပြုသိပ္ပံဘွဲ့(ပုံမှန်) (၁၁/၂၀၂၂) မောင်မယ်သစ်လွင်ကြိုဆိုပွဲသို့ တက်ရောက်




**မန္တလေး ဇန်နဝါရီ ၂၂**

သူနာပြုတက္ကသိုလ် (မန္တလေး) ၏ ပထမနှစ်သူနာပြုသိပ္ပံဘွဲ့ (ပုံမှန်) (၁၁/၂၀၂၂) သင်တန်းမောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို အဆိုပါတက္ကသိုလ်ရှိ တော်ဝင်သဇင်ခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနှင့် ဆက်နွယ်ဌာနများမှ တာဝန်ရှိသူများ၊ ဆေးနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ သူနာပြုအုပ်ကြီးများ၊ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီမှ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နေပြီး ဦးတည်ချက်များအနက် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို အလေးထား ဆောင်ရွက်နေကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တိုင်းအတွင်း တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အနီးကပ်အားဖြည့် ဆောင်ရွက်ပေးနေကြောင်း၊ ပြည်သူ့ဆေးရုံများကို အားကိုးအားထားပြုရသော ပြည်သူလူထုအတွက် ကျန်းမာရေးဝန်ဆောင်မှုများပေးနိုင်ရန် အစွမ်းကုန် ကြိုးပမ်းဖြည့်ဆည်းပေးနေကြောင်း၊ အရည်အသွေးပြည့်ဝသည့် သူနာပြုပညာရှင်များဖြစ်ရန် ကျယ်ကျယ်ပြန့်ပြန့် လေ့ကျင့်သင်ကြားမှုများအပြင် သူနာပြုဆိုင်ရာ သုတေသနများကို စဉ်ဆက်မပြတ် ပြုလုပ်နေရမည်ဖြစ်ပြီး သင်ယူခဲ့သည့် တက္ကသိုလ်၏ မျှော်မှန်းချက်များကို အကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း၊ သူနာပြုသစ္စာအဓိဋ္ဌာန် (၈) ချက်ကို လေးစားလိုက်နာ၍ ဂုဏ်သိက္ခာနှင့်အညီ ကျင့်ဝတ်များ စောင့်ထိန်းကာ တိုင်းပြည်အပေါ် သစ္စာရှိပြီး ပြည်သူလူထုအတွက် နှလုံးလှသူနာပြုများဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများ၏ ဂုဏ်ပြုသီချင်းများနှင့် တေးသီချင်းသရုပ်ဖော် ကပြမှုများ၊ တိုင်းရင်းသားရိုးရာအကများဖြင့် ကပြဖျော်ဖြေမှုများနှင့် Professional Uniform ဝတ်စားဆင်ယင်တင်ဆက်မှုများကို ကြည့်ရှုအားပေးကာ ကပြဖျော်ဖြေခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုငွေကျပ်သိန်း ၂၀ ချီးမြှင့်ခဲ့ပြီးနောက် စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ကူးကာ ရင်းနှီးစွာ နှုတ်ဆက်အားပေးစကားများ ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သူနာပြုတက္ကသိုလ် (မန္တလေး) ခြောက်ထပ်ဆောင် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်များ၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး) များ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြည်သူလူထုအတွက် ဦးတည်ပြီး သစ္စာရှိရှိ တာဝန်သိသိဖြင့် ထမ်းဆောင်နေကြသူများမှာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နေကြသူများဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့် အညီ ဝန်ထမ်း စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ ကြုံတွေ့နေရသည့် အခြေအနေများနှင့် ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးနေကြောင်း ပြောကြားခဲ့သည်။

**သတင်းစဉ်**



# ခန္တီးမြို့၌ နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကျင်းပ

**ခန္တီး ဇန်နဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို ဇန်နဝါရီ ၂၁ ရက် ညနေ ၄ နာရီက အဆိုပါရိုးရာကွင်း၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာသည့် ဧည့်သည်တော်များအား ရိုးရာအစားအသောက်များ၊ ရိုးရာခေါင်ရည်များဖြင့် တည်ခင်းဧည့်ခံပြီး ၂၀၂၃ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် အားကစားသမားများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရိုးရာမီးပုံပွဲပြုလုပ်ကာ တက်ရောက်လာသည့် နာဂမျိုးနွယ်စုအသီးသီးမှ ရိုးရာမြေဝိုင်းအက အလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ အဆိုပါနာဂရိုးရာပွဲတော်သို့ ခန္တီးတပ်နယ်မှူး ဗိုလ်မှူးကြီး သက်ထူးစံ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဝန်ထမ်းမိသားစုဝင်များ၊ နာဂရိုးရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

နာဂရိုးရာ နှစ်သစ်ကူးနေ့သည် တောင်ယာ၊ လယ်ယာလုပ်ငန်းများ ပြီးစီးသည့်အချိန်ဖြစ်၍ လုပ်ငန်းအတွေ့အကြုံ ဖလှယ်ခြင်း၊ ရှေ့လာမည့်နှစ်အတွက် လုပ်ငန်းများ ညှိနှိုင်းခြင်း၊ လုပ်မှား၊ ကိုင်မှား အပြစ်များဝန်ခံခြင်း၊ တောင်းပန်ခြင်း၊ လာမည့်နှစ်များတွင် ဆန်ရေစပါး ပေါများအောင် ဆုတောင်းခြင်း၊ ရပ်ဝေးဆွေမျိုးများနှင့် ပြန်လည်ဆုံတွေ့နိုင်ရန် ဆုတောင်းခြင်းများ ပြုလုပ်သည့်ပွဲတော်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# (၂၆) ကြိမ်မြောက် မြို့တော်ဂေါက်ကွင်း နှစ်ပတ်လည် အသင်းသားများ ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၂**

(၂၆) ကြိမ်မြောက် မြို့တော်ဂေါက်ကွင်း နှစ်ပတ်လည် အသင်းသားများ ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အင်းစိန်မြို့နယ် စဉ့်ငူရပ်ကွက် သီရိမင်္ဂလာလမ်းရှိ ရန်ကုန်မြို့တော် ဂေါက်ကွင်း (ငွေသော်တာ) ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး၊ မြို့တော်ဝန် (အငြိမ်းစား) ဦးအောင်သိန်းလင်း၊ မြို့တော်ဝန် (အငြိမ်းစား) ဦးလှမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးတို့က တစ်ဦးချင်းစီ ဂေါက်သီးရိုက် ဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် မြို့တော်ဂေါက်ကွင်းအတွင်း ဂေါက်သီးရိုက်ယှဉ်ပြိုင်နေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် မြို့တော်ဂေါက်ကွင်းအတွင်း ရေကန်မြေထိန်းနံရံတည်ဆောက်နေမှုကို လည်းကောင်း၊ ဇန်နဝါရီ ၂၀ ရက် ည ၈ နာရီခွဲက ပိုက်ပေါက်မှု ဖြစ်ပွားခဲ့သော မင်္ဂလာဒုံ၊ မရမ်းကုန်း၊ အင်းစိန်၊ လှိုင်၊ ကမာရွတ်၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ရန်ကင်း၊ တာမွေ၊ ဗဟန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်များနှင့် မြို့တွင်းမြို့နယ်များသို့ လှော်ကားရေလှောင်ကန်မှ ရေပေးဝေ သည့် ၆၆ လက်မ ကွန်ကရိပိုက်ပေါက် ပြင်ဆင်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြား ဖြည့်ဆည်းပေးသည်။

ထို့မှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) အဝင်လမ်းအကြား ပါရမီလမ်း မူလလေးလမ်းသွားလမ်းကို ခြောက်လမ်းသွား ရရှိအောင် လမ်းသားတိုးချဲ့ကွန်ကရစ်ခင်းကျင်းပြီးစီးမှု၊ တိုးချဲ့လမ်းနှင့် အင်းလျားလေး ကန်စပ်အကြား လူသွားစင်္ကြံစက်ဘီးလမ်း ပြုလုပ်ရန် မြေပြုပြင်နေမှု၊ အင်းလျားလေး ကန်ပေါင်မြေညှိပြုပြင်နေမှု၊ မြေအောက်လျှပ်စစ် ဓာတ်အားလိုင်းများ သွယ်တန်းနေမှုနှင့် လမ်းမီးတိုင်များ ရွှေ့ပြောင်းစိုက်ထူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

အခုလိုဆောင်ရွက်ပေးတဲ့အပေါ် လုပ်ငန်းရှင်တွေကိုယ်စား ကျေးဇူးတင်ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ် အကောင်အထည်ဖော် ဆောင်ရွက်စေချင်တဲ့ လုပ်ငန်းတွေကို အောင်မြင်ဖို့အတွက် ပြည်သူတစ်ဦးအနေနဲ့ တတ်နိုင်တဲ့ဘက်ကနေ ပူးပေါင်းပါဝင် ဆောင်ရွက်သွားမှာပါ။ လက်ရှိမှာ ရရှိတဲ့ ချေးငွေတွေနဲ့ အခုတည်ဆောက်နေတဲ့ ဆီစက်အပြင် ဒေသကထွက်တဲ့ မြေပဲတွေကို ဝယ်ယူသိုလှောင်ထားပါတယ်။ ဝယ်ယူသိုလှောင်ထားတဲ့ မြေပဲအနက်မှ အချို့ကိုတော့ ကြိတ်ခွဲပြီး ထွက်ရှိလာတဲ့ ဆီတွေကို ဒေသတွင်းမှာ ဖြန့်ဖြူးရောင်းချပေးလျက် ရှိပါတယ်" ဟု ဆီစက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်ဦး က ပြောသည်။

အဆိုပါတည်ဆောက်လျက်ရှိသည့် အဆင့်မီဆီစက်တည်ဆောက်ပြီးစီးသွားပါက တစ်နေ့လျှင် ပိဿာချိန် ၁၀၀၀ ထွက်ရှိမည်ဖြစ်ကာ ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများ စားသုံးဆီဖူလုံစွာ ဝယ်ယူသုံးစွဲနိုင်ပြီး ပြည်တွင်းသာမက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❋ *ရှေ့ဖုံးမှ*

ရန်ကုန်အထိုင်စျေး အခြေခံလက်ကား ရည်ညွှန်းစျေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၄၄၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပါသည်။

ထို့ပြင် ပြည်တွင်းစျေးကွက်အတွင်း စျေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ စျေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်း စျေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၂

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယမန်နေ့က မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် စိုက်ပျိုးရေးသိပ္ပံ (ပုသိမ်ကြီး) သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။**



ဒုတိယဝန်ကြီးနှင့်အဖွဲ့အား စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းလေ့ကျင့်ရေး သင်တန်းကျောင်းနှင့် စိုက်ပျိုးရေး သိပ္ပံဌာနခွဲ ညွှန်ကြားရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီးတို့က စိုက်ပျိုးရေးသိပ္ပံကျောင်း၏ စာတွေ့လက်တွေ့ သင်ကြားနေမှုကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လယ်ယာကဏ္ဍတွင် အရည်အချင်းပြည့်ဝသည့် လူ့အရင်းအမြစ်များ တိုးပွားလာရေးအတွက် အဓိကတာဝန်ယူ လေ့ကျင့်ပျိုးထောင်ပေးကြမည့် စိုက်ပျိုးရေး သိပ္ပံကျောင်းများ၊ မွေးမြူရေးဒီပလိုမာသင်တန်းများ အနေဖြင့် ထိရောက်သော သင်ကြားမှုပုံစံ၊ လက်တွေ့လုပ်ငန်းခွင်သို့ အသင့်ဝင်ရောက်နိုင်မည့် လေ့ကျင့်မှုပုံစံတို့ဖြင့် သင်ကြားနိုင်ရေး စီမံဆောင်ရွက်သွားကြစေလိုကြောင်း၊ ခေတ်မီစိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို အသက်မွေးဝမ်းကျောင်းလုပ်ငန်း အဖြစ် လက်တွေ့အသုံးချနိုင်မှုနှင့်အတူ နည်းပညာပြန့်ပွားရေး လုပ်ငန်းများတွင် အားကိုးအားထားပြုနိုင်သော အကျိုးဆောင် တောင်သူများဖြစ်စေရေး မျှော်မှန်းပြီး စနစ်တကျ လေ့ကျင့်သင်ကြားပေးရန် လိုကြောင်း မှာကြားသည်။

ထို့နောက် ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး စိုက်ပျိုးရေးသိပ္ပံကျောင်း၏ လက်တွေ့သင်ကြားမှု အထောက်အကူပြု မွေးမြူရေးခြံများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ မန္တလေးကော်ဖီအုပ်စု ကုမ္ပဏီလီမိတက်သို့ ရောက်ရှိကြပြီး ကော်ဖီထုတ်လုပ်မှုကို ကြည့်ရှုအားပေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြင်ဦးလွင်မြို့နယ် ဒိုးကွင်ဥယျာဉ်ခြံသို့ ရောက်ရှိပြီး ခြံတာဝန်ခံက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက အရည်အသွေးမြင့်မားပြီး အထွက်နှုန်း ကောင်းမွန်သည့် ဟင်းသီးဟင်းရွက် မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ရန်လိုကြောင်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်ခွစိုက်ပျိုးလိုသူများအား ခေတ်မီ စိုက်ပျိုးနည်းစနစ်များတီထွင် အသုံးပြုနိုင်ရေး လေ့ကျင့်ပညာပေးရန်နှင့် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်ရန် ဆွေးနွေးပြောကြားကာ ခြံတာဝန်ခံများအား စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ခြံအတွင်း စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါ ဒိုးကွင်ဥယျာဉ်ခြံသည် သစ်ခွမျိုးများ စုဆောင်းခြင်း၊ အရည်အသွေးကောင်း ဟင်းသီးဟင်းရွက်မျိုးစေ့များ ထုတ်လုပ်ခြင်း၊ ပြင်ဦးလွင် ပန်းမြို့တော် အထောက်အကူပြုခြံအနေဖြင့် ဒေသနှင့် ကိုက်ညီသောပန်းမျိုးများ သုတေသနပြု စိုက်ပျိုးခြင်းနှင့် ပွားများခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

**သတင်းစဉ်**

# ယူနန်ပြည်နယ် မန်စီနှင့် မန္တလေးမြို့အကြား တိုက်ရိုက်လေကြောင်းပြေးဆွဲမှု ပြန်လည်စတင်

**နေပြည်တော် ဇန်နဝါရီ ၂၂**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရပ်နားထားခဲ့သော Ruili လေကြောင်းလိုင်း၏ မန္တလေး-မန်စီ-မန္တလေး (DR-503) ခရီးစဉ်သည် ယမန်နေ့တွင် ယူနန်ပြည်နယ် မန်စီမြို့မှ မန္တလေးမြို့သို့ ပထမဦးဆုံးသော ခရီးစဉ်အဖြစ် ပြန်လည်ပြေးဆွဲခဲ့ကာ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ် (တံတားဦး) သို့ ညနေ ၄နာရီ မိနစ် ၅၀ တွင် ဆိုက်ရောက်ခဲ့သည်။



အဆိုပါ ခရီးစဉ်တွင် တရုတ်နိုင်ငံသား ၂၆ ဦး၊ မြန်မာနိုင်ငံသား ၂ ဦး၊ စုစုပေါင်း ၂၈ ဦး လိုက်ပါခဲ့ကြပြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမောင်မောင်ကျော်၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ် MJas (Mitsubishi Cooperation-Jalux) Airport Services Co.,Ltd မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး လိုက်ပါလာသည့် ခရီးသွားဧည့်သည်များ သွားလာလည်ပတ်ရာတွင် အဆင်ပြေစေရေးအတွက် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန သတင်းပြန်ကြားရေးကောင်တာ၌ ခရီးသွားဆိုင်ရာ သတင်းအချက်အလက်များအား ရှင်းလင်းပြောကြားပြီး အထောက်အကူပြု လက်ကမ်းစာစောင်များ၊ QR Code များကို ဖြန့်ဝေပေးသည်။

အဆိုပါလေယာဉ်ဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ် (တံတားဦး) မှ မန်စီမြို့သို့ တရုတ်နိုင်ငံသား ၂၅ ဦး၊ မြန်မာနိုင်ငံသား ၆ ဦး၊ စုစုပေါင်း ၃၁ ဦး လိုက်ပါ၍ ညနေ ၅ နာရီ မိနစ် ၄၀ တွင် ပြန်လည်ထွက်ခွာသွားသည်။

Ruili လေကြောင်းလိုင်းအနေဖြင့် မန်စီ-မန္တလေး-မန်စီ လေကြောင်းခရီးစဉ်ကို တစ်ပတ်လျှင် သုံးရက်နှုန်း အင်္ဂါ၊ ကြာသပတေး၊ စနေနေ့များတွင် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❑ *ရှေ့ဖုံးမှ*

ထို့အတူ အမှတ် (၆၂) အစုန် အမြန်ရထားသည် ပုဂံဘူတာမှ ညနေ ၄ နာရီ ၁၅ မိနစ်တွင် ထွက်ခွာပြီး ရန်ကုန်ဘူတာသို့ နောက်တစ်နေ့ မွန်းတည့် ၁၂ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။ လမ်းခရီးတွင် ၂၃ ဘူတာ ရပ်တန့်ပေးမည်ဖြစ်ပြီး ၎င်းဘူတာများမှာ သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ္တလင်း၊ ပေါင်းတည်၊ ပုတီးကုန်း၊ သဲကုန်း၊ ဆင်မြီးဆွဲ၊ ရွှေတံခါး၊ အောင်လံ၊ ဆတ်သွား၊ တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက်၊ လေးအိမ်၊ သာမြား၊ ပင်းချောင်း၊ ကျောက်ပန်းတောင်း၊ ငါ့မင်းမေး၊ စုတည်ဘူတာတို့ ဖြစ်သည်။

အမှတ် (၆၁) အဆန်/(၆၂)အစုန် ရန်ကုန်-ပုဂံ-ရန်ကုန် အမြန်ရထားအား ရိုးရိုးတန်း ငါးတွဲ၊ အထက်တန်းတွဲတစ်တွဲ၊ အထက်တန်းအိပ်စင်တစ်တွဲ၊ ဘရိတ်တွဲတစ်တွဲတို့ဖြင့် တွဲဆိုင်းဖွဲ့စည်းပြေးဆွဲပေးမည်ဖြစ်ပြီး ရထားလက်မှတ်ခမှာ ရိုးရိုးတန်း ငွေကျပ် ၇၂၀၀၊ အထက်တန်း ထိုင်ခုံ ငွေကျပ် ၁၄၄၀၀ နှင့် အထက်တန်းအိပ်စင် ငွေကျပ် ၁၉၈၀၀ ဖြစ်သည်။

ရန်ကုန်ဘူတာကြီးအနေဖြင့် အထက်တန်း လက်မှတ်များအား သုံးရက်ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်များအား တစ်ရက်ကြိုတင်၍ လည်းကောင်း လက်မှတ်ရုံများတွင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**အာကာလင်း**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပဲတီစိမ်းနှင့် နှမ်းစပါးစီမံကိန်းများ အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်း

**ကျောက်ဆည် ဇန်နဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့၌ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ပြီးတစ်ဦးချင်း ဝင်ငွေတိုးတက်စေရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပဲတီစိမ်းနှင့် နှမ်းစပါးစီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ခရိုင်အဆင့်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ခေတ္တ ခရိုင်အုပ်ချုပ်ရေးမှူး ဦးငွေတိုးက နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ပြီး တစ်ဦးချင်း ဝင်ငွေတိုးတက်စေရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပဲတီစိမ်းနှင့် နှမ်းစပါး စီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ခရိုင်/မြို့နယ်အဆင့် လုပ်ငန်းကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းထားပြီးဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးချစ်ဆွေဦးက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ပဲတီစိမ်းနှင့် နှမ်းစပါး စီမံကိန်းများ အောင်မြင်ရေး အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ကျောက်ဆည်ခရိုင်အနေဖြင့် စီမံကိန်းလုပ်ငန်းများကို ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားမြို့နယ်များမှ ကျေးရွာအုပ်စု လေးအုပ်စု၊ တောင်သူ ၁၀၄ ဦး၊ သီးနှံစိုက်ဧက ၄၂၆ ဧကတွင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



## သာယာဝတီမြို့၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ အစီအစဉ်ဖြင့် နွေစပါးစိုက်တောင်သူများအား သွင်းအားစုပစ္စည်းများ ပေးအပ်

**သာယာဝတီ ဇန်နဝါရီ ၂၂**

သာယာဝတီမြို့၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ အစီအစဉ်ဖြင့် နွေစပါးစိုက် တောင်သူများအား သွင်းအားစုပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၀ ရက်က ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကား ပြောကြားပြီး သာယာဝတီမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေအစီအစဉ်ဖြင့် နွေစပါးစိုက်ပျိုးမည့်တောင်သူများအားတောင်သူစိတ်ကြိုက် လိုအပ်သော မျိုးစပါး၊ ယူရီးယား+ကွန်ပေါင်း ဓာတ်မြေဩဇာ၊ ရွက်ဖျန်းမြေဩဇာ၊ မှိုသတ်ဆေးနှင့် ပေါင်းသတ်ဆေးများကို ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်းလှမြို့နယ် ကိုင်းပြင်ကြီးကျေးရွာနှင့် လက်ပံတန်းမြို့နယ် ကျွန်းကလေးကျေးရွာတို့ရှိ ဆောင်းနေကြာသီးသန့်စံပြကွက်များအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လက်ပံတန်းမြို့နယ် ဂွေးတောက်ကွင်းကျေးရွာအနီး နွေစပါးစိုက်ဧက ၁၅၆၇ ဧကအတွက် စိုက်ပျိုးရေရရှိရေး တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် ကံတင်ဘီးလင်းဆည်ရေသောက်၊ လက်တံမြောင်း (၃)၊ (၃)၊ (၆) မြေသားတူးဖော် ပေါင်ဆင့်ခြင်း လုပ်ငန်းအားကြည့်ရှုစစ်ဆေးခဲ့ပြီး တူးမြောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး အမှိုက်နှင့် မြက်ပင်များအား စဉ်ဆက်မပြတ် ရှင်းလင်းဆောင်ရွက်ရန်နှင့် မြေသားတူးမြောင်းအား ရေရှည်အသုံးပြုနိုင်စေရေး ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သာယာဝတီမြို့ Smart Home Co., Ltd မှ ထုတ်လုပ်လျက်ရှိသော အိမ်သုံး/စက်ရုံသုံး ကြွေပြားပစ္စည်းအမျိုးမျိုးအရောင်းဆိုင်သို့ ရောက်ရှိခဲ့ပြီး ပြည်ပသွင်းကုန် လျှော့ချနိုင်ရေး၊ ပြည်တွင်းထွက် ကုန်ကြမ်းပစ္စည်းများဖြင့် ပြည်ပဈေးကွက်ကို ယှဉ်ပြိုင်နိုင်သည့် ကြွေပြားအမျိုးမျိုး ထုတ်လုပ်ရောင်းချနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သာယာဝတီမြို့ နွေစပါး မျိုးစေ့ချကိရိယာ (Drum Seeder) ဖြင့် ဗီယက်နမ်မျိုး နွေစပါးစိုက်ပျိုးနေမှုအား ကြည့်ရှုအားပေးခဲ့ပြီး ကျေးလက်နေတောင်သူများ၏ လူမှုစီးပွားဘဝများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း စိုက်ပျိုးရေရရှိရေးနှင့် သွင်းအားစုပစ္စည်းများ ဈေးနှုန်းသက်သာစွာရရှိရေး ဆောင်ရွက်ပေးလျက်ရှိသည့် အစီအစဉ်များကို ဒေသခံတောင်သူများအား ရှင်းလင်းပြောကြားခဲ့သည်။ **တင်စိုး(ပဲခူး)**

## မြဝတီမြို့၌ လူငယ်စကားဝိုင်း ကျင်းပ

**မြဝတီ ဇန်နဝါရီ ၂၂**

မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၂၀ ရက်က အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)၌ ကျင်းပသည်။ **(အောက်ပုံ)**

ဆွေးနွေးပွဲတွင် မြဝတီမြို့ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) အောင်မြေရွှေဘုံမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းလဲ့စိမ်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီက လူငယ်စကားဝိုင်းများကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြဝတီမြို့ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) အောင်မြင်ရွှေဘုံမှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် နည်းပညာ စသည့်ခေါင်းစဉ်များအလိုက် ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်း ပြသထားသည့် စာအုပ်စာစောင်နှင့် နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



## ကျိုင်းတုံမြို့နယ် လွိုင်မွေဒေသ ချယ်ရီပန်းပွဲတော်သို့ လာရောက်လည်ပတ်သူများဖြင့် စည်ကား

**ကျိုင်းတုံ ဇန်နဝါရီ ၂၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) လွိုင်မွေဒေသ ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် ချယ်ရီပင်များ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးတို့အတွက် ချယ်ရီပန်းပွဲတော် (၂၀၂၃) ကို ဇန်နဝါရီ ၁၉ ရက်မှ ၂၃ ရက်အထိ လွိုင်မွေတောင်စခန်း စတုရဋ္ဌသုမင်္ဂလာ စေတီတော်အနီး ချယ်ရီပင်တန်းတွင် ကျင်းပလျက်ရှိရာ လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ပွဲတော်ကျင်းပရာ ချယ်ရီပင်တန်းတစ်လျှောက်တွင် ရပ်နီးရပ်ဝေးမှ လာရောက်လည်ပတ်ကြသူများက အစုလိုက်အပြုံလိုက်ပွင့်နေသည့် ချယ်ရီပင်များအား ကြည့်ရှု၍ အလှဓာတ်ပုံရိုက်ကြသူများ၊ ချယ်ရီပင်တန်းအနီး မြက်ခင်းပြင်တွင် အပန်းဖြေကြသူများ၊ ရိုးရာအစားအစာ၊ ရိုးရာဝတ်စုံ၊ ဒေသထွက်ကုန်များ ရောင်းချသူများဖြင့် စည်ကားလျက်ရှိပြီး ဒေသအဆိုတော်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေလျက်ရှိသည်။ ထို့အပြင် လွိုင်မွေကန်ပတ်လည်နှင့် လွိုင်မွေအထင်ကရ နှစ်တစ်ရာစံအိမ်နေရာများတွင် လာရောက်လည်ပတ်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**



## တွန်းဇံ၌ မြစိမ်းရောင်ကော်မတီဝင်များနှင့် လုပ်ငန်းညှိနှိုင်း

**တွန်းဇံ ဇန်နဝါရီ ၂၂**

ချင်းပြည်နယ် တွန်းဇံမြို့၌ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အရင်းမပျောက် မတည်လည်ပတ်ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင် ကျေးရွာစီမံကိန်းကျေးရွာများဖြစ်သည့် တွန်းဇံမြို့နယ် တွီးမွီကျေးရွာနှင့် တွီးမန်ကျေးရွာများတွင် မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၁ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ကျိန်ဒိုးလျန်းက မြစိမ်းရောင် ရန်ပုံငွေနှင့်ပတ်သက်၍ ရည်ရွယ်ချက်များကို ပြောကြားပြီး တွီးမွီကျေးရွာကော်မတီဝင် တစ်ဦးက ရန်ပုံငွေသုံးစွဲမှုနှင့် လုပ်ငန်းလည်ပတ်မှု အခြေအနေကို ရှင်းလင်းတင်ပြပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးထောင်းဆွင်းမုန်က ငွေစာရင်း ထိန်းသိမ်းမှုများ စစ်ဆေးခြင်းနှင့် လိုအပ်သည့် စာရင်းဇယားများ ဖြည့်ဆည်းပေးခဲ့ကြောင်း မြို့နယ်ကျေးလက်ဦးစီးဌာနထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

# ပွင့်လင်းရာသီရောက်လာပြီ မီးဘေးကြိုတင်ပြင်ဆင်ကာကွယ်ပါ

**မေယုမျိုးအောင် (MANA)**

**ဩစတြေးလျတွင် Black Summer ဟု အမည်ပေးထားသည့် တောမီးအကြီးအကျယ် လောင်ကျွမ်းခဲ့မှုမှာ ထင်ရှားသည့်ဖြစ်ရပ်ဖြစ်သည်။ ၂၀၁၉ ဇွန်လမှ ၂၀၂၀ မေလအထိ တစ်နှစ်နီးပါးလောင်ခဲ့သော အဆိုပါတောမီးကြောင့် နို့တိုက်သတ္တဝါ ၁၄၃ သန်း၊ တွားသွားသတ္တဝါ ၂၄၆ သန်း၊ ငှက်အကောင်ရေသန်း ၁၈၀ နှင့် ဖားအကောင်ရေ ၅၁ သန်းအထိ မီးလောင်သေဆုံးမှု သို့မဟုတ် စားကျက်မြေ စွန့်ခွာထွက်ပြေးရမှုများ ဖြစ်ပေါ်ခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းဌာနက ဖော်ပြခဲ့သည်။ ခေတ်သစ်သမိုင်းတစ်လျှောက်တွင် လူထောင်နှင့်ချီကာ နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရသည့် တောမီးအန္တရာယ်လည်းဖြစ်သည်။**

မျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝန်း၌ သဘာဝဘေးအမျိုးမျိုး ဖြစ်ပေါ်လျက်ရှိရာ တောမီးလောင်ကျွမ်းခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ တောမီးများသည် သဘာဝဂေဟစနစ်ကို အကြီးအကျယ်ပျက်စီးစေပြီး စီးပွားရေးနှင့် လူမှုရေး ထိခိုက်မှုများကို ဖြစ်ပေါ်စေသည်။ ဇီဝမျိုးစုံမျိုးကွဲများနှင့် မျိုးစိတ်များအတွက် ကျက်စားစရာနေရာများ ဆုံးရှုံးခြင်း၊ ပိုင်ဆိုင်မှုများ ဆုံးရှုံးခြင်းနှင့် လူတို့၏အသက်ဆုံးရှုံးခြင်း စသည့်ဆုံးရှုံးမှုများအပြင် နိုင်ငံ၏ လူမှုစီးပွားဘဝတစ်ခုလုံးကိုလည်း ထိခိုက်စေသည်။



၂၀၂၀ ပြည့်နှစ်က သံဈေးမီးလောင်မှုတွင် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို တစ်ပြိုင်တည်းဆောင်ရွက်စဉ်။

## တောမီးလောင်ခြင်း

မြန်မာနိုင်ငံတွင်လည်း သစ်တောများရှိရာ ဒေသအချို့၌ တောမီးများ လောင်ကျွမ်းလေ့ရှိသည်။ ခြောက်သွေ့ရာသီတွင် အရွက်ကြွေသော ရွက်ကြွေတောသည် မြန်မာနိုင်ငံ၌ အဓိက တွေ့ရသော သစ်တောအမျိုးအစားဖြစ်ကာ တောမီးသည် ယင်းဒေသအချို့၌ ခြောက်သွေ့ရာသီဖြစ်သော ဒီဇင်ဘာလမှ မေလကြား အများဆုံးဖြစ်ပွားလေ့ရှိသည်။ မြေလျှပ်မီးများသာဖြစ်၍ ကျယ်ပြန့်စွာ ကူးစက်နိုင်သော်လည်း ပြင်းထန်စွာလောင်ကျွမ်းလေ့မရှိပေ။

တောမီးလောင်ခြင်းသည် အဓိကအားဖြင့် သဘာဝနှင့် လူ့ပယောဂတို့ကြောင့်ဖြစ်သည်။ မိုးကြိုးပစ်ခြင်း၊ ဝါးပင်တစ်ပင်နှင့် တစ်ပင် ပွတ်တိုက်ခြင်း စသော သဘာဝအကြောင်းတစ်ခုခုကြောင့် ဖြစ်ပွားလေ့ရှိသော်လည်း အလွန်ဖြစ်ခဲသည့် ကိစ္စဖြစ်သည်။ အများစုမှာ တောင်ယာမီးရှို့ခြင်း၊ မီးရှို့တောချောက်၍ အမဲလိုက်ခြင်း၊ တောတွင်းဝင်ရောက်သူတို့ ဆေးလိပ်သောက်ခြင်း၊ ချက်ပြုတ်ခြင်း စသည်ဖြင့် မီးအသုံးပြုပြီး စနစ်တကျ ငြိမ်းသတ်မှုမရှိခြင်း၊ သစ်စေးစုဆောင်းသူတို့က ပင်စည်များကို မီးမြှိုက်ခြင်း၊ မြက်နုထွက်စေရန် စားကျက်မီးရှို့ခြင်း စသောလူ့ပယောဂများကြောင့် တောမီးလောင်ကျွမ်းမှုက အဖြစ်ပိုများကြောင်း သိရသည်။

## မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့

ပြည်သူလူထုအား မီးဘေးအပါအဝင် သဘာဝဘေးအန္တရာယ်များ ကျရောက်သည့်အခါ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရန် ရည်ရွယ်ကာ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းထားရာ မီးသတ်တပ်ဖွဲ့ဝင်များ အနေဖြင့် စွမ်းရည်မြင့်မားပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ယာဉ်များနှင့် စက်ပစ္စည်းများမှာလည်း ခေတ်နှင့်အညီ ကောင်းမွန်ပြည့်စုံရန် အထူးလိုအပ်သည်။ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပါက တုံ့ပြန်ရေး၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ယုံကြည်မှုအပြည့်၊ လုံခြုံမှုအပြည့်ဖြင့် မြန်မြန်ဆန်ဆန် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် စွမ်းရည်ပြည့်သည့် တပ်ဖွဲ့ဝင်များအပြင် နိုင်ငံတကာအဆင့်မီ ခေတ်မီယာဉ်ယန္တရားများနှင့် ဆက်စပ်ပစ္စည်းကိရိယာများ ပိုင်ဆိုင်မှုသည် လွန်စွာအရေးပါသည့် အခန်းကဏ္ဍတစ်ခုဖြစ်သည်။

မြန်မာနိုင်ငံအတွင်း မီးဘေးအပါအဝင် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက အလျင်အမြန်တုံ့ပြန်ဆောင်ရွက်ရန်အတွက် ပိုလန်နိုင်ငံအစိုးရနောက်ခံအခြေပြု ဥရောပသမဂ္ဂ၏တစ်စိတ်တစ်ပိုင်းကူညီထောက်ပံ့မှု ချေးငွေအစီအစဉ်ဖြင့် ယူရိုသန်း ၅၀ တန်ဖိုးရှိ ခေတ်မီအဆင့်မြင့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးယာဉ်များ၊ စက်ကိရိယာများနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူဖြည့်ဆည်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

## မီးကိုဂရုပြုသုံးစွဲသင့်

နှစ်စဉ် မီးလောင်မှုများကြောင့် မလိုလားအပ်သော အသက်၊ အိုးအိမ်၊ စည်းစိမ်များ ဆုံးရှုံးရမှု လျော့နည်းပြီး တဖြည်းဖြည်း ပပျောက်သွားစေရန် လူတိုင်း မီးကိုဂရုပြုသုံးစွဲသင့်သည်။ ရန်ကုန်မြို့တော်တွင် အထပ်မြင့်အဆောက်အအုံများ ပေါ်များလာရာ အထပ်မြင့် အဆောက်အအုံများတွင် လေဝင်လေထွက်ကောင်းမွန်အောင် စီမံဆောင်ရွက်သင့်ကြောင်း သိရသည်။ မီးသတ်ဦးစီးဌာနသည် မီးဘေးအန္တရာယ်ကို ပြည်သူအများက ဂရုပြုလာစေရေးနှင့် မီးဘေးကြိုတင် ကာကွယ်ရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသော်လည်း ပြည်သူများ လိုက်နာမှုအားနည်းကြောင်း တွေ့ရသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်၏ ထုတ်ပြန်ချက်အရ နိုင်ငံတစ်ဝန်းတွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီမှ ဒီဇင်ဘာ ၁၁ ရက်အထိ မီးလောင်ကျွမ်းမှု ၂၀၃၁ ကြိမ် ဖြစ်ပွားခဲ့ပြီး မီးလောင်မှုများကြောင့် ၇၈ ဦး သေဆုံးကာ လူ ၆၀၀၀ ကျော် မီးဘေးဒုက္ခရောက်ခဲ့ရကြောင်းနှင့် ကျပ်သန်းပေါင်း ၂၈၀၀ ဆုံးရှုံးခဲ့ကြောင်း ဖော်ပြထားသည်။ ၂၀၁၈ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း၌ မီးလောင်ကျွမ်းမှု ၁၇၃၉ ကြိမ် ဖြစ်ပွားခဲ့ပြီး ၆၇ ဦးသေဆုံးကာ လူ ၁၈၀၀ ကျော် မီးဘေးဒုက္ခရောက်ခဲ့သဖြင့် ၂၀၁၉ ခုနှစ်သည် မီးလောင်မှုနှင့် ဆုံးရှုံးမှုတန်ဖိုး ပိုမိုများပြားခဲ့သည့်နှစ်ဖြစ်သည်။

## ဈေးကြီးများ၏ မီးလောင်မှု

မြန်မာနိုင်ငံတွင် လောင်ကျွမ်းခဲ့သော မီးဘေးများအနက် မြို့ကြီးများရှိ ဈေးကြီးများ၏ မီးလောင်မှုသည် သာမန်မီးလောင်မှုထက် ဆုံးရှုံးမှု ပိုများစေသည်။ ၂၀၁၆ ခုနှစ် နှစ်ဆန်းက ဖြစ်ပွားခဲ့သော ရန်ကုန်မြို့ရှိ အဆင့်မြင့်မင်္ဂလာဈေး မီးလောင်မှုကြောင့် စုစုပေါင်းဆုံးရှုံးမှု ခန့်မှန်းတန်ဖိုး ကျပ်သိန်းပေါင်း ၃၆၀၆၀၂ အထိ ရှိခဲ့သည်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်းကလည်း မန္တလေးရတနာပုံဈေး မီးလောင်မှုဖြစ်ပွားခဲ့ရာ ကျပ်သန်းပေါင်း ၂၀၀၀ ကျော်ဖိုး ဆုံးရှုံးခဲ့ရသည်။

တာဝန်ရှိသူများအနေဖြင့် ဖြစ်ပွားခဲ့ပြီးသော မီးလောင်ဆုံးရှုံးမှုများကို နမူနာယူ၍ မြန်မာနိုင်ငံတစ်ဝန်းရှိ ဈေးကြီးအသီးသီးအတွက် မီးဘေးအန္တရာယ်လုံခြုံမှုကို မည်သို့မည်ပုံ ကြိုတင်ပြင်ဆင်ထားသနည်းဟူသည့်အချက်မှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအတွင်း ဖြစ်ပွားခဲ့သည့် လသာမြို့နယ် လမ်းမတော်လမ်း ၁၂ ထပ်ခွဲ သံဈေးအဆောက်အအုံ မီးလောင်မှုတွင် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏သမိုင်းတစ်လျှောက် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဟန်ချက်ညီစွာ တစ်ပြိုင်တည်း ဆောင်ရွက်နိုင်ခဲ့သည်။ အဆိုပါ အဆောက်အအုံ မီးလောင်မှု၌ လူဦးရေအများဆုံး ၈၅ ဦးအထိ ဘေးအန္တရာယ်ကင်းရှင်းစွာ ကယ်ဆယ်ရွှေ့ထုတ်နိုင်ခဲ့သည်။ ထိုသို့ဆောင်ရွက်နိုင်ခြင်းမှာ စွမ်းဆောင်ရည်မြင့်မားသည့် ခေတ်မီ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ယာဉ်များနှင့် စက်ပစ္စည်းကိရိယာများ၏ အကျိုးကျေးဇူးပင်ဖြစ်သည်။

## ဆုံးရှုံးမှုကြီးမားလေ့ရှိ

နိုင်ငံတစ်ဝန်းရှိ မြို့ကြီးပြကြီးများသည် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အထပ်မြင့် လူနေအဆောက်အအုံများ၊ ဟိုတယ်နှင့် ဈေးကြီးများ၊ လူနေရပ်ကွက်အသစ်များ ပိုမိုများပြားလာသည်။ အိုးအိမ်အဆောက်အအုံများ နီးကပ်စွာ တည်ဆောက်လာခြင်း၊ လျှပ်စစ်ပစ္စည်းများ အသုံးပြုမှုများပြားခြင်း၊ မီးလောင်ပေါက်ကွဲစေတတ်သည့်ပစ္စည်း၊ လောင်စာများကို ရပ်ကွက်များအတွင်း တရားမဝင် သိုလှောင်ရောင်းချခြင်း၊ လမ်းများ ကျဉ်းမြောင်းမှုကြောင့် မီးသတ်ယာဉ်များ ဝင်/ ထွက် သွားလာရန် ခက်ခဲခြင်း၊ လမ်းကြားရှိ မီးတားကွက်များအပေါ် လူနေအဆောက်အအုံများ ဆောက်လုပ်လာခြင်းနှင့် မီးငြိမ်းသတ်ရန် ရေရရှိမှု အစီအမံများ အားနည်းနေခြင်းတို့ကြောင့် မီးလောင်မှုကို ပိုမိုဖြစ်ပွားလာပြီး ဖြစ်ပွားပါကလည်း ဆုံးရှုံးမှုကြီးမားလေ့ရှိသည်။ မြန်မာနိုင်ငံသည် မီးလောင်မှု အကြိမ်ရေ နည်းသော်လည်း ဆုံးရှုံးမှုကြီးမားနေဆဲဖြစ်သည်။

အိမ်တိုင်းမှာ လျှပ်စစ်အသုံးပြု လူသုံးပစ္စည်းများကို အသုံးပြုလာလျက်ရှိရာ ပွင့်လင်းရာသီကဲ့သို့ ပူအိုက်သောရာသီဥတုတွင် လျှပ်စစ်ပစ္စည်းများကို ပိုမိုအသုံးပြုလေ့ရှိသည်ကို တွေ့ရသည်။ အချို့သော လျှပ်စစ်ပစ္စည်းများ၏ စံချိန်စံညွှန်း မပြည့်မီခြင်းနှင့် ဝိုင်ယာကြိုးများ ဟောင်းနွမ်းဆွေးမြည့်နေခြင်း စသော အခြေအနေများက လျှပ်စစ်ဝိုင်ယာရှော့ခ်ကြောင့် မီးလောင်မှု ဖြစ်ပွားစေရန် ဖန်တီးပေးလျက်ရှိသည်ကို သတိပြုရန် လိုအပ်သည်။ ယင်းအပြင် လျှပ်စစ်ဓာတ်အားမလုံလောက်မှုများကြောင့် မကြာခဏဆိုသကဲ့သို့ လျှပ်စစ်မီးပြတ်တောက်ခြင်း၊ ဝန်အားမမျှတခြင်းနှင့် လျှပ်စစ်မီးသုံးစွဲစဉ် မီးပြတ်ရာမှ လျှပ်စစ်မီးခလုတ်များကို ပြန်လည်ပိတ်ရန် မေ့လျော့ခြင်း စသောအခြေအနေများကြောင့်လည်း မီးလောင်မှုများ ဖြစ်ပွားနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

## ပေါ့ဆမှုကြောင့် မီးလောင်မှုအများဆုံးဖြစ်

ပွင့်လင်းရာသီကာလတွင် မီးလောင်မှုများမဖြစ်ပွားစေရေးနှင့် မီးပေါ့ဆမှုကြောင့် မိမိနေအိမ်နှင့် မိသားစုဝင်များသာမက အခြားသော နေအိမ်များနှင့် မိသားစုဝင်များ အတိဒုက္ခမရောက်ရှိစေရေးအတွက် မီးကိုသတိပြုသုံးစွဲရန်နှင့် အိမ်တိုင်းတွင် မီးဘေးကြိုတင်ကာကွယ်ရေး အစီအမံများ ထားရှိရန် လိုအပ်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဖြစ်ပွားသော မီးလောင်မှုများတွင် ပေါ့ဆမှုကြောင့် လောင်ကျွမ်းသော မီးလောင်မှုများမှာ အများဆုံးဖြစ်ကြောင်း သက်ဆိုင်ရာဌာန၏ သုံးသပ်ချက်များအရ သိရသည်။

*စာမျက်နှာ ၇ သို့*

**❖ ပွင့်လင်းရာသီကဲ့သို့ ပူအိုက်သောရာသီဥတုတွင် လျှပ်စစ်ပစ္စည်းများကို ပိုမိုအသုံးပြုလေ့ရှိသည်ကို တွေ့ရသည်။ အချို့သော လျှပ်စစ်ပစ္စည်းများ၏ စံချိန်စံညွှန်း မပြည့်မီခြင်းနှင့် ဝိုင်ယာကြိုးများ ဟောင်းနွမ်းဆွေးမြည့်နေခြင်း စသော အခြေအနေများက လျှပ်စစ်ဝိုင်ယာရှော့ခ်ကြောင့် မီးလောင်မှုဖြစ်ပွားစေရန် ဖန်တီးပေးလျက် ရှိသည်ကို သတိပြုရန် လိုအပ်သည်။ ယင်းအပြင် လျှပ်စစ်ဓာတ်အား မလုံလောက်မှုများကြောင့် မကြာခဏဆိုသကဲ့သို့ လျှပ်စစ်မီးပြတ်တောက်ခြင်း၊ ဝန်အားမမျှတခြင်းနှင့် လျှပ်စစ်မီးသုံးစွဲစဉ် မီးပြတ်ရာမှ လျှပ်စစ်မီးခလုတ်များကို ပြန်လည်ပိတ်ရန် မေ့လျော့ခြင်း စသောအခြေအနေများကြောင့်လည်း မီးလောင်မှုများ ဖြစ်ပွားနိုင်သည်ကို သတိပြုရမည်ဖြစ်သည်**

# တိုင်ကြားနိုင်ပါသည်

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေးဖောက်ဖျက်ခံရမှုများနှင့်ပတ်သက်၍ တိုင်ကြားစာများကို လက်ခံလျက်ရှိပြီး ယင်းတိုင်ကြားစာများကို စိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ညှိနှိုင်းဖြေရှင်းပေးခြင်းများနှင့် သက်ဆိုင်ရာဌာနများသို့ ဖြေရှင်းကုစားပေးရန် တိုက်တွန်းအကြံပြုခြင်းများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးကို ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသည့် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များတွင် ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက ကိုယ်တိုင်အတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း **ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**သို့ လိပ်မူ၍ မှတ်ပုံတင်စာဖြင့်ဖြစ်စေ၊ ကော်မရှင်ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ **ဖက်စ် -၀၁- ၆၅၄၆၇၈ နှင့် ကော်မရှင် website ဖြစ်သော www.mnhrc.org.mm** တို့မှတစ်ဆင့်ဖြစ်စေ တိုင်ကြားနိုင်ပါသည်။

၃။ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများတွင် ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး၊ မသန်စွမ်းသူများအခွင့်အရေး ဖောက်ဖျက်ခံရခြင်းများလည်း အကျုံးဝင်ပါသဖြင့် နိုင်ငံအနှံ့အပြားတွင် ကလေးသူငယ်၊ မသန်စွမ်းနှင့် အမျိုးသမီးအခွင့်အရေး ချိုးဖောက်ခြင်းများ ခံစားကြုံတွေ့ရပါက ကော်မရှင်သို့ ကိုယ်တိုင်ဖြစ်စေ၊ တာဝန်သိသူတစ်ဦးဦးမှ ကိုယ်စားပြု၍ဖြစ်စေ တိုင်တန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

၄။ တိုင်တန်းရာတွင် အောက်ပါအချက်အလက်များ ပြည့်စုံစွာဖော်ပြရမည်ဖြစ်ပါသည်-

(က) တိုင်တန်းသူ၏အမည်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ၊ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်တန်းသူသည် မည်ကဲ့သို့ မူလအခွင့်အရေး ဖောက်ဖျက်ခံရကြောင်း အချက်အလက်များဖြင့် အမှုနှင့်သက်ဆိုင်သော အထောက်အထားများ ပူးတွဲလျက် ပြည့်စုံစွာဖော်ပြရန်၊

(ဂ) တိုင်တန်းဖော်ပြချက်သည် မှန်ကန်စွာရေးသား ဖော်ပြခြင်းဖြစ်ကြောင်း ဝန်ခံချက် လက်မှတ်ရေးထိုးရန်၊

(ဃ) တိုင်တန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ။

၅။ ယခုအခါ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ ပေးပို့လာသော တိုင်တန်းချက်များတွင် **နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ မပါရှိခြင်းများ တွေ့ရှိနေရပါသဖြင့်** တိုင်ကြားသူများအနေဖြင့် မိမိတို့၏ တိုင်တန်းချက်တွင် **နိုင်ငံသားစိစစ်ရေးကတ်မိတ္တူကို မဖြစ်မနေ ပူးတွဲပေးပို့ပါရန်**လည်း အလေးအနက် တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၂၂**

Campana Mythic Co.,Ltd သည် မြန်မာ- စင်ကာပူ အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေအောက် ဖိုင်ဘာကေဘယ်သွယ်တန်းခြင်း လုပ်ငန်းကို ရေအောက်ကေဘယ်ချခင်းသည့် သင်္ဘော CS. Nusantara Explorer ဖြင့် မြန်မာအထူးသီးသန့် စီးပွားရေးဇုန်အတွင်း ဆောင်ရွက်သွားမည့် ဧရိယာများဖြစ်သော မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၆ ဒသမ ၄၁၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၃ ဒသမ ၅၂၅ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၂ ဒသမ ၃၈၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၁ ဒသမ ၃၄၅ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇ ဒသမ ၃၈၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၂ ဒသမ ၄၁၇ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇ ဒသမ ၆၆၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၃ ဒသမ ၀၅၇ မိနစ် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၄ ဒသမ ၈၅၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၃ ဒသမ ၄၃၃ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ ဒသမ ၈၃၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၁ ဒသမ ၃၃၆ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၆ ဒသမ ၆၃၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၂ ဒသမ ၁၀၉ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇ ဒသမ ၁၆၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၂ ဒသမ ၄၁၃ မိနစ်တို့အတွင်းတွင် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၉ ရက်မှ ၂၀၂၃ ခုနှစ် ဧပြီ ၁၅ ရက်အထိ ဆောင်ရွက်မည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတော်၏ သီးသန့်စီးပွားရေးဇုန်(Myanmar Exclusive Economic Zone)အတွင်း ပင်လယ်ရေအောက် ဖိုင်ဘာကေဘယ်သွယ်တန်းခြင်းလုပ်ငန်းများကို ချိတ်ဆက်ဆောင်ရွက်မည့် လမ်းကြောင်းတစ်လျှောက် လုပ်ငန်းဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါတည်နေရာ ဧရိယာများအတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်း မပြုလုပ်ကြရန် ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာထားသည်။

**သတင်းစဉ်**

## ဒေးဒရဲမြို့နယ် ကျေးရွာသုံးရွာ၌ ဆိုလာရေတင်စနစ်ဖြင့် ဆောင်းသီးနှံ ၄၄ ဧက စိုက်ပျိုးမည်

**ဒေးဒရဲ ဇန်နဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကင်ပွန်းကုန်းကျေးရွာ၊ ကျုံးဒူးမြောက်ကျေးရွာနှင့် တော်လှကျေးရွာသုံးရွာ၌ ကျေးလက်နေပြည်သူများ၏ ဆောင်းသီးနှံ ၄၄ ဧကကို ဆိုလာစွမ်းအင် ရေတင်စနစ်ဖြင့် စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

ဆိုလာစွမ်းအင်သုံးရေတင်စနစ် စီမံကိန်းဖြင့် စိုက်ပျိုးရေပေးဝေခြင်းသည် မီတာခကုန်ကျစရိတ်သက်သာခြင်း၊ လူမှုပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေခြင်းနှင့် ကုန်ကျစရိတ်သက်သာစွာဖြင့် ရေသွင်းစိုက်ပျိုးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကြောင့် စိုက်ပျိုးတောင်သူများအတွက် ဆိုလာစွမ်းအင်သုံးရေတင်စီမံကိန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆိုလာစွမ်းအင်သုံးရေတင်စနစ်စီမံကိန်းကို ယခုဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၀၅ ဒသမ ၈၃၃၇ သန်းဖြင့် ဆိုလာ ၅၅၀ ဝပ် ၁၄ ချပ်နှင့် ဆက်စပ်လုပ်ငန်းများကို တင်ဒါအောင်မြင်သည့်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပြီး တစ်နာရီလျှင် ရေဂါလန် ၄၀၀၀ ခန့် ထွက်ရှိကြောင်း၊ အဆိုပါစိုက်ပျိုးရေရရှိရေး ဆိုလာစွမ်းအင် စီမံကိန်းဖြင့် ကင်ပွန်းကုန်းကျေးရွာ၌ ကိုးဧက၊ ကျုံးဒူးမြောက်ကျေးရွာ၌ ၁၀ ဧကနှင့် တော်လှကျေးရွာ၌ ၂၅ ဧကတွင် ဆောင်းသီးနှံများ စိုက်ပျိုးမည်ဖြစ်ကြောင်း ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်စွာမြင့်က ပြောသည်။

**စိုးမိုးကျော်**

## လားရှိုးမြို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များစုပေါင်း၍ အရဏ်ဆွမ်းလောင်းလှူပွဲကျင်းပ

**လားရှိုး ဇန်နဝါရီ ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ စုပေါင်း၍ အရဏ်ဆွမ်းလောင်းလှူပွဲကို ဇန်နဝါရီ ၂၁ ရက်က လားရှိုးမြို့ ဘူတာလမ်းပေါ်ရှိ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးရှေ့၌ ကျင်းပသည်။

ဆွမ်းလောင်းလှူပွဲသို့ ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူးရုံး (လားရှိုး)မှ ရဲမှူးကြီး အောင်မြင့်နိုင်နှင့်ဇနီး၊ လားရှိုးခရိုင်ရဲတပ်ဖွဲ့မှူးရုံး ဒုတိယရဲမှူးကြီး ဝေဠုသတိုးနှင့်ဇနီး၊ လားရှိုးခရိုင်ရဲတပ်ဖွဲ့မှူးရုံးရှိ တပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ မှုခင်းရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးရဲတပ်ဖွဲ့၊ သစ်တော လုံခြုံရေးရဲတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့ဝင်များက ပင့်သံဃာအပါး ၁၀၀ တို့အား ဆွမ်း၊ ခဲဖွယ်၊ လှူဖွယ်ဝတ္ထုများ စုပေါင်းလောင်းလှူခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

မီးဘေးကြိုတင်ကာကွယ်ရေးတွင် အဓိကကျသည့် မီးသုံးစွဲလျှင် အမြဲသတိရှိပြီး လူစောင့်ထားခြင်း၊ မီးဖိုအနီးတွင် လောင်စာဆီများမထားခြင်း၊ မီးဖိုများကို မြေကျင်းတူး၍ စနစ်တကျအသုံးပြုခြင်း၊ မီးဖိုကို စနစ်တကျကာရံထားခြင်း၊ ကလေးသူငယ်များ မီးမဆော့ရန် ထိန်းသိမ်းခြင်း၊ မီးခွက်၊ မီးအိမ်၊ ဖယောင်းတိုင်များကို ထရံနှင့် ခြင်ထောင်အနီးတွင် မထွန်းခြင်း၊ ကောက်ရိတ်သိမ်းချိန်တွင် လယ်ကွင်း၌ မီးအသုံးမပြုခြင်းတို့ လိုက်နာဆောင်ရွက်ရန် လိုအပ်သည်။

တောမီးလောင်ခြင်းဖြင့် အဖိုးမဖြတ်နိုင်သော သစ်တောမြေများဆုံးရှုံးခြင်း၊ အဖိုးတန် သစ်မျိုးများကို ထိခိုက်ပျက်စီးစေခြင်း၊ တောမီးကြောင့် သစ်တောအကာအကွယ်များ ပျက်စီးရာမှ မြေတိုက်စားမှုဖြစ်ပေါ်ကာ အကျိုးဆက်အဖြစ် နုန်းများ အနည်ကျခြင်း၊ ချောင်းများ တိမ်ကောခြင်း၊ ရေလွှမ်းမိုးခြင်း၊ မြေအောက်ရေ လျော့နည်းခြင်း၊ စိမ့်စမ်းရေထွက်များ ခန်းခြောက်စေခြင်း၊ သဘာဝတောရိုင်းတိရစ္ဆာန်များ သေကျေပျက်စီးခြင်း၊ စားကျက်မြေများ ပျက်စီးဆုံးရှုံးခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေသည်။ သဘာဝကြောင့် လောင်ကျွမ်းခြင်းမှအပ တောမီးလောင်မှုကို ဖြစ်ပွားစေနိုင်သည့် အပြုအမူမှန်သမျှကို ထိန်းသိမ်းခြင်းအားဖြင့် ဇီဝမျိုးစုံမျိုးကွဲများ ခိုလှုံရာနေရာဖြစ်သော မြန်မာ့သစ်တောများ အစဉ်တည်တံ့ရေးအတွက် ပူးပေါင်းကူညီရန် လိုအပ်သည်။

မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးဘဲ ပတ်ဝန်းကျင်ကို အကူအညီတောင်းရန်၊ မီးစတင်လောင်ကျွမ်းချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှု မများနိုင်ကြောင်း၊ အိမ်တိုင်းအဆောက်အအုံတိုင်း၊ ယာဉ်တိုင်းတွင် ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန် မီးငြိမ်းသတ်နိုင်ကြောင်း မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။

မီးဘေးအန္တရာယ်သည် မြန်မာနိုင်ငံတွင် နှစ်စဉ်ဖြစ်ပွားလေ့ရှိသော သဘောဝဘေးအန္တရာယ်များအနက် အကြိမ်အရေအတွက် အများဆုံးနှင့် ဆုံးရှုံးမှုပမာဏ အမြင့်မားဆုံး သဘာဝဘေးဖြစ်သည့်အပြင် မီးလောင်မှုများကြောင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကိုလည်း နှောင့်နှေးစေလျက်ရှိသည်။ မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းများစွာရှိသည့်အနက် အများအားဖြင့်မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းရင်းမှာ မီးကိုပေါ့ဆစွာ အသုံးပြုခြင်း၊ မီးဖိုမီးနှင့် လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ခြင်းတို့ကြောင့် အများဆုံးဖြစ်ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ဆုံးရှုံးမှုများ လျော့နည်းစေရေးနှင့် နိုင်ငံသားများ အကာအကွယ် ပိုမိုရရှိစေမည့် မီးဘေးလုံခြုံရေးစနစ်တစ်ရပ်ဖြစ်ပေါ်လာရေး၊ မီးဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များကို အများပြည်သူလိုက်နာမှုအားကောင်းစေရန်ပညာပေးရေး၊ မီးငြိမ်းသတ်ရာတွင် ခေတ်မီနည်းပညာနှင့် ခေတ်မီမီးငြိမ်းသတ်ရေးကိရိယာများ ပိုမိုဖြည့်တင်းရေးတို့ကို အဆောတလျင် အကောင်အထည်ဖော်သင့်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# မုံရွာစီးပွားရေးတက္ကသိုလ် (၂၁) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကျင်းပ

**မုံရွာ ဇန်နဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မုံရွာစီးပွားရေးတက္ကသိုလ် (၂၁) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယမန်နေ့က အဆိုပါကျောင်းရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ဘွဲ့ရမောင်မယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မုံရွာစီးပွားရေး တက္ကသိုလ်ကြီးတွင် စီးပွားရေးပညာရပ်များကို သင်ယူတတ်မြောက်ခဲ့ပြီးဖြစ်လို့ ထိုက်တန်သည့်ဘွဲ့အသီးသီးကို ရရှိသွားကြပြီဖြစ်သည့်အတွက် အမိတက္ကသိုလ်ကြီးမှ သင်ကြားပေးလိုက်သည့် စီးပွားရေးပညာရပ်များကို လက်တွေ့ဘဝတွင် ကောင်းစွာအသုံးချပြီး နိုင်ငံတော်မှအားထားရသည့် စီးပွားရေးပညာရှင်၊ အသိပညာရှင် အတတ်ပညာရှင်များဖြစ်အောင် ကြိုးစားသွားကြရန် လိုပါကြောင်း၊ မောင်တို့မယ်တို့အနေဖြင့် နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်သည်ဖြစ်စေ၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ကြသည်ဖြစ်စေ နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရိုသေကာ အများနှင့်အတူ ပူးပေါင်းညှိနှိုင်းပြီး အတ္တဟိတ ပရဟိတမျှတအောင် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသီတာကြူက (၂၁) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနား ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပါမောက္ခချုပ်ထံ မုံရွာစီးပွားရေးတက္ကသိုလ် ကျောင်းအတွင်း ပြန်လည်ပြုပြင်နေသည့် ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအတွက် ငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်က မုံရွာစီးပွားတက္ကသိုလ်ကျောင်းအတွက် ငွေကျပ် ၁၀ သိန်း ထောက်ပံ့ပေးအပ်သည်။



ဆက်လက်၍ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုပညာမဟာဘွဲ့ (MBA)ဘွဲ့ရ ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ညစာအတူတကွ သုံးဆောင်ခဲ့ပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၏ နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၌ တိုင်းဒေသကြီး ဥပဒေချုပ်ရုံးသစ် ဖွင့်လှစ်ခြင်း (၁) နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ဇန်နဝါရီ ၂၂ ရက်က ကျင်းပသည်။

ရှေးဦးစွာ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းပြီး အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်၊ တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးအေးသိန်းနှင့် ရုံးအဖွဲ့မှူး ဦးမြင့်လှိုင်တို့က နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်သည်။ **(အောက်ပုံ)**

ဆက်လက်၍ တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်နှင့် တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးအေးသိန်းတို့က မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ဥပဒေချုပ်က နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် ဖွင့်လှစ်သည့် အရာထမ်းငယ် အခြေခံသင်တန်း အမှတ်စဉ် (၁၂) ၌ သင်တန်းသား စံပြဆုရရှိသည့် ဇေယျာသီရိမြို့နယ် ဥပဒေရုံးမှ ဒုတိယမြို့နယ် ဥပဒေအရာရှိ ဦးဟိန်းထက်ဇော်အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးအတွင်းရှိ ဥပဒေရုံးအဆင့်ဆင့်မှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**



# လောက်ကိုင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဇန်နဝါရီ ၂၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့ရှိ တပ်မတော်ဆေးရုံ၌တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့ နံနက်ပိုင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးနှင့် အဖွဲ့များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများ မေးမြန်းကာ အားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) ဝါးခယ်မမြို့နယ် မရမ်းချောင်ကျေးရွာ၊ စပါးရိုကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာတို့ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ် ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော တပ်မတော်မြစ်တွင်းသွားဆေးရုံ ရေယာဉ်(ရွှေပုဇွန်) နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့တွင် ဝါးခယ်မမြို့နယ် မရမ်းချောင်ကျေးရွာ၊ စပါးရိုကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၂၈၆ ဦးကို ၎င်းကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများ၌ အခြေပြု၍ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၅၈၁ ဦး၊ ခွဲစိတ်ရောဂါ ၈၄ ဦး၊ သားဖွား/မီးယပ်ရောဂါ ၇၉ ဦး၊ ကလေးရောဂါ ၈၃ ဦး၊ အရိုးရောဂါ ၁၃၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၉၆ ဦး၊ မျက်စိရောဂါ ၁၂၉ ဦးနှင့် သွားရောဂါ ၉၆ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေ ခွဲစိတ်လူနာ ၂၁ ဦးနှင့် မျက်စိခွဲစိတ်လူနာ ၁၅ ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ၁၈ ဦး၊ တယ်လီဗေးရှင်း ဓာတ်မှန်ရိုက်လူနာ ၇၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၉၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၇၄ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား ရန်ကုန်မြို့ရှိ တပ်မတော်ဆေးရုံနှင့် ပုသိမ်မြို့ရှိ နယ်မြေခံ ဆေးတပ်ရင်းသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၂၂**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင်နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ မစိုးရိမ်တိုက်သစ်ကျောင်းတိုက်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ရန်အောင်မြင်တိုက်သစ်ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ မဟာသုဗောဓာရုံကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ထူပါဇေယျုံကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တိပိဋကစိန်ရွှေဖူးကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ အောင်ရာဇာ ပရိယတ္တိစာသင်တိုက်နှင့် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ ကျွန်းကလေးပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ခေမာရာမကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ သရက်ပင်ကျောင်းတိုက်နှင့် မဟာအောင်မြေမြို့နယ်ရှိ ကင်းဝန်မင်းကြီးကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ပစ္ဆိမာရုံကျောင်းတိုက်၊ ရှမ်းပြည်နယ်တောင်ကြီးမြို့နယ်ရှိ ဓမ္မဝိဒူကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ ဇမ္ဗူအေးစေတီတပ်ဦး ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# သံဖြူဇရပ်မြို့နယ် နှစ်ကရင်ကျေးရွာ-သာဂရကျေးရွာသွား ကားလမ်းပေါ်ရှိ သပြေချောင်းသံကူကွန်ကရစ်တံတားအား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၂၂**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် နှစ်ကရင်ကျေးရွာ - သာဂရကျေးရွာသွား ကားလမ်းပေါ်ရှိ သပြေချောင်း သံကူကွန်ကရစ်တံတားအား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၁ ရက် ည ၇ နာရီခန့်တွင် သံဖြူဇရပ်မြို့နယ် နှစ်ကရင်ကျေးရွာ - သာဂရကျေးရွာသွားကားလမ်း သာဂရကျေးရွာ၏အနောက်တောင်ဘက် မီတာ ၁၀၀၀ ခန့်အကွာရှိ အရှည်ပေ ၁၃၀၊ အကျယ်ပေ ၂၀ ရှိ သပြေချောင်း သံကူကွန်ကရစ်တံတားအားPDFအမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးသွားခဲ့ကြောင်း၊ ထိုသို့ ဖောက်ခွဲဖျက်ဆီးမှုကြောင့် တံတား၏ တောင်ဘက်ခြမ်းမှ ကမ်းကပ်ခုံအနီးတွင် အချင်း ၁၀ ပေ ပတ်လည်ခန့် ကျွံကျပျက်စီးခဲ့ကြောင်း သိရသည်။

ထိုသို့ အများပြည်သူများ သွားလာရေး အဆင်ပြေချောမွေ့စေရန် ဆောက်လုပ်ထားသည့် သံကူကွန်ကရစ် ချောင်းကူးတံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သူ အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်




PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် သပြေချောင်း သံကူကွန်ကရစ်တံတား နေရာပြပုံ။







PDF အမည်ခံ အကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် သပြေချောင်းသံကူကွန်ကရစ်တံတား ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။

## ထူးခြားသည့် ည အပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၂၂**

ထူးခြားသည့် ညအပူချိန်များမှာ နမ့်စန်မြို့တွင် -၂ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့နှင့် မိုင်းယမ်းမြို့တို့တွင် ၁ ဒီဂရီစင်တီဂရိတ်စီ၊ ကျောက်မဲမြို့နှင့် လွိုင်လင်မြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီနှင့် ပူတာအိုမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

မြန်မာ့ ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်တင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ




# ကလေးဝမြို့နယ် ဆင်အိုင်မကျေးရွာ အတွင်းရှိ နေအိမ်များအား PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့မီးရှို့ဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ဆင်အိုင်မကျေးရွာအတွင်းရှိ နေအိမ်များအား PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ PDF အမည်ခံ အကြမ်းဖက်သမား အင်အား ၇၀ ခန့်သည် ဇန်နဝါရီ ၂၁ ရက် ညနေ ၃ နာရီ ၄၅ မိနစ်ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် ဆင်အိုင်မကျေးရွာသို့ ရောက်ရှိလာပြီး နေအိမ်များအား အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခဲ့သဖြင့် လူနေအိမ် ၁၅ လုံး မီးလောင်ပျက်စီးခဲ့ပြီး အပြစ်မဲ့ပြည်သူ အမျိုးသား သုံးဦးနှင့် အမျိုးသမီး တစ်ဦး မီးလောင်ဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

PDF အမည်ခံ အကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့သည့် ကလေးဝမြို့နယ် ဆင်အိုင်မကျေးရွာပြပုံ။

◆ *ကျောဖုံးမှ*

လက်နက်ငယ်များဖြင့် ပစ်ခတ်ဖျက်ဆီးခြင်းနှင့် မီးရှို့ဖျက်ဆီးမှုများကြောင့် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလမှ ယနေ့အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အဆောက်အဦ ၁၃ ခုနှင့် ရုံးသုံးပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ရမှုအား ဖော်ပြပါအတိုင်းတွေ့ရှိရသည်-

### အကြမ်းဖက်အဖွဲ့အစည်းများ၏ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်းများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကော်မရှင်အဖွဲ့ခွဲရုံးများ၏ ပျက်စီးဆုံးရှုံးမှု

| စဉ် | ကော်/ခွဲရုံး | ရက်စွဲ | အချိန် | ဖြစ်စဉ်အကျဉ်း | ပျက်စီးမှုစာရင်း | ဆုံးရှုံးမှုတန်ဖိုး (ခန့်မှန်း) |
|---|---|---|---|---|---|---|
| ၁ | ပင်လည်ဘူးမြို့နယ် | ၃၁-၁၂-၂၀၂၁ | ၂၀:၄၅ | အကြမ်းဖက်သမားများ၏ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် မရုံသုံးပစ္စည်းများ သိုလှောင်ထားသည့် ဂိုဒေါင်ပေါ်သို့ လက်နက်ကြီး ထိမှန်ပျက်စီးခဲ့သည်။ | သွပ်အမိုး (၁၀) ချပ်ခန့် ပေါက်ပြဲပျက်စီး၊ မဲပုံးအလုံး (၂၀၀) ခန့် ပျက်စီးခဲ့ပါသည်။ | ၀.၆၀ သန်း |
| ၂ | ဖာပွန်ခရိုင် | ၇-၁-၂၀၂၂ | ၁၉:၅၀ | အကြမ်းဖက်သမားများက ဖာပွန်ခရိုင်ကော်မရှင်အဖွဲ့ခွဲရုံး အဆောက်အဦအား ဗုံးထောင်ဖျက်ဆီးခဲ့ပါသည်။ | အလျား ၄၈ပေ၊ အနံ ၃၆ ပေ(၁၇၂၈ စတုရန်းပေ) RCတစ်ထပ်မှာ ၁၀၀%၊ ရုံးပိုင်မော်တော်ဆိုင်ကယ်၊ စက်ကိရိယာပစ္စည်းများ၊ ပရိဘောဂပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ပါသည်။ | ၆၃.၀၅၃ သန်း |
| ၃ | ဖာပွန်မြို့နယ် | ၇-၁-၂၀၂၂ | ၁၉:၅၀ | အကြမ်းဖက်သမားများက ဖာပွန်ခရိုင်ကော်မရှင်အဖွဲ့ခွဲရုံး အဆောက်အဦအား ဗုံးထောင်ဖျက်ဆီးခဲ့ပါသည်။ | ဖာပွန်ခရိုင်ရုံးနှင့် ရုံးချင်းကပ်လျက် ဖာပွန်မြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံး ၄၀ %၊ စက်ကိရိယာပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ပါသည်။ | ၄၇.၆၀၆ သန်း |
| ၄ | ထီးလင်းမြို့နယ် | ၁၃-၄-၂၀၂၂ | | အကြမ်းဖက်သမားများက အဆောက်အဦများအား လက်နက်ငယ်များဖြင့် ပစ်ခတ်ဖျက်ဆီးခဲ့သည်။ | ပြတင်းပေါက် ၃ ခုရှိ မှန်များနှင့် ပြတင်းတံခါးများ ပျက်စီးခြင်း၊ ပေါ်တီကိုတိုင်များ၊ ရုံးအဆောက်အဦ အတွင်းနံရံများ၊ ရုံးပိုင်မော်တော်ဆိုင်ကယ်များ ပျက်စီးခဲ့ပါသည်။ | ၀.၄ သန်း |
| ၅ | ဆားလင်းကြီးမြို့နယ် | ၁၃-၇-၂၀၂၂ | ၀၅:၄၅ | အကြမ်းဖက်အဖွဲ့များမှ ရုံးအတွင်းသို့ဝင်ရောက်၍ ရုံးခန်းပတ်လည်ရှိ ပြတင်းပေါက်များအား ရိုက်ခွဲပြီး ဓာတ်ဆီ၊ ရေနံဆီများလောင်း၍ မီးရှို့ခဲ့ပါသည်။ | ရုံးအဆောက်အဦ မီးလောင်ပျက်စီးခြင်း၊ ပရိဘောဂပစ္စည်းများ၊ စက်ကိရိယာပစ္စည်းများ၊ မဲရုံသုံးပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ပါသည်။ | ၃၉.၅၃၃ သန်း |
| ၆ | ကြာအင်းဆိပ်ကြီးမြို့နယ် | ၁၉-၉-၂၀၂၂ | ၀၃:၄၀ | မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးအား လက်နက်ကြီး ဗုံးသီးထိမှန်ခဲ့သည်။ | မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၏ အနောက်ဘက် ပြတင်းပေါက်ပေါ်ရှိ လေကာမှန် ၃ ချပ်နှင့် ရုံးပိုင်မော်တော်ယာဉ် ပျက်စီးခဲ့ပါသည်။ | ၀.၀၂၁ သန်း |
| ၇ | ပုလောမြို့နယ် | ၇-၁၂-၂၀၂၂ | ၁၆:၁၀ | အကြမ်းဖက်သမားများက မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးအား လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်ခဲ့သည်။ | ရုံးရှေ့မျက်နှာစာ အုတ်နံရံနှင့် ပြတင်းပေါက်မှန်များ၊ မျက်နှာကြက်ကျောက်ပြားများ ထိခိုက်ပျက်စီးခဲ့ပါသည်။ | ၀.၈၄၃ သန်း |
| ၈ | မင်းတပ်မြို့နယ် | | | အကြမ်းဖက်သမားများက ရုံးပိုင်ပစ္စည်းများ မီးရှို့ဖျက်ဆီးခဲ့သည်။ | ရုံးပိုင် မော်တော်ဆိုင်ကယ်၊ စက်ကိရိယာပစ္စည်း၊ ပရိဘောဂပစ္စည်းများ၊ ရုံးအဆောက်အဦ အစိတ်အပိုင်းအချို့ မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရပါသည်။ | ၁၁.၆၀၂ သန်း |
| ၉ | ကန်ပက်လက်မြို့နယ် | | | အကြမ်းဖက်သမားများက စက်ကိရိယာပစ္စည်းများ ဖျက်ဆီးခဲ့သည်။ | စက်ကိရိယာပစ္စည်းများ ဖျက်ဆီးခံခဲ့ရပါသည်။ | ၃.၄၂ သန်း |
| ၁၀ | ဒီးမော့ဆိုမြို့နယ် | | | အကြမ်းဖက်သမားများက အဆောက်အဦများအား မိုင်းထောင်ဖောက်ခွဲ/ မီးရှို့ဖျက်ဆီးခဲ့သည်။ | ရုံးအဆောက်အဦ၊စက်ကိရိယာ ပစ္စည်းများ၊ ရုံးပိုင်မော်တော်ဆိုင်ကယ်၊ ပရိဘောဂပစ္စည်းများနှင့် မဲရုံသုံးပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ပါသည်။ | ၆၁.၅ သန်း |
| ၁၁ | ဖရူဆိုမြို့နယ် | | | အကြမ်းဖက်သမားများက အဆောက်အဦများအား မိုင်းထောင်ဖောက်ခွဲ / မီးရှို့ဖျက်ဆီးခဲ့သည်။ | ရုံးအဆောက်အဦ၊ ရုံးပိုင်မော်တော်ဆိုင်ကယ်များ၊ စက်ကိရိယာပစ္စည်းများ၊ ပရိဘောဂပစ္စည်းများနှင့် မဲရုံသုံးပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ပါသည်။ | ၇၁.၅၈ သန်း |
| ၁၂ | ထန်တလန်မြို့နယ် | | | အကြမ်းဖက်သမားများက အဆောက်အဦများအား မိုင်းထောင်ဖောက်ခွဲ/ မီးရှို့ဖျက်ဆီးခဲ့သည်။ | ရုံးအဆောက်အဦ၊ စက်ကိရိယာပစ္စည်းများ၊ ပရိဘောဂပစ္စည်းများ၊ ရုံးပိုင်မော်တော်ဆိုင်ကယ်များ ပျက်စီးဆုံးရှုံးခဲ့ပါသည်။ | ၆၄.၁၂၅ သန်း |
| ၁၃ | တမူးခရိုင်နှင့် မြို့နယ် | ၁၉-၁-၂၀၂၃ | ၀၉:၃၀ | အကြမ်းဖက်သမားများက တမူးခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးသို့ ဝင်ရောက်၍ မီးရှို့ဖျက်ဆီးခဲ့သည်။ | ခရိုင်ကော်မရှင်အဖွဲ့ခွဲရုံး အဆောက်အဦ တံခါးရွက် ၁ ချပ်၊ ပြတင်းတံခါး ၁ ချပ်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး ပြတင်းတံခါး ၁ ချပ်၊ ပြတင်းပေါက်မှန်၊ ဝိုင်ယာမီးကြိုးများ၊ မျက်နှာကြက်များ ပျက်စီးခဲ့ပြီး ၂၄ ပေ၊ ၂၄ ပေ ပျဉ်ခင်း၊ ပျဉ်ကာ၊ သိပ်မိုး နေအိမ် ၁ လုံး ပျက်စီးဆုံးရှုံးခဲ့ပါသည်။ | ၃.၃၀၀ သန်း |

အကြမ်းဖက်အဖွဲ့များအနေဖြင့် ဌာနဆိုင်ရာရုံးများအား ယခုကဲ့သို့ မိုင်းထောင်ဖောက်ခွဲခြင်း၊ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ဖျက်ဆီးခြင်းနှင့် မီးရှို့ဖျက်ဆီးခြင်းများလုပ်ဆောင်နေမှုအပေါ် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းကာကွယ်သွားကြပါရန်နှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများကို ရရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့၍ အကြမ်းဖက်သမားများ ရပ်တည်မှုမရှိနိုင်သည်အထိ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြပါရန် မေတ္တာရပ်ခံ သတင်းထုတ်ပြန်အပ်ပါသည်။ **သတင်းစဉ်**







အကြမ်းဖက်အဖွဲ့အစည်းများ၏ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်းများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၏ ပျက်စီးဆုံးရှုံးမှုမှတ်တမ်းဓာတ်ပုံ။

*စာမျက်နှာ ၁၁ သို့*

# NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ၁၃၂ ကေဗွီ ဘီလူးချောင်း(၂) - တီကျစ် နှစ်ထပ်ဓာတ်အားလိုင်း တာဝါတိုင် (၁) တိုင်အား ဖောက်ခွဲဖျက်ဆီးမှုအခြေအနေအား သတင်းထုတ်ပြန်ခြင်း

**၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ပြည်သူလူထု၏ လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို နည်းမျိုးစုံဖြင့် တိုးမြှင့်ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့စီမံဆောင်ရွက်နေသော်လည်း ယခုကာလများတွင် ပြည်သူလူထု၏လိုအပ်ချက်ကို လုံလောက်အောင် ဖြည့်ဆည်းပေးနိုင်မှုမရှိသဖြင့် ထုတ်လုပ်ပေးနိုင်မှုကိုအခြေခံ၍ မျှတစွာ ခွဲဝေခံစားရရှိနိုင်ရန် စီမံဆောင်ရွက်ဖြန့်ဖြူးလျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်နေသည့်ကာလတွင် NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများမှ ပြည်သူများ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးပေးလျက်ရှိသော လျှပ်စစ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှုများ ရည်ရွယ်ချက်ရှိရှိဖြင့် ပြုလုပ်လျက်ရှိရာ ၂၂-၁-၂၀၂၃ ရက်နေ့တွင် ဘီလူးချောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများမှ ထွက်ရှိသည့် လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ဓာတ်အားစနစ်သို့ ပို့လွှတ်ပေးလျက်ရှိသည့် ၁၃၂ ကေဗွီ ဘီလူးချောင်း (၂) - တီကျစ် နှစ်ထပ်ဓာတ်အားလိုင်း၏ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်အတွင်းရှိ တာဝါတိုင် (၁)တိုင်ကို ထပ်မံဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တာဝါတိုင် (၁) တိုင် ပြိုလဲပျက်စီးခဲ့ပါသည်။ အဆိုပါ ဓာတ်အားလိုင်းမှာ ယခုအကြိမ်အပါအဝင် စုစုပေါင်း (၈) ကြိမ်နှင့် တာဝါတိုင်ပေါင်း (၂၃)တိုင် ဖျက်ဆီးခံခဲ့ရသော်လည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် အမြန်ဆုံးပြင်ဆင်နိုင်ရေးကို စီမံဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ပါ၍ NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများမှ ရည်ရွယ်ချက်ရှိရှိဖြင့် အများပြည်သူသို့ လျှပ်စစ်ဓာတ်အားဖြည့်ဆည်းပေးလျက်ရှိသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများအား ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြိမ်ပေါင်း (၂၁၈) ကြိမ် ဖောက်ခွဲဖျက်ဆီးခဲ့ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့်လည်း လုံခြုံရေးအဖွဲ့များနှင့် ပူးပေါင်းကာ ပြင်ဆင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**



၁၃၂ ကေဗွီ ဘီလူးချောင်း (၂) - တီကျစ် နှစ်ထပ်ဓာတ်အားလိုင်း တာဝါတိုင် တစ်တိုင် ပြိုလဲနေသည့် မှတ်တမ်းဓာတ်ပုံ။

## ပဲခူးမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားနှစ်ဦး သေဆုံး

**နေပြည်တော် ဇန်နဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်၌ ဇန်နဝါရီ ၂၁ ရက်က ယာဉ်တိုက်မှုဖြစ်ပွားပြီး အမျိုးသားနှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၁ ရက် ညနေ ၅ နာရီခွဲက ပဲခူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၃၀ မိုင်)၊ ၅ ဖာလုံနှင့် ၆ ဖာလုံအကြား၌ ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ သဃ်န်းကျွန်းမြို့နယ် စံပြရပ်ကွက်နေ ဦးဝင်းထွဋ်(၄၂ နှစ်) မောင်းနှင်လာသည့် YGN 1Q/----- Hino Ranger ခြောက်ဘီးယာဉ်ကို ရွှေကျင်မြို့နယ် တရုတ်တန်းရပ်ကွက်နေ လပြည့်ထွန်း(၃၀ နှစ်) မောင်းနှင်ပြီး ဆိပ်ကလေးကျေးရွာနေ ဦးမျိုးဇော်ထွန်း(၄၀ နှစ်) လိုက်ပါလာသည့် YGN 4F/----- Toyota Succee ယာဉ်က အရှိန်မထိန်းနိုင်ဘဲ နောက်မှ ဝင်တိုက်မိခဲ့သဖြင့် လပြည့်ထွန်းနှင့် ဦးမျိုးဇော်ဦးတို့ နှစ်ဦးတွင် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သောကြောင့် လပြည့်ထွန်းအား ဘောနတ်ကြီး အမြန်လမ်းမကြီး ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## လွိုင်လင်မြို့နယ်၌ ဘိန်းစိုက်ခင်းများဖျက်ဆီး

**နေပြည်တော် ဇန်နဝါရီ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်၌ ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီ ၁၀ မိနစ်က လွိုင်လင်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မီလမ်းကျေးရွာရှိ ဘိန်းစိုက်ခင်း ၁၃ ဧကအား ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

စာမျက်နှာ ၁၀ မှ













အကြမ်းဖက်အဖွဲ့အစည်းများ၏ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်းများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၏ ပျက်စီးဆုံးရှုံးမှုမှတ်တမ်းဓာတ်ပုံ။

# အမေရိကန်အိမ်ဖြူတော် အကြီးအကဲ ရွန်ကလိန်း ရာထူးမှနုတ်ထွက်မည့်သတင်းများ ထွက်ပေါ်

ဝါရှင်တန် ဇန်နဝါရီ ၂၂

**အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ အိမ်ဖြူတော် အကြီးအကဲအဖြစ် နှစ်နှစ်ကျော်ကြာ တာဝန်ထမ်းဆောင်ခဲ့သူ ရွန်ကလိန်းသည် မကြာမီ ရာထူးမှနုတ်ထွက်နိုင်ကြောင်း အမေရိကန်မီဒီယာများက ဇန်နဝါရီ ၂၁ ရက်တွင် ဖော်ပြသည်။**

ဖေဖော်ဝါရီ ၇ ရက်တွင် ပြုလုပ်ရန် စီစဉ်ထားသည့် သမ္မတ ဘိုင်ဒင်၏ နိုင်ငံတော် မိန့်ခွန်းအပြီးတွင် အဆိုပါ နုတ်ထွက်မှုဖြစ်ပေါ်လာနိုင်သည်ဟု တိုင်းမ်စ်သတင်းစာက ဖော်ပြသည်။ ကလိန်းသည် သမ္မတသက်တမ်း၏ အရေးကြီးသောအချိန်တွင် ရာထူးကို စွန့်လွှတ်လိုက်မည်ဖြစ်သည်။ အသက် ၈၀ အရွယ် ဘိုင်ဒင်သည် ၂၀၂၄ ခုနှစ်တွင် အိမ်ဖြူတော်တွင် ထပ်မံအရွေးခံရမည်ဖြစ်ကြောင်း လာမည့်သီတင်းပတ်များအတွင်း ကြေညာလိမ့်မည်ဖြစ်သည်။

အိမ်ဖြူတော်အကြီးအကဲများသည် ၎င်းတို့ရာထူးတွင် လေးနှစ်ကြာအောင် ထမ်းဆောင်ခဲ့သူ မရှိသေးဘဲ သမ္မတဟောင်း ထရမ့်လက်ထက် အဆိုပါရာထူးနေရာတွင် အပြောင်းအလဲ လေးကြိမ်ပြုလုပ်ခဲ့သည်။ ရွန်ကလိန်း ၆၁ နှစ်သည် ၁၉၉၅ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ ဒုသမ္မတ အယ်လ်ဂိုးလက်ထက်တွင် လည်းကောင်း၊ ဘိုင်ဒင် အထက်လွှတ်တော်အမတ်ကာလ ၁၉၈၈ ခုနှစ်နှင့် ဘိုင်ဒင် ဒုတိယသမ္မတဖြစ်ချိန် နောက်ပိုင်း ၂၀၀၈ ခုနှစ်တွင် လည်းကောင်း အိမ်ဖြူတော် မဲဆွယ်ပွဲများတွင် အကြံပေးနှင့် မိန့်ခွန်းရေးသားသူအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ထို့ပြင် အိုဘားမား၏ ရာထူးသက်တမ်းအတွင်း ကလိန်းသည် အီဘိုလာဗိုင်းရပ်စ် အကျပ်အတည်းကို တုံ့ပြန်ရန် အိမ်ဖြူတော်၏ ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ **အေအက်ဖ်ပီ**



အိမ်ဖြူတော်အကြီးအကဲဖြစ်သူ ရွန်ကလိန်း။



# အိန္ဒိယဝန်ကြီးချုပ် မိုဒီအပေါ် ရန်လိုသော ဘီဘီစီ မှတ်တမ်းရုပ်ရှင်ကို အိန္ဒိယ ပိတ်ပင်

**နယူးဒေလီ ဇန်နဝါရီ ၂၂**

အိန္ဒိယအစိုးရသည် ၂၀၀၂ ခုနှစ် လူမျိုးရေးအဓိကရုဏ်းများအတွင်း ဝန်ကြီးချုပ် နာရန်ဒရာ မိုဒီ၏ အခန်းကဏ္ဍနှင့် ပတ်သက်သည့် ဘီဘီစီ မှတ်တမ်းရုပ်ရှင် ဗီဒီယိုများနှင့် တွစ်တာများတွင် မျှဝေခြင်းကို ပိတ်ဆို့ခဲ့ပြီး ၎င်းကို "ရန်လိုသောဝါဒဖြန့်ခြင်းနှင့် အိန္ဒိယဆန့်ကျင်ရေး ပေါက်ကရစကားများ" ဟု ခေါ်ဆိုခဲ့သည်။

ထိုအချိန်က မိုဒီသည် ဂူဂျာရတ်ပြည်နယ်ဝန်ကြီးချုပ် တာဝန်ယူနေပြီး မိုဒီက လူပေါင်း ၁၀၀၀ ထက်မနည်း သေဆုံးခဲ့ရသည့် အကြမ်းဖက်မှုများကို မျက်ကွယ်ပြုရန် ရဲတပ်ဖွဲ့ကို အမိန့်ပေးခဲ့သည်ဟု အဆိုပါ ရုပ်သံ၏ အစီအစဉ်က စွပ်စွဲထားသည်။

အစိုးရ၏ အကြံပေးတစ်ဦးဖြစ်သည့် ကန်ချန် ဂူးပတား က အိန္ဒိယ အစိုးရသည် ယင်းမှတ်တမ်းရုပ်ရှင်နှင့် ဗီဒီယိုကလစ်များကို လူမှုကွန်ရက်မီဒီယာများတွင် မျှဝေခြင်းမပြုရန် အိုင်တီစည်းမျဉ်းများအောက်တွင် အရေးပေါ်အာဏာများကို အသုံးပြုခဲ့သည်ဟု ဇန်နဝါရီ ၂၁ ရက်က ၎င်း၏ တွစ်တာတွင် ရေးသားခဲ့သည်။ **အေအက်ဖ်ပီ**

# အဇာဘိုင်ဂျန် နိုင်ငံမြောက်ပိုင်း အပန်းဖြေစခန်း၌ မီးလောင်မှုကြောင့် လေးဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရ

**ဘာကူ ဇန်နဝါရီ ၂၂**

အဇာဘိုင်ဂျန်နိုင်ငံမြောက်ပိုင်း ကာဆာမြို့ရှိ အပန်းဖြေစခန်းတစ်ခု၌ ဇန်နဝါရီ ၂၂ ရက်က မီးလောင်မှုကြောင့် လေးဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိသည်ဟု အရေးပေါ်ဌာန အာဏာပိုင်များကပြောသည်။

အရေးပေါ် ကယ်ဆယ်ရေးနှင့် မီးသတ်သမားအချို့ကို မီးလောင်ရာနေရာသို့ စေလွှတ်ခဲ့သော်လည်း မီးလောင်မှုကြောင့် နှစ်ထပ် သစ်သားအိမ်နှင့် ၂၄၀ စတုရန်းမီတာမှာ မီးလောင်ခဲ့ရသည်ဟု သိရသည်။ ထင်းမီးဖိုကြောင့် မီးလောင်ရခြင်းဖြစ်သည်ဟု ကနဦးစုံစမ်းစစ်ဆေးမှုများအရ သိရသည်။ အခင်းဖြစ်ပွားရာနေရာတွင် လူလေးဦး၏ အလောင်းကို တွေ့ရပြီး သေဆုံးသူများအနက် သုံးဦးမှာ မိသားစုတစ်စုတည်းမှဖြစ်သည်ဟု ကျန်းမာရေးအရာရှိများက ပြောသည်။

မီးလောင်ဒဏ်ရာဖြင့် ဆေးရုံတက်ရသူ ခြောက်ဦးရှိသည်ဟု သိရသည်။ မီးလောင်မှုအတွက် စုံစမ်းစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဟု သိရသည်။ **ဆင်ဟွာ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ သမ္မတရွေးကောက်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျင်းပမည်

**ဒါကာ ဇန်နဝါရီ ၂၂**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ သမ္မတရွေးကောက်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင် အီးစီအတွင်းရေးမှူး မက်ဂျာဟန်ဂီအလမ်းက ဇန်နဝါရီ ၂၂ ရက်တွင် ပြောကြားသည်။

နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ရာထူးအတွက် တစ်ဦးလျှင် အများဆုံးသက်တမ်း နှစ်ခု ခွင့်ပြုထားသောကြောင့် လက်ရှိသမ္မတ အက်ဒယ် ဟာမစ်က နောက်ထပ်သမ္မတ သက်တမ်းအတွက် ပြန်လည်ရွေးကောက်ခံမည် မဟုတ်ကြောင်း ဇန်နဝါရီ ၂၂ ရက် ညနေပိုင်းတွင် သမ္မတရုံး၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ကြေညာချက် ထုတ်ပြန်ခဲ့သည်။

ဟာမစ်၏ သမ္မတ သက်တမ်းသည် ဧပြီ ၂၄ ရက်တွင် ကုန်ဆုံးမည်ဖြစ်ကြောင်း သိရသည်။ သမ္မတရွေးကောက်ပွဲဆိုင်ရာ အစီအစဉ်ကို မကြာမီကြေညာသွားမည်ဖြစ်ကြောင်း အလမ်းက ပြောကြားသည်။ **ဆင်ဟွာ**



ဘင်္ဂလားဒေ့ရှ်နိုင်ငံသမ္မတ အက်ဒယ် ဟာမစ်။

# တွစ်တာကုမ္ပဏီကို အီလွန်မက်စ် ဝယ်ယူပြီးသည့်အချိန်မှစတင်ကာ ဝန်ထမ်းအင်အား ၈၀ ရာခိုင်နှုန်းလျှော့ချ

**နယူးယောက် ဇန်နဝါရီ ၂၂**

တွစ်တာကုမ္ပဏီကို အီလွန်မက်စ် ဝယ်ယူပြီးသည့်အချိန်မှ စတင်ကာ တွစ်တာကုမ္ပဏီ၏ ဝန်ထမ်းအင်အား ၈၀ ရာခိုင်နှုန်းကို လျှော့ချပြီးဖြစ်သည်ဟု အမေရိကန်မီဒီယာ စီအင်န်ဘီစီတွင် ဖော်ပြထားသည်။ တွစ်တာကုမ္ပဏီ၏ အချိန်ပြည့်ဝန်ထမ်းအင်အားမှာ ၁၃၀၀ သို့ လျော့ကျသွားသည်ဟု ဇန်နဝါရီ ၂၀ ရက်က စီအင်န်ဘီစီတွင် ဖော်ပြထားသည်။

အဆိုပါ လူမှုကွန်ရက်မီဒီယာကုမ္ပဏီကို အီလွန်မက်စ်မဝယ်ယူခင်က ဝန်ထမ်းအင်အား ၇၅၀၀ ရှိခဲ့သည်။ တွစ်တာကုမ္ပဏီကို အီလွန်မက်စ် ဝယ်ယူပြီးခဲ့သည့်နောက် ကြော်ငြာမှ ရရှိသည့်အခွန်ငွေ လျော့ကျလာသည့်အတွက် ဝန်ထမ်းအင်အားကို လျှော့ချခဲ့ခြင်းဖြစ်သည်။ အဆိုပါ လူမှုကွန်ရက်မီဒီယာတွင် အမုန်းစကားပျံ့နှံ့မှု များပြားလာသည့်အတွက် ကုမ္ပဏီအများစုက ကြော်ငြာထည့်ဝင်မှုကို တစ်စိတ်တစ်ပိုင်းရပ်နားထားသည်။ ယခုအခါ အမြဲထမ်းဝန်ထမ်း အင်ဂျင်နီယာအင်အားမှာ ၅၅၀ ထက်နည်းသည်ဟု စီအင်န်ဘီစီတွင် ဖော်ပြထားသည်။

ဝန်ဆောင်မှုအသစ်များကို ဖန်တီးနေချိန် ယခုကဲ့သို့ အင်ဂျင်နီယာအင်အားနည်းပါးခြင်းမှာ ဝန်ဆောင်မှုကို ဆက်လက်ထိန်းသိမ်းရန် ခက်ခဲသည်ဟု အင်ဂျင်နီယာ ဝန်ထမ်းဟောင်းတစ်ဦးက ပြောသည်။ အီလွန်မက်စ်ကမူ အဆိုပါ အစီရင်ခံစာမှာ မှန်ကန်မှုမရှိဟု ပြောသည်။ လက်ရှိဝန်ထမ်းအင်အားမှာ ၂၃၀၀ ရှိပြီး တွစ်တာတွင် အလုပ်လုပ်ကိုင်လျက်ရှိသည်ဟု ဇန်နဝါရီ ၂၀ ရက်တွင် အီလွန်မက်စ်က ပြောသည်။

လူမှုကွန်ရက်ကုမ္ပဏီ၏ လုံခြုံစိတ်ချရမှုနှင့် ယုံကြည်မှုတို့အတွက် ဝန်ထမ်းအင်အား ရာချီရှိပြီး ကန်ထရိုက်တာ အင်အားထောင်ချီ၍ ရှိသည်ဟု ၎င်းကပြောသည်။ **အင်န်အိတ်ချ်ကေ**




# ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူသစ် ၆၄၄၅၀ ရှိပြီး ၃၂၆ ဦး ထပ်မံသေဆုံး

**တိုကျို ဇန်နဝါရီ ၂၂** - ဂျပန်နိုင်ငံ၌ ဇန်နဝါရီ ၂၂ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူသစ် ၆၄၄၅၀ ရှိရာ အဆိုပါရောဂါကြောင့် ထပ်မံသေဆုံးသူ ၃၂၆ ဦးရှိကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ တိုကျိုမြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူသစ်မှာ ၅၁၁၀ ရှိပြီး ပြီးခဲ့သည့် သီတင်းပတ်ကထက် ၃၁၅၉ ဦး လျော့နည်းလာကြောင်း၊ မြို့တော်တိုကျိုတွင် အဆိုပါရောဂါကြောင့် သေဆုံးသူ ၃၃ ဦးရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# တရုတ်ခရီးသွားများကို ဖိလစ်ပိုင်နိုင်ငံ ပြန်လည်လက်ခံကြိုဆိုတော့မည်ဟုဆို

**မနီလာ ဇန်နဝါရီ ၂၂**

ဖိလစ်ပိုင်နိုင်ငံသည် တရုတ်ခရီးသွားများကို ပြန်လည်ကြိုဆိုလက်ခံတော့မည်ဖြစ်ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီး ခရစ္စတီးနား ဖရက်စကိုက ဇန်နဝါရီ ၂၁ ရက်တွင် ပြောသည်။

ဖိလစ်ပိုင်နှင့် တရုတ်နိုင်ငံတို့သည် ဖိလစ်ပိုင်သမ္မတ ဖာဒီနန် ရိုမူလ်ဒက်ဇ် မားကို့စ် တရုတ်နိုင်ငံသို့ အလည်အပတ်ခရီးရောက်ရှိနေစဉ်အတွင်း နှစ်နိုင်ငံကြား ပြည်သူအချင်းချင်း ကူးလူးဆက်ဆံခြင်းနှင့် ယဉ်ကျေးမှုဖလှယ်ခြင်း၏ အရေးပါမှုကို အလေးပေးပြောကြားပြီး ယခုလအစောပိုင်းက ခရီးသွားလုပ်ငန်းကဏ္ဍပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၏ ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုကို ခရီးသွားလုပ်ငန်း၏ ထောက်ပံ့ကူညီမှု ၂၀၁၉ ခုနှစ်တွင် ၁၂ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရသည်။ ၂၀၁၉ ခုနှစ်တွင် တရုတ်ခရီးသွားများသည် ဖိလစ်ပိုင်နိုင်ငံသို့ ၁ ဒသမ ၇၄ သန်းကျော် ဝင်ရောက်ခဲ့သည့်အတွက် ၂၀၁၈ ခုနှစ်က ထက် ၃၈ ဒသမ ၅၈ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ထို့ကြောင့် ဖိလစ်ပိုင်နိုင်ငံသည် အဆိုပါ ခရီးသွားများထံမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံကျော်ရရှိခဲ့ကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

**ဆင်ဟွာ**



# နှင်းကျဆင်းမှုကြောင့် ဂျပန်၌ အမြန်လမ်းအချို့ပိတ်ထားရနိုင်ဟု ခန့်မှန်းထား

**တိုကျို ဇန်နဝါရီ ၂၂**

ဂျပန်နိုင်ငံ မြောက်ပိုင်း၊ အရှေ့ပိုင်းနှင့်အနောက်ပိုင်းဒေသတို့တွင် ဇန်နဝါရီ ၂၄ ရက်မှ ၂၆ ရက်အတွင်း ဆီးနှင်းများ ထူထပ်စွာကျဆင်းမှုကြောင့် အမြန်လမ်းမကြီးများ ပိတ်ထားရဖွယ်ရှိသည်ဟု ခန့်မှန်းထားသည်။ ဟော့ကိုင်းဒိုး၊ ဂန်မာ၊ နာဂါနိုနှင့် တိုယာမာခရိုင်တို့တွင် ဇန်နဝါရီ ၂၃ ရက် ညပိုင်းမှစတင်ကာ အမြန်လမ်းမကြီးများ ပိတ်ထားရဖွယ်ရှိပြီး ဖူကူအိနှင့် ရှီဂါခရိုင်တို့တွင်မူ ဇန်နဝါရီ ၂၄ ရက် ညပိုင်းမှစတင်ကာ အမြန်လမ်းမများ ပိတ်ထားရဖွယ်ရှိသည်ဟုခန့်မှန်းထားသည်။

ကားသမားများအနေဖြင့် မလိုအပ်ဘဲ ခရီးထွက်ခြင်းကို ရှောင်ရှားရန်နှင့် ရာသီဥတုအခြေအနေကို စောင့်ကြည့်ရန် အမြန်လမ်းအော်ပရေတာကုမ္ပဏီများက တိုက်တွန်းထားသည်။ ယာဉ်မောင်းများအနေဖြင့် ဆောင်းရာသီတာယာများ တပ်ဆင်ရန် သတိပေးထားသည်။

ကုန်တင်ကုမ္ပဏီများကို လမ်းလွှဲမှသွားရန် သို့မဟုတ် ကုန်တင်ပို့ဆောင်ရမည့်ရက်ကိုရွှေ့ဆိုင်းရန် အကြံပြုထားသည်။ ဆီးနှင်းများကိုဖယ်ရှားရန်အတွက် အမျိုးသားအဝေးပြေးလမ်းမကြီးများကို တစ်စိတ်တစ်ပိုင်း ပိတ်ထားရဖွယ်ရှိသည်ဟု သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန ဒေသတွင်းဗျူရိုက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# သီရိလင်္ကာနိုင်ငံ၌ ယမန်နှစ်က ရော်ဘာထုတ်ကုန်များ တင်ပို့မှု ဝင်ငွေအမေရိကန်ဒေါ်လာသန်း ၉၀၀ ရရှိခဲ့

**ကိုလံဘို ဇန်နဝါရီ ၂၂**

သီရိလင်္ကာနိုင်ငံသည် ယမန်နှစ်က ရော်ဘာထုတ်ကုန်များ တင်ပို့ခြင်းအားဖြင့် အမေရိကန်ဒေါ်လာသန်း ၉၀၀ ရှာဖွေနိုင်ခဲ့ကြောင်း ရော်ဘာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇန်နဝါရီ ၂၁ ရက်တွင် ပြောသည်။

ယမန်နှစ်က ရော်ဘာထုတ်ကုန်တင်ပို့ခြင်းမှ ရှာဖွေနိုင်ခဲ့သော ပမာဏသည် ၂၀၂၁ ခုနှစ်က ရှာဖွေနိုင်ခဲ့သော ပမာဏထက် အနည်းငယ်လျော့နည်းခဲ့ကြောင်း ရော်ဘာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ မာဒါဝါကူလာဆာရီယာက မီဒီယာသို့ ပြောသည်။ သီရိလင်္ကာနိုင်ငံသည် ၂၀၂၁ ခုနှစ်က ရော်ဘာထုတ်ကုန်များ တင်ပို့ခြင်းမှ အမေရိကန်ဒေါ်လာ ၁ ဘီလီယံရှာဖွေနိုင်ခဲ့ကြောင်း သိရသည်။ သို့သော်လည်း သီရိလင်္ကာနိုင်ငံသည် ၂၀၂၅ ခုနှစ် နောက်ဆုံးထား၍ ရော်ဘာထုတ်ကုန်တင်ပို့ခြင်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၃ ဘီလီယံအထိ ရရှိရန် မျှော်မှန်းလုပ်ဆောင်လျက်ရှိကြောင်း ၎င်းက ပြောသည်။ သီရိလင်္ကာနိုင်ငံမှ ရော်ဘာအချောထည်ထုတ်ကုန်များကို အမေရိကန်နိုင်ငံ၊ ဂျာမနီနှင့် ဂျပန်နိုင်ငံတို့သို့ အဓိကတင်ပို့ရောင်းချပြီး သဘာဝရော်ဘာများကို ပါကစ္စတန်၊ ဂျာမနီနှင့် ဂျပန်နိုင်ငံတို့သို့ အဓိကတင်ပို့ရောင်းချကြောင်း ကူလာဆာရီယာက ပြောသည်။

သီရိလင်္ကာနိုင်ငံသည် ကမ္ဘာပေါ်တွင် သဘာဝရော်ဘာတင်ပို့ရောင်းချသည့် ထိပ်တန်းနိုင်ငံ တစ်နိုင်ငံဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# သီရိလင်္ကာ၌ ငှက်မျိုးစိတ် ၈၁ ခု မျိုးသုဉ်းပျောက်ကွယ်ရန် စိုးရိမ်ရသော အခြေအနေတွင်ရှိ ဟုဆို

**ကိုလံဘို ဇန်နဝါရီ ၂၂**

သီရိလင်္ကာနိုင်ငံ၏ ငှက်မျိုးစိတ် ၈၁ ခုသည် မျိုးသုဉ်းပျောက်ကွယ်ရန် စိုးရိမ်ရသော အခြေအနေတွင်ရှိကြောင်း ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်းဆိုင်ရာ အတွင်းရေးမှူးရုံးက ဇန်နဝါရီ ၂၂ ရက်က ပြောသည်။



သီရိလင်္ကာနိုင်ငံသည် ငှက်မျိုးစိတ်ပေါင်း ၄၃၅ မျိုးဖြင့် ဇီဝမျိုးစုံမျိုးကွဲတည်နေရာတစ်ခုရှိကြောင်းနှင့် ၎င်းကို ၂၀၂၂ ခုနှစ် အနီရောင်မှတ်တမ်း စာအုပ်အတွက် နိုင်ငံအနှံ့စစ်တမ်းကောက်ယူမှုအတွင်း တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအောက်ရှိ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်းဆိုင်ရာ အတွင်းရေးမှူးရုံးမှ ညွှန်ကြားရေးမှူး အဘေကွန်းက ဒေသတွင်းမီဒီယာသို့ ပြောသည်။

အနီရောင်မှတ်တမ်း စာအုပ်သည် မျိုးသုဉ်းလုနီး ရှားပါးသော အပင်များ၊ တိရစ္ဆာန်များနှင့် မှိုမျိုးစိတ်များကို မှတ်တမ်းတင်ထားသော အများပြည်သူဆိုင်ရာ စာတမ်း အမှတ်အသားတစ်ခု ဖြစ်သည်။

**ဆင်ဟွာ**

■

# ဆီးရီးယားနိုင်ငံ အလက်ပို၌ လူနေအဆောက်အအုံတစ်လုံးပြိုကျ ကလေးငယ်များ အပါအဝင် ၁၃ ဦးထက်မနည်း သေဆုံး

**အလက်ပို ဇန်နဝါရီ ၂၂**

ဆီးရီးယားနိုင်ငံ၏ ဒုတိယမြို့တော်ဖြစ်သည့် အလက်ပို၌ ဇန်နဝါရီ ၂၂ ရက်က လူနေအဆောက်အအုံတစ်လုံး ပြိုကျမှုကြောင့် ကလေးငယ်များ အပါအဝင် ၁၃ ဦးထက် မနည်းသေဆုံးကြောင်း အာဏာပိုင်များနှင့် မီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

နိုင်ငံပိုင်သတင်းဌာန SANA က ကနဦးတွင် သေဆုံးသူ ၁၀ ဦးရှိခဲ့သည်ဟု ဖော်ပြထားသော်လည်း ပြည်ထဲရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်ကို ကိုးကား၍ ၁၃ဦး သေဆုံးကြောင်း ပြန်လည်ပြင်ဆင်ခဲ့သည်။ မိသားစု ခုနစ်စု နေထိုင်သော အဆိုပါ အဆောက်အအုံမှာ ဇန်နဝါရီ ၂၂ ရက် အစောပိုင်းက ပြိုကျခဲ့ခြင်းဖြစ်ပြီး သေဆုံးမှုနှုန်း မြင့်တက်နိုင်ခြေ ရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောသည်။

ထို့အပြင် ထိုအဆောက်အအုံတွင် လူပေါင်း ၃၅ ဦးခန့် နေထိုင်ကြောင်း ဒေသခံများက အေအက်ဖ်ပီသို့ ပြောသည်။ နိုင်ငံပိုင်ရုပ်မြင်သံကြားတွင် ဖော်ထားသော ဗီဒီယိုဖိုင်တွင် ကယ်ဆယ်ရေးသမားများသည် အပျက်အစီးများအောက်မှ လူများကို ကယ်တင်ရန် ကြိုးစားလုပ်ဆောင်လျက်ရှိကြောင်း တွေ့ရသည်။ အခြေခံ အုတ်မြစ်များအတွင်းသို့ ရေယိုစိမ့်မှုကြောင့် ပြိုကျခြင်းဖြစ်ကြောင်း သိရသည်။

ဆီးရီးယားနိုင်ငံ၏ ၁၂ နှစ်ကြာ ပဋိပက္ခဖြစ်ပွားမှုကြောင့် အလက်ပိုရှိ အဆောက်အအုံအများအပြား ပျက်စီးခဲ့ပြီး ကျန်ရှိနေသော အဆောက်အအုံများမှာလည်း အိုမင်းဟောင်းနွမ်းနေပြီဟု ဆိုသည်။ ပြီးခဲ့သည့် စက်တင်ဘာလကလည်း အလက်ပိုမြို့တွင် အဆောက်အအုံ တစ်လုံးပြိုကျမှု ဖြစ်ပွားခဲ့ရာ ကလေးငယ် သုံးဦး အပါအဝင် ၁၀ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



အလက်ပို၌ အဆောက်အအုံ ပြိုကျပြီးနောက် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

# ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်း၌ ပစ်ခတ်မှုကြောင့် ကိုးဦး သေဆုံး

**လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၂၂**

ကယ်လီဖိုးနီးယားတောင်ပိုင်း မွန်ထရီရယ်ပန်းခြံ၌ ဇန်နဝါရီ ၂၁ ရက် ညပိုင်းက ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ သေဆုံးသူ အချို့ရှိသည်ဟု လော့စ်အိန်ဂျလိစ်တိုင်းမ်စ်တွင် ဖော်ပြထားသည်။ ကနဦးသတင်းများအရ လူအချို့ပစ်ခတ်ခံရသည်ဟု သိရသည်။ လူသေဆုံးမှုများလည်းရှိသည်ဟု ရဲတပ်ဖွဲ့၏ ပြောကြားချက်အရ သိရသည်။

ပစ်ခတ်မှုကြောင့် ကိုးဦး သေဆုံးခဲ့သည်ဟု သိရသည်။ ၁၀ နာရီဝန်းကျင်တွင် ပစ်ခတ်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တရုတ်နှစ်သစ်ကူးပွဲ ကျင်းပရာနေရာနှင့် နီးကပ်သည်ဟု သိရသည်။

အဆိုပါ ဒေသတွင် အကြီးဆုံးပွဲများထဲမှ တစ်ခုဖြစ်သည့် တရုတ်နှစ်သစ်ကူးပွဲတော်သို့ လူပေါင်း ထောင်နှင့်ချီ၍ လာရောက်ကြသည်။ ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ခေါ်ဆောင်သွားကြပြီး ပစ်ခတ်သူကို ဖမ်းဆီးထားခြင်း ရှိမရှိကိုမူ မသိရသေးချေ။

**ဆင်ဟွာ**

# ပင်လယ်ရေအောက် နစ်မြုပ်ပျောက်ကွယ်တော့မယ့် ဖိလစ်ပိုင်နိုင်ငံရဲ့ ကျွန်းစုလေး

ထွန်းကျော်

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း ကျွန်းရွာလေးတစ်ရွာရဲ့ ဒေသခံတွေဟာ ရာသီဥတုပြောင်းလဲမှုရဲ့ ဆိုးရွားလှတဲ့အကျိုးဆက်ကို နေ့စဉ်နေ့တိုင်း ခံစားနေရပါတယ်။ သူတို့ရဲ့ ကုန်းမြေတွေဟာ ပင်လယ်အောက် နစ်မြုပ်နေပြီဖြစ်ပါတယ်။ တစ်နေ့တခြား ပင်လယ်ရေမျက်နှာပြင်ကလည်း မြင့်တက်လို့ လာပါတယ်။ တစ်ခါတစ်ရံ ပင်လယ်က လှိုင်းလုံးကြီးတွေတက်လာရင် ပင်လယ်ရေအောက်ကို ရောက်သွားမလားဆိုပြီး စိုးရိမ်စိတ်တွေနဲ့ နေ့စဉ်ဘဝကို ဖြတ်သန်းနေကြရပါတယ်။ ဒီလောက် အန္တရာယ်များတာတောင် ဒေသခံအများစုကတော့ ဒီနေရာလေးကို မစွန့်ခွာနိုင်ကြသေးဘဲ နေထိုင်လျက်ရှိပါတယ်။ သူတို့တွေက ကမ္ဘာမှာရှိတဲ့ အိပ်ရာပေါ်မှာပဲ အိပ်ခဲ့ရပါတယ်။ ဒါဟာ ရေရှည်မှာ မဖြစ်နိုင်ပါဘူး။ ပင်လယ်လှိုင်းလုံးကြီးတွေ မြင့်တက်လာခြင်းက ရာသီဥတုပြောင်းလဲမှုလို့ မှတ်ယူနိုင်ပါတယ်။ ဆိုလိုတာကတော့ ရေကြီးခြင်းဟာ သတိထားရမယ့်နှုန်းနဲ့ အခြေအနေ ပိုပိုဆိုးလာခြင်းကို ဖော်ပြပါတယ်။

'ငလျင်လှုပ်ပြီး နှစ်နှစ်ကြာတော့ ရေတွေက ကျွန်မရဲ့ ခြေမျက်စိအထိ ရောက်ပါတယ်။ အခုတော့ ပေါင်ထိ ရောက်နေပြီ'လို့ ၎င်းက ဆက်ပြောပါတယ်။

**သဘာဝဘေး ထပ်မံရောက်ရှိ**

ပြီးခဲ့တဲ့ ဒီဇင်ဘာလက ဖိလစ်ပိုင်နိုင်ငံကို တိုင်ဖွန်းမုန်တိုင်း ရိုင် ဝင်ရောက်ချိန်က နောက်တစ်ကြိမ် သဘာဝဘေးခြင်းက ကျောင်းသားတွေကို ကျောင်းသွားတဲ့နေရာမှာ အနှောင့်အယှက်ဖြစ်စေပါတယ်။ ဘတ်တာဆန်မှာရှိတဲ့ ကလေးတွေဟာ ကျောင်းကိုရောက်ဖို့ ရွှံ့ရည်တွေကို ဖြတ်သွားရပါတယ်။ ငါးတန်းကျောင်းသူ အန်ဂျလီတက်စ်ဆိုရီယိုဆိုရင် ကျောင်းအထိ ဖိနပ်ကိုကိုင်သွားရပါတယ်။ ကျောင်းသွားတဲ့အခါ ပင်လယ်ရေက မြင့်တက်နေပြီဖြစ်ပါတယ်။ ဒါကြောင့် ကိုယ့်ဖိနပ်ကိုယ်ကိုင်ပြီး ကျောင်းကို သွားရပါတယ်။ ကျောင်းရောက်မှ ဖိနပ်စီးရတာပါလို့ သူက ပြောပါတယ်။

မာရီနာဂါဘယ်တိုဟာ ဘတ်တာဆန် မူလတန်းကျောင်းမှာ ဆယ်စုနှစ်နှစ်စုကျော် စာသင်ပေးနေတဲ့ ဆရာမရှင် ပရော်ဖက်ဆာ ဖာနန်ဒိုဆီရင်ဂန်က ဒေသခံတွေ ကြုံတွေ့နေရတဲ့ သဘာဝဘေးဆိုင်ရာ ပြဿနာတွေဟာ အနာဂတ်မှာ ဒီထက် ပိုဆိုးလာဖို့ပဲရှိတယ်လို့ မှတ်ချက်ပြုခဲ့ပါတယ်။

ဒီကုန်းမြေဟာ ပင်လယ်ရေအောက်ကို ဆက်လက်နိမ့်ဆင်းဖို့ပဲရှိတယ်လို့ သူကပြောပါတယ်။ ပင်လယ်ရေမျက်နှာပြင် လျင်လျင်မြန်မြန်မြင့်တက်လာခြင်းကြောင့် ဒီကုန်းမြေဟာ လာမယ့်နှစ်အနည်းငယ်အတွင်းမှာ ပင်လယ်ရေအောက်ကို ရောက်ရှိနိုင်တယ်လို့ သူကပြောပါတယ်။

**မြေပြန့်ဒေသမှာ အခြေစိုက်ဖို့ တိုက်တွန်း**

ဒါကြောင့် အခုဆိုရင် အဲဒီကျွန်းမှာ မှီတင်းနေထိုင်သူတွေကို သက်ဆိုင်ရာ အာဏာပိုင်တွေက မြေပြန့်ဒေသတွေမှာ ပြန်လည်အခြေချဖို့ တိုက်တွန်းလျက်ရှိပြီး ရွှေ့ပြောင်းချင်သူများအတွက် တန်ဖိုးနည်း အိမ်ရာတွေကိုလည်း စီစဉ်ပေးထားပါတယ်။ ဒါပေမယ့်လည်း အခုအချိန်အထိ မိသားစုအနည်းငယ်သာ ပြောင်းရွှေ့လာကြပါတယ်။ အများစုကတော့ အာဏာပိုင်တွေရဲ့ တိုက်တွန်းမှုတွေကို လျစ်လျူရှုပြီး သူတို့ရဲ့ ဘဝရှင်သန်ရေးအတွက် အဲဒီကျွန်းကိုသာ မှီခိုနေထိုင်နေတုန်းပါ။ ကျွန်းကိုမှီခိုနေတဲ့ ဒေသခံအများစုဟာ ငါးဖမ်းပြီး ဘဝရှင်သန်ရေးအတွက် ကြိုးစားနေကြပါတယ်။

**ဒီနေရာကို စွန့်ခွာသွားမယ်**

ဒီကျွန်းဟာ မိမိတို့ရဲ့ နေ့စဉ်ဘဝရှင်သန်နေထိုင်မှုဖြစ်တယ်လို့ ဒေသခံတစ်ယောက်က ပြောပါတယ်။ ဘုရားက မိမိတို့ကို စွန့်ခွာသွားမှာ မဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒီမှာက အစားအစာ အရင်းအမြစ်တွေပေါပါတယ်။ ရေက ခေါင်မိုးထိ ရောက်လာပြီဆိုရင်တော့ ကျွန်တော်တို့ ဒီနေရာကို စွန့်ခွာသွားပဲ့



ညစ်ညမ်းမှုဖန်တီးနေသူတွေကို သူတို့ပြုလုပ်ထားတဲ့ လုပ်ရပ်တွေအတွက် တာဝန်ယူပေးကြဖို့လည်း တောင်းဆိုနေကြပါတယ်။

**မြေအောက်ကို နိမ့်ဆင်း**

လှိုင်းကြီးတဲ့အခါတိုင်း ပင်လယ်ရေတွေဟာ အန်နီကက်စ်ကွီဂျိုရဲ့ အိမ်ထဲကို စိမ့်ဝင်လာနေပါပြီ။ ဘိုဟောပြည်နယ်နဲ့ ဘတ်တာဆန်ကျွန်းမှာ ပြင်းအား ၇ ဒသမ ၂ အဆင့်ရှိတဲ့ငလျင်လှုပ်ခဲ့ချိန် လွန်ခဲ့တဲ့ ဆယ်စုနှစ်နီးပါးက တည်ဆောက်ခဲ့တဲ့ ကြမ်းပြင်ကျောက်တုံးကြားကိုဖြတ်ပြီး ရေတွေဝင်လာကြပါတယ်။ ငလျင်က အဲဒီဒေသရဲ့ ကုန်းမြေကို အောက်ဘက်နိမ့်ဆင်းစေခဲ့ပါတယ်။ ဘတ်တာဆန်ကျွန်းဟာ မြေအောက်ကို တစ်မီတာလောက် နိမ့်ဆင်းခဲ့ပါတယ်။

'ရေက ကျွန်မတို့ရဲ့ စားပွဲခုံကို နစ်မြုပ်စေတယ်'လို့ ကက်စ်ကွီဂျိုက စိုးရိမ်ထိတ်လန့်နေတဲ့အသံနဲ့ ပြောပါတယ်။ ငလျင်လှုပ်ပြီး လအနည်းငယ်အတွင်းမှာပဲ သူနဲ့ သူ့ရဲ့ မိသားစုဟာ ညှော့ခန်း

> ❇ **အခုဆိုရင် အဲဒီကျွန်းမှာ မှီတင်းနေထိုင်သူတွေကို သက်ဆိုင်ရာ အာဏာပိုင်တွေက မြေပြန့် ဒေသတွေမှာ ပြန်လည်အခြေချဖို့ တိုက်တွန်းလျက်ရှိပြီး ရွှေ့ပြောင်းချင်သူများအတွက် တန်ဖိုးနည်းအိမ်ရာတွေကိုလည်း စီစဉ်ပေးထားပါတယ်။ ဒါပေမယ့်လည်း အခုအချိန်အထိ မိသားစုအနည်းငယ်သာ ပြောင်းရွှေ့လာကြပါတယ်။ အများစုကတော့ အာဏာပိုင်တွေရဲ့ တိုက်တွန်းမှုတွေကို လျစ်လျူရှုပြီး သူတို့ရဲ့ဘဝရှင်သန်ရေးအတွက် အဲဒီကျွန်းကိုသာ မှီခိုနေထိုင်နေတုန်းပါ**

တစ်ခုထပ်မံရောက်ရှိခဲ့ပါသေးတယ်။

အဲဒီအချိန်တုန်းက ဘတ်တာဆန်ကျွန်းမှာ ပင်လယ်ရေတွေ ဝိုင်းပြီး ပင်လယ်အမှိုက်တွေ စုပုံရောက်ရှိခဲ့ပါတယ်။ အဲဒီမုန်တိုင်းကြောင့် နိုင်ငံတစ်ဝန်း လူပေါင်း ၄၀၀ လောက်သေဆုံးခဲ့ပြီး သန်းထက်ဝက်ခန့် ရွှေ့ပြောင်းခဲ့ရပါတယ်။

ပင်လယ်လှိုင်းတွေ မြင့်တက်လာခြင်းက ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပါတယ်။ ပင်လယ်ရေတက်လာတိုင်း စာသင်ရတာ အနှောင့်အယှက်ဖြစ်ရတယ်လို့ သူကပြောပါတယ်။ ရေတွေ တက်လာပြီဆို အမှိုက်တွေလည်း ပါလာတယ်၊ အဲအချိန်ဆို ဘယ်သူမှ သင်ခန်းစာအပေါ် အာရုံမစိုက်နိုင်တော့ဘူးလို့ သူက ပြောပါတယ်။

**ပင်လယ်ရေအောက်ကိုရောက်နိုင်**

ပင်လယ်ရေကြောင်း ဘူမိဗေဒပညာ

မှီတင်းနေထိုင်သူတွေကို သက်ဆိုင်ရာ အာဏာပိုင်တွေက မြေပြန့်ဒေသတွေမှာ ပြန်လည်အခြေချဖို့ တိုက်တွန်းလျက်ရှိပြီး ရွှေ့ပြောင်းချင်သူများအတွက် တန်ဖိုးနည်း အိမ်ရာတွေကိုလည်း စီစဉ်ပေးထားပါတယ်။ ဒါပေမယ့်လည်း အခုအချိန်အထိ မိသားစုအနည်းငယ်သာ ပြောင်းရွှေ့လာကြပါတယ်။ အများစုကတော့ အာဏာပိုင်တွေရဲ့ တိုက်တွန်းမှု

မယ်လို့ အဲဒီဒေသခံက ပြောပြပါတယ်။

**ဒီရေတောတွေက မျှော်လင့်ချက်ကို ယူဆောင်လာမယ်**

ဘတ်တာဆန်ကျွန်းရဲ့ တစ်ဖက်မှာတော့ ဒီရေတော ၅၄ ဟက်တာက ဒေသခံတွေကိုသယံဇာတတွေထောက်ပံ့ပေးပါတယ်။ ဒီရေတောတွေက ဒေသခံတွေကို တိုင်ဖွန်းအန္တရာယ်ကနေ ကာကွယ်ပေးနိုင်မယ်လို့ ယုံကြည်ကြောင်း ဒေသခံတစ်ဦးက ပြောပါတယ်။ ထူထဲလှတဲ့ ဒီရေတောတွေက လေပြင်းတိုက်ခတ်ခြင်းနဲ့ ပင်လယ်လှိုင်းကြမ်းအန္တရာယ်ကို ကာကွယ်ပေးနိုင်တယ်လို့ တခြားဒေသခံတစ်ဦးကလည်း ပြောပါတယ်။ ဒေသခံတွေဟာ ဒီရေတောတွေကို စောင့်ရှောက်ကာကွယ်သွားမှာဖြစ်သလို တခြားကမ်းခြေအနီး နေထိုင်သူတွေကိုလည်း ဒီရေတောတွေကို ကာကွယ်ဖို့ တိုက်တွန်းလှုံ့ဆော်လျက်ရှိပါတယ်။ ။

ကိုးကား - ဆင်ဟွာ

# ကိုဗစ်-၁၉ ရောဂါ ခါတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၆) ရာခိုင်နှုန်းရှိ

**(၂၂-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓါတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓါတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၁-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓါတ်ခွဲနမူနာစုစုပေါင်း (၃,၀၇၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓါတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၆) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓါတ်ခွဲနမူနာစုစုပေါင်း (၉,၉၀၈,၃၆၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓါတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၈၀၁) ဦး ရှိပြီဖြစ်ပါသည်။

ဓါတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၂၄၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၁-၁-၂၀၂၃) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၈၇၁,၄၇၉) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၀၇,၃၉၂) ဦး တို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၂၁-၁-၂၀၂၃ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၈၇၁,၄၇၉ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၀၇,၃၉၂ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့် အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal)နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၁-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၀၅ | ၂၃၅၅ | ၂၃၄၅ | ၂၃၁၅ | ၂၃၅၀ | ၂၃၇၅ | ၂၃၆၀ | ၂၃၃၅ | ၂၄၃၅ | ၂၄၅၀ | ၂၃၄၅ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၅ | ၂၆၂၀ | ၂၉၀၀ |
| 95 Ron | ၂၃၈၅ | ၂၄၃၅ | ၂၄၃၀ | ၂၃၉၀ | ၂၄၃၀ | ၂၄၅၅ | ၂၄၄၀ | ၂၄၁၅ | ၂၅၁၅ | ၂၅၃၀ | ၂၄၂၅ | ၂၄၄၀ | ၂၄၇၀ | ၂၄၇၀ | ၂၄၇၀ | ၂၇၀၀ | ၂၉၈၀ |
| HSD (500 ppm) | ၂၄၈၀ | ၂၅၂၅ | ၂၅၂၅ | ၂၄၈၅ | ၂၅၂၅ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၆၅ | ၂၇၉၅ | ၃၅၀၀ |
| HSD (50 ppm) | ၂၅၆၀ | ၂၆၀၅ | ၂၆၀၅ | ၂၅၆၅ | ၂၆၀၅ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၇၁၀ | ၂၇၀၅ | ၂၆၀၀ | ၂၆၁၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၄၅ | ၂၈၇၅ | ၃၅၃၀ |
| HSD (10 ppm) | ၂၅၆၀ | ၂၆၀၅ | ၂၆၀၅ | ၂၅၆၅ | ၂၆၀၅ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၇၁၀ | ၂၇၀၅ | ၂၆၀၀ | ၂၆၁၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၄၅ | ၂၈၇၅ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၉၀ | ၂၂၆၈ |
| 95 Ron | ၂၂၆၇ | ၂၃၄၆ |
| HSD (500 ppm) | ၂၃၆၂ | ၂၄၃၉ |
| HSD (50 ppm) | ၂၄၃၆ | ၂၅၁၄ |
| HSD (10 ppm) | ၂၄၃၆ | ၂၅၁၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ငါးရုံ့တောင်တန်းပေါ်၌ ဗုဒ္ဓဆင်းတုတော်ငါးထောင်၊ ဗောဓိငါးထောင် တည်ထားရန် ဆင်းတုတော်များလှူဒါန်းနိုင်

ညောင်ဦး ဇန်နဝါရီ ၂၂

**မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နှင့် ကြက်မောက်တောင်ဆည်ကြား(မိတ္ထီလာ-ကျောက်ပန်းတောင်း)ကားလမ်းမကြီးအနီး တစ်ဖာလုံခန့်အကွာရှိ မတ်တစ်ထောင်ကပ်ရှောင်(ခေါ်)ငါးရုံ့တောင်တန်းပေါ်၌ မဟာဗုဒ္ဓဆင်းတုတော်ငါးထောင်နှင့် မဟာဗောဓိငါးထောင် တည်ထားကိုးကွယ်လျက်ရှိကြောင်း ဗောဓိငါးထောင် ဂေါပကဥက္ကဋ္ဌ ဦးမြင့်ချိုထံမှ သိရသည်။**



အဆိုပါ မဟာဗုဒ္ဓဆင်းတုတော် ငါးထောင်နှင့် မဟာဗောဓိငါးထောင်ကို ကမ္ဘာ့သာသနာပြု တောင်ပုလုတိုက်ခွဲ ချင်းတောင်တန်းသာသနာပြု ဆရာတော်က ဦးဆောင်ကာ ၂၀၁၄-၂၀၁၅ ခုနှစ်ကပင် စတင်အကောင်အထည်ဖော်လာခဲ့ခြင်း ဖြစ်ကာ ယခုဆိုလျှင် ဘုရားဆင်းတုတော် ၆၀၀ တည်ထားနိုင်ခဲ့ပြီဖြစ်ပြီး ဗောဓိညောင်ပင် ၅၀၀၀ စိုက်ထားနိုင်ပြီဖြစ်ကြောင်း၊ တည်ထားကိုးကွယ်တော်မူမည့် ဆင်းတုတော်များ ကမ္ဘာတည်သရွေ့တည်ရှိစေနိုင်ရန် စကျင်ကျောက်ဆင်းတုတော်များသာ မှာယူကိုးကွယ်စေကြောင်း၊ ဘုရားဆင်းတုတော်တစ်ဆူနှင့် တစ်ဆူကြား ၁၂ ပေ ခြားကာ အလယ်တွင် ဗောဓိညောင်ပင်တစ်ပင်စီ စိုက်ပျိုးထားပြီး ညောင်ပင်ကြီးလာလျှင် ပလ္လင်တော်နှင့် ဘုရားဆင်းတုတော်များ ညောင်မြစ်အန္တရာယ်မှ ကာကွယ်ပြီးသားဖြစ်ရန် ရေရှည်စီမံချက်ထား စိုက်ပျိုးထားကြောင်း၊ ဆင်းတုတော်များမှာ ပလ္လင်တော်အမြင့် နှစ်ပေခွဲနှင့် စကျင်ကျောက် ဆင်းတုတော်များ၏ ဉာဏ်တော်မှာ သုံးပေသို့မဟုတ် လေးပေရှိကြောင်း၊ ညောင်ပင် မကြီးသေးမီ လေဒဏ်မိုးဒဏ်ခံနိုင်ရန် တည်ထားပြီးဆင်းတုတော်များအား သံထီးတော်များမိုးထားပေးကြောင်း ဗောဓိငါးထောင်ဂေါပက ဒုတိယဥက္ကဋ္ဌ ဦးဟန်ဝင်းအောင်က ပြောသည်။

မဟာဗောဓိငါးထောင် တည်ထားကိုးကွယ်လျက်ရှိသည့် မတ်တစ်ထောင် ကပ်ရှောင်(ခေါ်) ငါးရုံ့တောင်တန်းပေါ်တွင် တည်ထားမည့် ဘုရားဆင်းတုတော်နှင့် ဗောဓိညောင်ပင်များအတွက် လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ဉာဏ်တော်လေးပေ စကျင်ကျောက်ဆင်းတုတော် တစ်ဆူလျှင် ကျပ်ဆယ်သိန်းနှုန်း၊ ဉာဏ်တော်သုံးပေ စကျင်ကျောက်ဆင်းတုတော်တစ်ဆူလျှင် ကျပ်ရှစ်သိန်းခွဲနှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း၊ ဘုရားဆင်းတုတော်များ၊ ပလ္လင်တော်၊ သံထီးတော်နှင့် ဗောဓိညောင်ပင်များကို ပြည်ဝ ရှင်ကျောင်းတိုက်မှ ဆရာတော်သံဃာတော်များက ထိန်းသိမ်းစောက်ရှောက်လျက်ရှိကြောင်း သိရသည်။

**ဒီပါလင်း**

## "မြန်မာတူရိယာဂီတပညာကျော်များ" စာအုပ်ဖြန့်ချိရောင်းချ

**နေပြည်တော် ဇန်နဝါရီ ၂၂**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ပန်တျာ မြင့်အောင်၏ "မြန်မာတူရိယာဂီတပညာကျော်များ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိပါသည်။

ယင်းစာအုပ်သည် ၁၉၆၂ ခုနှစ်က စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်ဖြစ်ပြီး စာအုပ်တန်ဖိုးမှာ အဖိုးနည်းတစ်ကျပ်တန် စာအုပ်ဖြစ်ပါသည်။ ထိုခေတ်ထိုအခါက သက်ရှိထင်ရှားရှိကြသည့် သီချင်းကြီးကဏ္ဍမှ တူရိယာဂီတပညာရှင်ကြီး ၁၂ ဦး၏ အတ္ထုပ္ပတ္တိကို နောင်လာနောက်သားများသိရှိကာ အတုယူအားကျစေရန်နှင့် ဂုဏ်ယူတန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ စာပေဗိမာန်က ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေခြင်း ဖြစ်ပါသည်။

မြန်မာတို့၏ ဆိုင်းတူရိယာမျိုးမှာ တစ်မူထူးသော တူရိယာမျိုးဖြစ်ကာ ပတ်မကြီးနှင့် ဆိုင်းဝိုင်းကြီးမှာ မြန်မာနိုင်ငံမှလွဲ၍ မည်သည့်နိုင်ငံတွင်မှ မရှိခဲ့ပုံ၊ အနောက်တိုင်း တီးဝိုင်းများတွင် တီးဝိုင်းဆရာက တုတ်ကလေးတစ်ချောင်းနှင့် မည်သို့တီးရန် အဖွဲ့သားများကို ပြသပေးရသော်လည်း မြန်မာဆိုင်းဝိုင်းတွင်မူ တီးဝိုင်းဆရာမရှိဘဲနှင့် အားလုံး ညီတူညာတူ တီးမှုတ်နေကြသည်ကို နိုင်ငံခြားသားများ အလွန်နှစ်ခြိုက်ကာ အံ့ဩချီးမွမ်းကြပုံ၊ ဗြိတိသျှအစိုးရက မြန်မာ့ယဉ်ကျေးမှုတစ်ခုဖြစ်သော ဂီတပညာကို ဥပေက္ခာပြုထားသည့် ခေတ်အခါတွင် ဂီတပညာရှင်များ တိုးပွားစေရန် ဂီတသုတေသနအသင်း တည်ထောင်ကြပုံ စသည်ဖြင့် ဂီတသုခုမပညာရှင်များ၏ စိတ်နေသဘောထား၊ ထိုဆရာကြီး၊ ဆရာမကြီးများ၏ ပညာဆည်းပူး သင်ယူခဲ့ရပုံများနှင့် ဘဝရုန်းကန်ခဲ့ရပုံများကို စာရေးသူကိုယ်တိုင် တွေ့ဆုံမေးမြန်း မှတ်တမ်းတင်ပြုစုထားသည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေးကျပ်၂၅၀၀ ဖြင့် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် ဇန်နဝါရီ ၂၂**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ ကလေးစာပေ ပထမဆုရ "ဝတ်ရည်ခင်(ပဲခူး)" ရေးသားသည့် "မြန်မာ့မေတ္တာစွမ်း ကမ္ဘာကို လွှမ်းစေရမည်နှင့် ကလေးဝတ္ထုတိုများ" စာအုပ်ကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက် ရှိပါသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည်အမှတ် (၅၂၉/ ၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ရုံးများမှတစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက် ရှိပါသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်းအမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကြံခင်းမြို့နယ်အတွင်း ကျေးရွာ ၂၀ ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**ကြံခင်း ဇန်နဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ထောက်ပံ့ရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေများဖြင့် မြို့နယ်အတွင်း ကျေးရွာ ၂၀ ၌ ကျေးရွာ၏ ပကတိလိုအပ်ချက်များဖြစ်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်အတွင်းရှိ ကျေးရွာ ၂၀၌ မီးလင်းရေးလုပ်ငန်းကိုးခု၊ ရေရရှိရေးလုပ်ငန်းနှစ်ခု၊ ချောင်းကျောက်လမ်းခင်းခြင်းလုပ်ငန်းငါးခု၊ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းနှစ်ခု၊ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှစ်ခု၊ စုစုပေါင်း ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း ၂၀ ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ထောက်ပံ့ရန်ပုံငွေကျပ်သန်း ၂၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၀၂ ဒသမ ၆၄၂၇ သန်းဖြင့် အောက်တိုဘာလပထမပတ်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကာ ယခုအခါ လုပ်ငန်းအားလုံး ရာခိုင်နှုန်းပြည့် ပြီးစီးခြင်းဖြစ်သည်။

"ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းက ဖွံ့ဖြိုးမှုနည်းပါးတဲ့ ကျေးရွာတွေကို ဆောင်ရွက်ပေးပါတယ်။ ကျေးရွာမှာ လိုအပ်တဲ့ လုပ်ငန်းတွေကို နိုင်ငံတော်က ခွင့်ပြုတဲ့ငွေနဲ့ ပြည်သူလူထုရဲ့ထည့်ဝင်မှုနဲ့ ဦးစားပေးလုပ်ငန်းအလိုက် လုပ်ငန်းစီမံချက်ရေးဆွဲပြီးတော့ ကျေးရွာရဲ့ ပကတိလိုအပ်တဲ့ ဖွံ့ဖြိုးရေးအစီအစဉ်တွေကို ပြည်သူကိုယ်တိုင် ဖော်ထုတ်ပြီး ၎င်းတို့ကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆောင်ရွက်တာ ဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးမှုနဲ့ ကြီးကြပ်တာတွေ ဆောင်ရွက်ပါတယ် " ဟု မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးယဉ်မင်းဦးက ပြောသည်။

**စိုးမိုးကျော်**

## ဟိုင်းကြီးကျွန်းမြို့မှ ကျေးရွာအုပ်စုနှစ်ခု၌ လျှပ်စစ်ဓာတ်အားစတင်ရရှိ

**ဟိုင်းကြီးကျွန်း ဇန်နဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ ကံချိုင်ကျေးရွာအုပ်စုနှင့် ရဲခေါင်ကြီးကျေးရွာအုပ်စုတို့မှ ကျေးရွာသုံးရွာ၌ ဇန်နဝါရီ ၁၉ ရက်နံနက်ပိုင်းမှစတင်၍ လျှပ်စစ်ဓာတ်အား စတင်ရရှိပြီဖြစ်ကြောင်း သိရသည်။

ကံချိုင်ကျေးရွာအုပ်စု ဘန့်ဘွေးကျေးရွာ၊ အောက်ကွင်းကျေးရွာနှင့် ရဲခေါင်ကြီးမြောက်ကျေးရွာအုပ်စုမှ မြစ်ကျိုးကျေးရွာတို့၌ အိမ်သုံးမီတာအလုံး ၃၀ စီ တပ်ဆင်ပြီးစီး၍ ဇန်နဝါရီ ၁၉ ရက်က လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်ကာ ကျေးရွာမီးလင်းရေးလုပ်ငန်းများကို လည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **လှိုင်မျိုးအောင်(ပြန်/ဆက်)**

## တောင်ငူခရိုင်၌ ပြည်သူများအတွက် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**တောင်ငူ ဇန်နဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ တောင်ငူခရိုင်အတွင်းမှ မြို့နယ်ငါးမြို့နယ်၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် တိုင်းဒေသကြီးရန်ပုံငွေတို့ဖြင့် ဆောင်ရွက်သော ကျေးလက်ရေရရှိရေးလုပ်ငန်း ၂၇ ခုမှာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးသန့်ဇင်မျိုးက ပြောသည်။

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကျပ် ၃၄၅ ဒသမ ၉၀၅ သန်းအသုံးပြုပြီး ကျေးလက်ရေရရှိရေးလုပ်ငန်းပေါင်း ၁၄ ခု၊ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေကျပ် ၃၂၇ ဒသမ ၁၆၅ သန်းအသုံးပြုပြီး ကျေးလက်ရေရရှိရေးလုပ်ငန်း ၁၃ ခု စုစုပေါင်း ကျေးလက်ရေရရှိရေးလုပ်ငန်း ၂၇ ခုကို တင်ဒါအောင်ကုမ္ပဏီများမှ တာဝန်ယူ၍ ၂၀၂၂ ခုနှစ် ဇူလိုင်လပထမပတ်မှစတင်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အချင်းလေးလက်မရှိသော တွင်းနက်တူးဖော်ခြင်းလုပ်ငန်းများ၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများ၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းများ၊ ဆိုလာစနစ်သုံးရေတင်စနစ် တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခရိုင်အတွင်းရှိ တောင်ငူမြို့နယ်၊ ဖြူးမြို့နယ်၊ အုတ်တွင်းမြို့နယ်၊ ကဝမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့၌ ဆောင်ရွက်သော ကျေးလက်ရေရရှိရေးလုပ်ငန်းများအားလုံးတွင် ဆိုလာစနစ်သုံးရေတင်စနစ်များ ပါဝင်သည့်အတွက် မြို့နယ်ငါးမြို့နယ်ရှိ အိမ်ထောင်စု ၃၉၇၃ စုမှ ကျေးလက်နေပြည်သူများ စက်သုံးဆီကုန်ကျစရိတ်မရှိဘဲ သန့်ရှင်းသောသောက်သုံးရေကို ရရှိသုံးစွဲနေပြီဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးက ပြောသည်။

**ကိုညို(ကျေးလက်)**

**ကမ္ဘာ့အပူချိန်လျော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက် ဆောင်ရွက်စို့**

# တစ်ပိုင်တစ်နိုင် လက်မှုလုပ်ငန်းမှသည် စက်မှုလုပ်ငန်းဆီသို့ ဦးတည်ဆောင်ရွက်နေသည့် စလင်းမြို့ ဝက်သည်းကန်မှ ထွက်ရှိသော ကြာချည်ထုတ်လုပ်ငန်း

**စလင်းမြို့ ဝက်သည်းကန်အတွင်း သဘာဝအတိုင်းပေါက်ရောက်နေသော ကြာပင်၊ ကြာပန်းများသည် အလှတရားများစွာဖြင့် ယနေ့ထိတိုင် တည်ရှိနေပြီး ဒေသခံပြည်သူများအတွက် စားဝတ်နေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖန်တီးပံ့ပိုးပေးနေသည့် "ဟင်းအိုးကြီးသဖွယ်" အထင်ကရနေရာ တစ်ခု ဖြစ်သည်။**

မောင်မောင်(မင်းဘူး)

ဝက်သည်းကန်သည် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ်တွင်တည်ရှိပြီး လူသိများ ထင်ရှားကာ ပြည်တွင်း/ပြည်ပခရီးသွား မိဘပြည်သူများအတွက် စိတ်အပန်းဖြေ လည်ပတ်သွားလာစရာ အထင်ကရ နေရာတစ်ခုဖြစ်သည့်အပြင် တန်ခိုးကြီးဘုရားများ၊ ဗိုလ်ဥတ္တမခံတပ်နှင့် စလင်းရုပ်စုံကျောင်းစသည့် ရှေးဟောင်းသာသနိကအဆောက်အအုံများစွာတည်ရှိသော မြို့လည်းဖြစ်သည်။

## ဝက်သည်းကန်

ဝက်သည်းကန်ကို နရပတိစည်သူမင်းကြီး၏ ကိုယ်လုပ်တော် ရှင်စောဝက ခရစ်သက္ကရာဇ် ၁၁၉၄ ခု၊ (ကောဇာသက္ကရာဇ် ၅၅၆ ခုနှစ်)တွင် စတင်တူးဖော်ခဲ့ပြီး ကန်၏မူလဧရိယာအကျယ်အဝန်းမှာ ၁ ဒသမ ၇ စတုရန်းမိုင် (၁၀၈၈ ဧက) ကျယ်ဝန်းကြောင်း၊ ယခု လက်ရှိတွင် ကန်၏အကျယ်အဝန်းမှာ ဧက ၅၃၀ နှင့် ရေပြင်၏ အကျယ်ဧရိယာမှာ ဧက ၃၅၀ စုစုပေါင်း ဧက ၈၈၀ ရှိပြီး ယင်းကန်ကို သားငှက်ဘေးမဲ့ကြိုးဝိုင်းအဖြစ် ၁၉၅၃ ခုနှစ်မှစတင်သတ်မှတ်ခဲ့ကြောင်း လေ့လာမှတ်သားခဲ့ဖူးသည်။

ဝက်သည်းကန်ကို အမှီပြုပြီး အနီးပတ်ဝန်းကျင်တွင် နေထိုင်ကြသောကျေးရွာများရှိ ဒေသခံပြည်သူများက ကန်အတွင်း၌ သဘာဝအတိုင်း ပေါက်ရောက်နေသော ကြာပင်များမှ ကြာရိုးများကို အသုံးပြုကာ မိမိတို့တတ်မြောက်ထားသော လက်မှုပညာဖြင့် ပေါင်းစပ်၍ ကြာချည်ဖြင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်နိုင်သည့် ကြာချည်ထုတ်လုပ်ငန်းကို တစ်ပိုင်တစ်နိုင် လက်မှုလုပ်ငန်းမှသည် စက်မှုလုပ်ငန်းဆီသို့ ဦးတည်ပြီး ယနေ့ထိတိုင် ကြိုးစားလုပ်ကိုင်နေကြသည် မြင်တွေ့ရသည်။




မြထည်ဝါကြာချည်လုပ်ငန်း၌ ကြာရိုးများမှ ကြာချည်ထုတ်နေစဉ်။

> **စလင်းမြို့ ဝက်သည်းကန်မှ ရရှိလာသော ကြာချည်များကို ကုန်ကြမ်းအဖြစ်သာ ထုတ်လုပ်နိုင်ပြီး ကြာချည်အခြောက် ကုန်ကြမ်းများကို အင်းလေးဒေသတွင် ရက်ကန်းနှင့် နည်းပညာများကို အသုံးပြု၍ ကြာသင်္ကန်း၊ ကြာပဝါ၊ ကြာပိုက်ဆံအိတ်၊ ကြာဦးထုပ်၊ ကြာအဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးအဖြစ် ကုန်ချော ထုတ်လုပ်ဖြန့်ဖြူးရောင်းချကြောင်း သိရသည်**

## ကြာချည်ထုတ်လုပ်ငန်း

ယခင်က စလင်းမြို့၌ ကြာချည်ထုတ်လုပ်ငန်း လုပ်ကိုင်သူ မရှိသလောက်နည်းပါးပြီး ကန်အတွင်း ပေါက်ရောက်နေသောကြာများကို ပန်းအဖြစ်ခူးရောင်းခြင်း၊ ကြာရွက်ကို ဖက်(ကြာဖက်)အဖြစ် အသုံးပြုရန် ခူးရောင်းခြင်းများသာ အများစုလုပ်ကိုင်ကြသည်။ တိုးတက်လာသော ခေတ်စနစ်များနှင့်အညီ လေ့လာအားကောင်းသော ဒေသခံပြည်သူများက အင်းလေးဒေသတွင် ကြာရိုးမှတစ်ဆင့် ကြာချည်အဖြစ် ထုတ်လုပ်၍ ရသည်ကို သိရှိလာကြပြီးနောက် ကြာချည်ထုတ်လုပ်ငန်းကို စတင်လုပ်ကိုင်ရန် ၂၀၀၉ ခုနှစ်က အင်းလေးဒေသသို့ သွားရောက်ပြီး ကြာချည်ထုတ်နည်းပညာရပ်ကို လေ့လာသင်ယူခဲ့ကာ ယနေ့ထိတိုင် ကြာချည်ထုတ်လုပ်ငန်းကို မြန်မာ့ရိုးရာလက်မှုပညာအဖြစ် လုပ်ကိုင်ဆောင်ရွက်လာကြသည်။ ထို့ပြင် ၂၀၁၉ ခုနှစ်က မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ပံ့ပိုးကူညီမှုဖြင့် ပခုက္ကူမြို့ရှိ စက်ရက်ကန်းသင်တန်းကျောင်းသို့ သွားရောက်လေ့လာသင်ယူခဲ့ကြောင်း မြထည်ဝါ ကြာချည်ထုတ်လုပ်ငန်းရှင်က ပြောသည်။

ထိုအချိန်မှစတင်ကာ ဒေသခံပြည်သူများက ကြာချည်ထုတ်လုပ်ငန်းကို ယနေ့အထိ အိမ်တွင်းလက်မှုလုပ်ငန်းတစ်ရပ်အဖြစ် စီးပွားဖြစ်လုပ်ကိုင်သူများ ရှိသလို တစ်ပိုင်တစ်နိုင် လုပ်ကိုင်သူများလည်း အများအပြားရှိကြောင်း သိရသည်။

## ကြာရိုးကုန်ကြမ်း

ကြာချည်ထုတ်လုပ်ရန် အဓိကကုန်ကြမ်းမှာ ကြာရိုးဖြစ်ပြီး ကြာရိုးများကို စလင်းမြို့ ဝက်သည်းကန်မှနုတ်ယူ၍ ကြာချည်အဖြစ် ထုတ်လုပ်ကြကြောင်း၊ ကြာချည်အဖြစ်ရရှိရန် ကုန်ကြမ်းကြာရိုးများကို ဝက်သည်းကန်အတွင်း လုပ်သားများဖြင့် နုတ်ယူရပြီး ကြာရိုးအရှည်မှာ ခုနစ်ပေဝန်းကျင် အထိရှိကြောင်း၊ ကြာရိုးနုတ်လုပ်သား တစ်ဦးလျှင် တစ်မနက်ကို ကြာရိုးအထုံး ငါးထုံးမှ ခြောက်ထုံးအထိ ရရှိကြောင်း၊ ကြာထုံးတစ်ထုံးကို ငွေကျပ် ၁၂၀၀ ဝန်းကျင်ရရှိပြီး ကြာရိုးနုတ် လုပ်သားတစ်ဦးလျှင် တစ်ရက် လုပ်အားခ ငွေကျပ် ၆၀၀၀ နှင့်အထက်ရရှိကြောင်း သိရသည်။

နုတ်ယူ၍ရရှိလာသော ကြာရိုးများကို ကြာချည်ထုတ်လုပ်ငန်း လုပ်ကိုင်သူများထံ ရောင်းချကြသလို ကိုယ်ပိုင်လက်မှုလုပ်ငန်းအဖြစ် တစ်ပိုင်တစ်နိုင် လုပ်ကိုင်သူများလည်းရှိကြောင်း၊ ကြာရိုးတစ်ရိုးဖြစ်တည်ရန် ကြာရွက်မှ အတက်ထွက်ခါစ အချိန် ၁၅ ရက်ခန့် ကြာမြင့်ပြီး ကြာရိုးတစ်နေရာ နုတ်ယူပြီးလျှင် နေရာပြောင်း၍ နုတ်ယူရကာ နောက်ထပ် ၁၅ ရက်ကြာမှ ထိုနေရာတွင် ပြန်လည်နုတ်ယူရကြောင်း ကြာရိုးနုတ်သူတစ်ဦးက ပြောသည်။

## ကြာချည်ထုတ်ခြင်း

ထိုသို့ရရှိလာသော ကြာရိုးများကို ခါးလယ်မှ ပိုင်းဖြတ်ကာ ကြာရိုးကို အရင်းနှင့်အဖျား ပေါင်းစပ်၍ လက်လေးလုံး တစ်ဖြတ် တံစဉ်ဖြင့်ထပ်မံပိုင်းဖြတ်ပြီး အမျှင်ထွက်သည်အထိ ကြာချည်ဆွဲရကြောင်း၊ ကြာထုံးအကြီးအသေးပေါ်မူတည်၍ ကြာထုံးတစ်ထုံးလျှင် ကြာချည်တစ်ကျပ်ခွဲသားခန့်ထွက်ရှိပြီး ကြာထုံးတစ်ထုံး ချည်ဆွဲပြီးရန် အချိန်အားဖြင့် တစ်နာရီခွဲခန့် ကြာမြင့်ကြောင်း၊ ကြာချည်ဆွဲလျှင် ချည်ဆွဲလုပ်အားခ ကြာချည်အခြောက် တစ်ကျပ်သားကို ငွေကျပ် ၁၃၀၀ ဝန်းကျင်ရရှိပြီး ကြာချည်ဆွဲသူ အမျိုးသမီးများက မိမိတို့လုပ်အားအပေါ် မူတည်၍ တစ်ရက်လျှင် ကြာချည်အခြောက် လေးကျပ်သားမှ ငါးကျပ်သားအထိ ကြာချည်ဆွဲနိုင်ကြောင်း သိရသည်။

စလင်းမြို့နယ် ရှမ်းရွာကုန်းရွာမှ ကြာချည်ဆွဲလုပ်ကိုင်သူ မဖြူဖွေးက " ကျွန်မ ကြာချည်ဆွဲတာ ခုနစ်နှစ်လောက်ရှိပြီ။ နွေနဲ့မိုးမှာဆိုရင် ကြာချည်က ဝိတ်စီးတော့ တစ်ရက်ချည်ဆွဲခ ဒီထက်ပိုရတယ်။ ခုရက်ပိုင်း(ဆောင်းတွင်း) ကြာချည်ဝိတ်က အချိန်သိပ်မစီးတော့ တစ်ရက်ကို နှစ်ကျပ်သား၊ သုံးကျပ်သားလောက်ပဲပြီးတယ်။ လုပ်အားခအနေနဲ့က သုံးကျပ်သားဆို ငွေကျပ် ၄၅၀၀၊ ၅၀၀၀ ဝန်းကျင်လောက်ရတယ်။ မိသားစုနဲ့ အိုးမကွာအိမ်မကွာ လုပ်ကိုင်ရတော့ အိမ်အတွက် တစ်ဖက်တစ်လမ်းကနေ မိသားစု အပိုဝင်ငွေရတာပေါ့" ဟု ပြောသည်။

ကြာချည်အခြောက်(ကုန်ကြမ်း)ရရှိရန် ချည်ဆွဲ၍ ရရှိလာသော ကြာချည်အစိုများကို ရစ်ဘီးတွင် ရစ်၍ (နေလှန်း၍ အခြောက်ခံ မထားရဘဲ) အရိပ်ထဲတွင် တစ်ညခန့် လေသလပ်အောင် အခြောက်ခံထားရကြောင်း၊ ကြာချည်ထုတ် လုပ်ငန်းရှင်များအနေဖြင့် တစ်ရက်လျှင် ကြာချည်အခြောက် ၂၅ ကျပ်သားမှ ၃၀ ကျပ်သားအထိရရှိပြီး တစ်လလျှင် ကြာချည်အခြောက်ပိဿာချိန် သုံးပိဿာမှ ခြောက်ပိဿာအထိရရှိကြောင်း၊ ရရှိလာသော ကြာချည်ကုန်ကြမ်းများကို အင်းလေးဒေသသို့ ပိဿာချိန်ဖြင့် တင်ပို့ရောင်းချရပြီး ကြာချည်အခြောက် တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀၀၀ (လေးသိန်း)အထိ ရရှိကြောင်း မြထည်ဝါကြာချည်ထုတ်လုပ်ငန်း လုပ်ကိုင်သူ ဦးသောင်းစိန်က ရှင်းပြသည်။

## ကုန်ချောထုတ်နိုင်ရန် ကြိုးပမ်း

စလင်းမြို့ ဝက်သည်းကန်မှ ရရှိလာသော ကြာချည်များကို ကုန်ကြမ်းအဖြစ်သာ ထုတ်လုပ်နိုင်ပြီး ကြာချည်အခြောက် ကုန်ကြမ်းများကို အင်းလေးဒေသတွင် ရက်ကန်းနှင့် နည်းပညာများကို အသုံးပြု၍ ကြာသင်္ကန်း၊ ကြာပဝါ၊ ကြာပိုက်ဆံအိတ်၊ ကြာဦးထုပ်၊ ကြာအဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးအဖြစ် ကုန်ချောထုတ်လုပ်ဖြန့်ဖြူးရောင်းချကြောင်း သိရသည်။

စလင်းမြို့နယ် ဝက်သည်းကန်မှ ထွက်ရှိသော ကြာရိုးများကို ကြာချည်ကုန်ကြမ်းအဖြစ် ထုတ်လုပ်ကြပြီး ကြာရွက်ကို ဈေးများတွင် အသားငါး၊ ဟင်းသီးဟင်းရွက်၊ ပန်း စသည်ဖြင့် ထုပ်ပိုးရန်သုံးစွဲရောင်းချကြကြောင်း၊ ယခုအခါ နည်းပညာများ တိုးတက်လာသည့်အတွက် ဒေသခံပြည်သူများအနေဖြင့် မိမိတို့ဒေသတွင် ကြာချည်ကို ကုန်ချောအဖြစ် ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြထည်ဝါကြာချည်ထုတ်လုပ်ငန်း လုပ်ကိုင်သူ ဦးသောင်းစိန်က ပြောသည်။

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဒေသအတွင်း၌ တစ်ပိုင်တစ်နိုင် အသေးစား၊ အလတ်စား စက်မှု/လက်မှုလုပ်ငန်းများ ပေါ်ထွက်လာစေရန် ပံ့ပိုးကူညီဆောင်ရွက်ပေးနေကြောင်းလည်း သိရသည်။

ယခုအခါ စလင်းမြို့မှ ကြာချည်ထုတ်လုပ်ငန်းသည် ကုန်ကြမ်းအဆင့်သာ ထုတ်လုပ်နိုင်ပြီး ကုန်ချောအဖြစ် အဆင့်မြှင့်တင် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ကြာချည်ထုတ်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ကြသူများအား စနစ်တကျ သေချာပြန်လည်စိစစ်သုံးသပ်၍ အလေးထားပြီး ပံ့ပိုးကူညီပေးနိုင်မည်ဆိုပါက ဒေသခံပြည်သူများအတွက် များစွာအကျိုးဖြစ်ထွန်းစေမည် ဖြစ်သည်။ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ကြာချည်ထုတ်ကုန်များကိုလည်း ယခုထက် ပိုမိုအရည်အသွေးကောင်းမွန်အောင် ထုတ်လုပ်နိုင်မည့်အပြင် ကြာချည်ကုန်ချောထုတ်ကုန်များအထိပါ လုပ်ကိုင်ဆောင်ရွက်လာနိုင်မည်ဖြစ်ပေသည်။

သို့မှသာ ဒေသတွင်း အသေးစား၊ အလတ်စားနှင့် တစ်ပိုင်တစ်နိုင် လုပ်ကိုင်ဆောင်ရွက်နေသူများအနေဖြင့် လက်မှုလုပ်ငန်းများမှသည် စက်မှုလုပ်ငန်းများဆီသို့ ခေတ်စနစ်နှင့်အညီ တိုးတက်ပြောင်းလဲလုပ်ကိုင်လာနိုင်မည်ဖြစ်ကာ ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများလည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း ရေးသားတင်ဆက် လိုက်ရပါတော့သည်။ ။



ပျော်ရွှင်လေ့လာအင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ အရင်အပတ်က ဖော်ပြခဲ့တဲ့ The Correct Use of Tenses (ကာလအပိုင်းအခြားများကို မှန်မှန်ကန်ကန်အသုံးပြုခြင်း) နဲ့ပတ်သက်ပြီး Be going to + V-inf Form အကြောင်း ဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် ဒီ Form အကြောင်း ပိုမိုနားလည်စေဖို့ လေ့ကျင့်ခန်းများနဲ့လည်း အားဖြည့်ပေးလိုက်ပါတယ်။ စကားပြောပိုင်းမှာလည်း "Shortest way to talk about 'shopping for clothes' ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာဖော်ပြပေးလိုက်ပါတယ်။ Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အဓိပ္ပာယ်ဆန့်ကျင်ဘက် စကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ အနာဂတ်ကာလအကြောင်းပြောဆို ရေးသားရာတွင် အသုံးပြုနိုင်တဲ့ နောက်ထပ် Tense တစ်မျိုးကို ဖော်ပြလိုက်ပါတယ်။ အဲဒါကတော့ "going to" form ပဲ ဖြစ်ပါတယ်။ အထူးသဖြင့် အနာဂတ်မှာ လုပ်မယ်လို့ ဆုံးဖြတ်ထားတဲ့ကိစ္စရပ်တွေ၊ အနာဂတ်မှာ လုပ်မယ်လို့ အစီအစဉ်ချထားတဲ့ ကိစ္စရပ်တွေ၊ ရည်ရွယ်ထားတဲ့ ကိစ္စရပ်တွေအကြောင်း ဖော်ပြပြောဆိုတဲ့အခါမှာ သုံးနိုင်ပါတယ်။ ဥပမာ –

- Are you going to eat anything? No, I'm not hungry.
- A: I hear Sarah won the lottery. What is she going to do with the money?
- B: She's going to buy a new car.
- I'm just going to make a quick phone call. Can you wait for me?
- This cheese smells horrible. I'm not going to eat it.
- I have borrowed an axe. I am going to cut down the tree.

**နောက်တစ်ခါ**

လက်ရှိအကြောင်းတရားပေါ် အခြေခံပြီး အနာဂတ်မှာ ကျိန်းသေဖြစ်တော့မယ့် အကြောင်းအရာတွေကို ပြောဆိုတဲ့ အခါမှာလည်း "going to" form ကိုပဲ သုံးနိုင်ပါတယ်။ ဥပမာ –

- The sky is dark. It is going to rain.
- I feel terrible. I think I'm going to be sick.
- The economic situation is bad now and things are going to get worse.

"Going to" form

Positive (Statement)

| Sub | am/is/are | going to | + V–inf (do/ drink/eat) |
|---|---|---|---|
| I | am | going to | do … |
| He/She/It | is | going to | drink … |
| We/You/They | are | going to | watch … |

Negative

| Sub | am/is/are | (not) going to | + V–inf (do/ drink/eat) |
|---|---|---|---|
| I | am | not going to | do … |
| He/She/It | is | not going to | drink … |
| We/You/ They | are | not going to | watch … |

Question

| Am/Is/ Are | Sub | going to | + V–inf (do/drink/ eat?) |
|---|---|---|---|
| Am | I | going to | do …? |
| Is | he/she/it | going to | drink …? |
| Are | we/you/ they | going to | watch …? |

**Exercise (1) Write out these sentences using the 'going to' form of the verbs in brackets.**

e.g. We (have) fish for dinner tonight.
We are going to have fish for dinner tonight.

1. I (visit) my aunt tomorrow.
2. It (be) sunny this afternoon.
3. Mr Wang (fly) to Taiwan next month.
4. Look out! The tree (fall).
5. Miss Lin (teach) us English tomorrow.

**Exercise (2) Write questions with going to.**

1. Your friend has won some money. You ask:
(What/do?) What are you going to do with it?
2. Your friend is going to a wedding next week. You ask:
(What/wear?)-------------------
3. Your friend has just bought a new table. You ask:
(Where/put?) -------------------
4. Your friend has decided to have a party. You ask:
(Who/invite?) -------------------
5. Your friend has bought some fish for dinner. You ask:
(How/ cook?) -------------------

**Exercise (3) What is going to happen in these situations? Use the words in brackets.**

1. There are a lot of black clouds in the sky.
(rain) It's going to rain.
2. It is 8.30. Tom is leaving home. He has to be at work at 8.45, but the journey takes 30 minutes.
(late) He -------------------
3. There is a hole in the bottom of the boat. A lot of water is coming in through the hole.
(sink) The boat -------------------
4. Amy and Ben are driving. The tank is nearly empty. It's a long way to the nearest petrol station.
(run out) They -------------------
5. Sarah's car was badly damaged in an accident. Now it has to be repaired.
(cost a lot) It ……………………..to repair the car.

**ယခင်အပတ်လေ့ကျင့်ခန်းမှအဖြေများ**

**Exercise (1) မှအဖြေများ**

1. will buy
2. will come
3. will tell
4. will go
5. Will you see
6. Will Alice return
7. will leave
8. will be
9. will not play
10. will work
11. will do
12. will stay
13. will wait
14. will do
15. will bring
16. Will you tell
17. will not be
18. will arrive
19. will write
20. Will the dog bark

**Exercise (2) မှအဖြေများ**

1. won't sleep
2. will be
3. won't be
4. won't rain
5. will feel
6. will be
7. won't happen
8. will pass
9. will be
10. will pass

**Exercise (3) မှအဖြေများ**

1. I'll probably be on the beach.
2. I'll be at home.
3. I'll probably be in bed.
4. I'll be at work.
5. I don't know where I'll be.

## VOCABULARY (ANTONYMS)

1. **maximum (အများဆုံး) ≠ minimum (အနည်းဆုံး)**
2. **modern (ခေတ်ဆန်သော) ≠ ancient (ရှေးကျသော)**
3. **motorist (ယာဉ်မောင်းသူ) ≠ pedestrian (ခြေကျင်လျှောက်သူ)**
4. **moving (လှုပ်ရှားသော၊ ရွေ့လျားသော) ≠ stationary (မရွေ့လျားသော)**
5. **natural (သဘာဝအလျောက်ဖြစ်သော) ≠ artificial (လူတို့ဖန်တီးထားသော)**

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about "Shopping for clothes"

**ဒီတစ်ပတ်မှာတော့ Shopping for clothes အဝတ်အစားဝယ်ဖို့ ဈေးဝယ်ထွက်တဲ့အခါ ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းထားသလဲဆိုတာတွေကို "Shortest way to talk about "Shopping for clothes" ဆိုပြီးဖော်ပြလိုက်ပါတယ်။**

**I'd like to + V–inf**

၁။ တစ်ခုခုလုပ်ကြည့်ချင်တယ်၊ စမ်းကြည့်ချင်တယ်၊ (ဖြစ်)ချင်တယ် ဆိုပြီးပြောရင် I'd like to + V–inf ပုံစံနဲ့ ပြောပါတယ်။ ဒီနေရာမှာတော့ ဒီရှပ်အင်္ကျီကို စမ်းဝတ်ကြည့်ချင်တယ်ဆိုပြီးပြောတာကို –

- I'd like to try this shirt on. ဆိုပြီး ပြောပါတယ်။

**… fits me perfectly**

၂။ ဒါက မင်းနဲ့တော်တယ်၊ မင်းနဲ့ ကြည့်ကောင်းတယ်၊ မင်းနဲ့လိုက်တယ်ဆိုပြီးပြောရင် … fits you perfectly ဆိုပြီး ပြောနိုင်ပါတယ်။ ဒီနေရာမှာကတော့ –

- this green shirt fits me perfectly ဆိုတာကတော့ ဒီအစိမ်းရောင်ရှပ်အင်္ကျီက ကျွန်တော်၊ ကျွန်မနဲ့တော့ ကွက်တိပဲ ကြည့်ကောင်းတယ်၊ လိုက်တယ်လို့ ပြောတာဖြစ်ပါတယ်။

**I think it looks great on you.**

၃။ မင်းနဲ့လိုက်ဖက်တယ်၊ မင်းနဲ့ကြည့်ကောင်းတယ်ဆိုပြီး ကိုယ့်အမြင်ကိုပြောရင်တော့ –

- I think it looks great on you. ဆိုပြီး ပြောနိုင်ပါတယ်။

**Conversation**

**Shopping for clothes**

Lily: Hello, I'd like to try this shirt on.
Shop Assistant: No problem. I'll show you where the fitting room is. Follow me.



Lily: I think this shirt would look better in another color. Do you have it in green or blue?
Shop Assistant: Yes, we do. We also have it in blue, green, yellow, and burgundy. Which do you prefer?
Lily: I will try on the green shirt.
Shop Assistant: What size do you take?
Lily: Medium should fit.
Shop Assistant: Here's the green shirt. Please try it on.
Lily: Thank you.
Shop Assistant: How is it?
Lily: Unfortunately, it's a bit tight around my shoulders and chest. Do you have a larger size?
Shop Assistant: I'm afraid we only have it in blue in large size.
Lily: Okay, no problem, I'd like to try that one, too. Wow, this one fits me perfectly.
Shop Assistant: I think it looks great on you.
Lily: Yes, and it looks much better than the green one. The material is so soft and comfortable. I'd really like to buy it. Is it on sale?
Shop Assistant: Yes, today is a clearance sale. Everything in this section is 25 % off.
Lily: That's awesome!
Shop Assistant: How will you pay for that?
Lily: I'll pay by card.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း-၀၉-၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

xxxxxxxxxxx

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၃-၁-၂၀၂၃ တနင်္လာနေ့

**MRTV HD**

**၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(ရတနသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** "၂၀၂၂-၂၀၂၃ပညာသင်နှစ်အခြေခံပညာကျောင်းသားအားကစားပွဲတော်၊နေ့စဉ်ယှဉ်ပြိုင်နေမှုအစီအစဉ်"
**၀၉:၁၀** စိုက်ပျိုးရေးရာအဖြေရှာ
**၀၉:၂၅** ပြည်ထောင်စုနေ့ဂုဏ်ပြုတေးသီချင်း
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** Economic Review
**၁၁:၂၅** ဘဝနှင့်အနုပညာ "ချစ်သောဝါဝါ" (အကယ်ဒမီဝါဝါဝင်းရွှေ)(အပိုင်း-၂)
**၁၂:၃၀** မြန်မာဇာတ်လမ်းတွဲ "ပိန်းကြာဖက်၌တင်သောရေ"(အပိုင်း-၃)
**၁၃:၃၀** MRTV National News
**၁၆:၃၅** မျိုးဂုဏ်တင့်စေဆိုကရေးတီးအမွေ
**၁၇:၁၅** သတင်းသမားပြောတဲ့သတင်းစကား
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** "အုံ့ပြုံဖွယ်မကုန် ပီတိရသဖြင့် ဆင်နွှဲခဲ့သည့်(၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့အောင်ပွဲ"(အပိုင်း-၂)
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွင့်ပျံ့အမှန်း"(အပိုင်း-၅၀)
**၂၀:၀၀** ပြည်တွင်းသတင်း၊နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** တပ်မတော်(ရေ)ဂုဏ်ပြုဇာတ်လမ်း "ကြယ်ညွှန်ရာသစ္စာ"(အပိုင်း-၃+၄)
**၂၂:၄၅** "၂၀၂၂-၂၀၂၃ပညာသင်နှစ်အခြေခံပညာကျောင်းသားအားကစားပွဲတော်၊နေ့စဉ်ယှဉ်ပြိုင်နေမှုအစီအစဉ်"

**mitv**

**07:02** Evergreen Classic: Dhamma Set Taw (Sein Lei Lei)
**07:09** Nga Laik Dam & Nga Laik Kan Tha Eco Resort
**07:20** School for the Blind
**07:27** Awesome Myanma Sculptures
**07:42** Crickets: Seasonal Delicacy & Job Opportunity
**08:01** News
**08:26** Faces Of ASEAN (Brunei)
**08:33** Myanmar Traditional Snacks: Sago Syrup with Sweet Potato
**08:39** Oboist and His Life
**09:01** Exploring Migratory Birds at Moe Yun Gyi Sanctuary
**09:42** Daingnak Style
**09:55** Golden Mandalay Hill
**10:01** News
**10:25** Topical Topics (No.19) Shape the Future of Women & Create Appropriate Nature for Children
**10:30** Underwater Photographer

**MRTV NRC**

**ချင်း(လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)**
တောင်ဇလပ်ရဲ့ရိုးရာအလှ(အပိုင်း-၁)

**ချင်း(ချိုး) (၀၇:၀၀ မှ ၀၈:၀၀)**
မြင်းဘွာရွက်ဓါးဆေးဖက်ဝင်အစွမ်းထက်မှုများ

**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
စကားပုံများမှမှတ်သားစရာ(ပိုင်ရှင်ပြောတော့နသေးလိုချင်သူအတွက်တော့ရင့်မှည့်ပြီး)

**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
မျိုးဂုဏ်တင့်စေယဉ်ကျေးမှုအမွေ(အပိုင်း-၁)

**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
ထိန်းသိမ်းစို့လေရိုးရာအမွေ(ရှင်ပြုပွဲ)

**"ဝ" (၁၄:၀၀) မှ (၁၆:၀၀)ထိ**
"ဝ"ရိုးရာဝတ်စုံချုပ်နည်း

**ကချင် (၁၆:၀၀) မှ (၁၈:၀၀)ထိ**
လော်ဝေါ်ရိုးရာဝတ်စားဆင်ယင်ပုံ

**ကယား (၁၈:၀၀) မှ (၂၀:၀၀) ထိ**
သဘာဝဆန်ဆန်အလှရှိရာဒူးပရာတောင်ရှေ့တောင်တန်းဆီသို့

**ဝကေကရင် (၂၀:၀၀) မှ (၂၁:၀၀)ထိ**
ငါးကင်မွှေးမွှေးလေးလုပ်စားကြမယ်

**အနောက်ပိုးကရင် (၂၁:၀၀) မှ (၂၂:၀၀)ထိ**
ကရင်စာပေစကားပြောကြရအောင်(အပိုင်း-၅)

**အရှေ့ပိုးကရင် (၂၂:၀၀) မှ (၂၃:၀၀)ထိ**
သံတောင်ကြီးမြို့သို့အလည်တစ်ခေါက်

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း(LIVE)
**၀၉:၀၀** ပြည်တွင်းသတင်း(LIVE)
**၀၉:၁၅** Weekly Selected News
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၂:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** Myanmar National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "လူမိုက်တို့သွားရာလမ်း"
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း-၈
**၁၁:၀၀** တရားရုံးကဦးဆောင်သည့်စေ့စပ် ဖြေရှင်းရေးစနစ်
**၁၁:၃၀** 'အတွေးအမြင်' အပိုင်း-၈

**MRTV FARMERS**

**၀၆:၀၀** အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၂၅** ကျန်းမာခြင်းဆုလာဘ်ကိုပိုင်ဆိုင်ဖို့အာဟာရပြည့်ဝတဲ့နှစ်ရှည်သီးနှံတွေစိုက်ပျိုးထုတ်လုပ်စားသုံးစို့
**၀၇:၀၀** စိုက်ပျိုးမွေးမြူသုတဘဏ်
**၀၇:၄၀** လေးဒေါင့်ကန်ငါးလုပ်ငန်း
**၀၈:၂၀** အာဟာရပြည့်ဝရေးအစဉ်ရှေးရှုပေး
**၀၈:၅၅** သာစည်မြို့နယ်မယ်ဇလီကန်ကျေးရွာမှအိုးလုပ်ငန်း
**၀၉:၂၀** ကြည့်ရှုလေ့လာကြံတစ်သျှူးနည်းပညာ
**၀၉:၄၀** ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်း

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** SPORTS NEWS
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary
**၀၇:၄၅** အားကစားလောကထဲကသူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ဘုရားသုံးဆူ၊ သမ္မုလဘုရားပတ်ဝန်းကျင်ရှိ ဘုရားများကို စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ညောင်ဦး ဇန်နဝါရီ ၂၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားသုံးဆူ၊ သမ္မုလဘုရား ပတ်ဝန်းကျင်ရှိ သစ်ပင်ချုံနွယ်အမှိုက်များ ရှင်းလင်းခြင်းကို ယနေ့နံနက်ပိုင်းက ညောင်ဦးမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်မတော်သားများ၊ နယ်မြေခံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ အင်အား ၃၀၀ ကျော်ဖြင့် စုပေါင်းကာ အပတ်စဉ် စနေနေ့တိုင်း သန့်ရှင်းရေးပြုလုပ်ကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်ထံမှ သိရသည်။



ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်း မင်းနန်သူကျေးရွာအနီးရှိ ဘုရားသုံးဆူ၊ သမ္မုလဘုရားနှင့် ဘုရားအမှတ် (၄၈၀) ပတ်ဝန်းကျင်ရှိ ချုံနွယ်အမှိုက်များ ရှင်းလင်းပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ကားဖြင့် အမှိုက်ကျင်းသို့ ပို့ဆောင်ခြင်းများ ဆောင်ရွက်သည်။ အဆိုပါ သန့်ရှင်းရေးပြုလုပ်ရာသို့ ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးလွင်နှင့်အဖွဲ့ လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဒီပါလင်း

## တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

နေပြည်တော် ဇန်နဝါရီ ၂၂

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၂-၁-၂၀၂၃

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၂၇၂၆၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၂၇၆၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၂၉ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၃၂ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၂၀ ကျပ် | ၂၄၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၀၀ ကျပ် | ၂၅၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၀၀ ကျပ် | ၂၂၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၇၅ ကျပ် | ၂၃၂၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၇၆ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၈၈ . ၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၄ . ၀၀၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၆၂၀ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၉၀ . ၀၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၉ . ၅၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၈၇၄ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၆၀၀ | ၁၂၉ | ၁၁၀၉၄၀၀ |
| MTSH | ၃၃၀၀ | ၃၂၅၀ | ၁၁၀၂ | ၃၅၇၈၃၀၀ |
| MCB | ၇၅၀၀ | ၇၅၀၀ | ၉၃၇ | ၇၀၂၇၅၀၀ |
| FPB | ၁၈၅၀ | ၁၈၀၀ | ၂၀၁၀ | ၃၆၂၂၄၅၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၆၅၀ | ၂၆၅၀ | ၂၀၅ | ၅၄၃၂၅၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၂၃၈ | ၁၁၆၆၂၀၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm



## ရှမ်းပြည်နယ်ဝန်ကြီးချုပ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ် လေယာဉ်ကွင်းလမ်း ကွန်ကရစ်ခင်းနေမှု ကြည့်ရှုစစ်ဆေး

**တာချီလိတ် ဇန်နဝါရီ ၂၂**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၂၀ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် စည်ပင်သာယာရေး ဌာနနှင့် တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်နေသော ဆေခမ်းရပ်ကွက် လေယာဉ်ကွင်းလမ်း ကွန်ကရစ်ခင်းခြင်းနှင့် အုတ်စီရေမြောင်း ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုရာ ကုမ္ပဏီ တာဝန်ရှိသူတစ်ဦးနှင့် တာချီလိတ်မြို့နယ် စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူတို့က ရှင်းလင်းရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက် မှာကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဆေခမ်းရပ်ကွက် လေယာဉ်ကွင်းလမ်း အုတ်စီရေမြောင်း ဆောင်ရွက်မှုနှင့် ပတ်သက်၍ ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်နိုင်က ရှင်းလင်းကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

## ကချင်ပြည်နယ်ဝန်ကြီးချုပ် ဝိုင်းမော်မြို့နယ်အတွင်း စိုက်ပျိုးထားသော စိုက်ပျိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား ဇန်နဝါရီ ၂၂**

ကချင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပြည်နယ်စီးပွားမြှင့်တင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME) စက်မှုလက်မှုကုန်ထုတ်လုပ်ငန်းများ တိုးတက်မြင့်မားလာစေရေး ရင်းနှီးမတည်ပေးလျက်ရှိရာ ဇန်နဝါရီ ၂၀ ရက်က ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် တာဝန်ရှိသူများနှင့်အတူ ဝိုင်းမော်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာန ဆိုင်ရာများနှင့်အတူ ဝိုင်းမော်မြို့နယ် နောင်တာလောကျေးရွာအုပ်စုအတွင်း တောင်သူတစ်ဦး၏ လယ်မြေလေးဧကပေါ်တွင် ဆောင်းသီးနှံများအဖြစ် စိုက်ပျိုးထားရှိသည့် ခရမ်းချဉ်သီး၊ ငရုတ်သီး၊ ဂေါ်ဖီထုပ်၊ မုန်ညင်း၊ ခရမ်းသီး၊ ကိုက်လန် စသည့် ဟင်းသီးဟင်းရွက်များ စိုက်ခင်းများ စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး အဆိုပါ ကျေးရွာအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် တောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ စိုက်ခင်းများအတွင်း စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် စက်ရေတွင်းများ တူးဖော်ပေးနိုင်ရေးနှင့် လျှပ်စစ်မီးရရှိရေးအတွက် ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများအကြား ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စန်းကားကျေးရွာအုပ်စု အာလူးဘာရီကျေးရွာအတွင်းရှိ တောင်သူဦးဂိုလေး၏ လယ်ယာမြေ ၁၈ ဧကပေါ်တွင် စိုက်ပျိုးထားရှိသည့် ငရုတ်ပွပင်များ ဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး အဆိုပါ ကျေးရွာအုပ်စုအတွင်း ဒေသခံတောင်သူများ၏ ယာမြေများပေါ်တွင် ပန်းနှမ်း၊ ဆီမုန်ညင်း၊ ဂေါ်ဖီထုပ်နှင့် ဖူးစားပြောင်းပင်များ စိုက်ပျိုးထားရှိမှုများကို စစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(မြန်/ဆက်)**



## ကျောက်ဆည်မြို့နယ်၌ ခံနိုင်ဝန်အားမရှိသည့် တံတားသုံးစင်းကို တံတားအသစ်များဖြင့် အစားထိုးဆောက်လုပ်

**ကျောက်ဆည် ဇန်နဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ကုန်စည်စီးဆင်းမှုလျင်မြန်စေရေးအတွက် မြို့နယ်လမ်းဦးစီးဌာနအနေဖြင့် ကုန်စည်စီးဆင်းမှု လျင်မြန်စေရေး၊ မြို့ပြနှင့်ကျေးလက် ကွာဟမှုမရှိစေရေး ဘဏ္ဍာနှစ်အလိုက် လမ်းများ၊ တံတားများကို ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျောက်ဆည်-ဖျောက်ဆိပ်ပင်-ရဲရွာလမ်းတွင် တောင်ကျရေတိုက်စားမှုကြောင့် ခံနိုင်ဝန်အားမရှိတော့သည့် တံတားသုံးစင်းကို ရေထုတ်ပြွန်တံတားအသစ်များဖြင့် အစားထိုး ဆောက်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများကို တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် သန်း ၇၃ ဒသမ ၅၀ ဖြင့် မြို့နယ်လမ်းဦးစီးဌာနမှ လမ်း၏ ၃၀ ကီလိုမီတာနှင့် ၃၄ ကီလိုမီတာအတွင်းရှိ တောင်ကျရေတိုက်စားမှုကြောင့် ခံနိုင်ဝန်အားမရှိတော့သည့် တံတားသုံးစင်းကို ရေထုတ်ပြွန်အသစ်များသတ်မှတ်ကာလ၊ သတ်မှတ်အရည်အသွေးပြည့်မီစွာဖြင့် အစားထိုးဆောက်လုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ရေထုတ်ပြွန်များ တည်ဆောက်ပြီးပါက အဆိုပါလမ်းကို အသုံးပြုလျက်ရှိသော ပြည်သူများအနေဖြင့် ကုန်ပစ္စည်းများ သယ်ယူရာတွင် အချိန်တိုအတွင်း လွယ်ကူမြန်ဆန်စွာ သယ်ယူနိုင်တော့မည်ဖြစ်ကြောင်းနှင့် လူမှုရေး၊စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည့်ကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မြို့နယ်လမ်းဦးစီးဌာနအနေဖြင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက် မြင့်မားလာစေရန်အတွက် ဘဏ္ဍာနှစ်အလိုက် လမ်းများ၊ တံတားများ၊ လူနေထိုင်ရာ အဆောက်အအုံများ ဆောက်လုပ်ပေးခြင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် အချိန်နှင့် ကုန်ကျမှုစရိတ်များ သက်သာစေရေး၊ ဒေသထွက်ကုန်များနှင့် အခြားလူသုံးကုန်ပစ္စည်းများ သယ်ယူရာတွင် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



**သက်မောင် (ကျောက်ဆည်)**

## မော်လမြိုင်ကျွန်းမြို့နယ်နှင့် မှော်ဘီမြို့နယ်တို့၌ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် တန့်ငူကျေးရွာအုပ်စု ကွမ်းခြံချောင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဇန်နဝါရီ ၂၁ ရက်က အနောက်တောင်တိုင်း စစ်ဌာနချုပ်နယ်မြေခံဆေးအဖွဲ့က အဆိုပါကျေးရွာရှိ သာသနာ့ရောင်ခြည်စေတီဝင်း အတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးအဖွဲ့က ဒေသခံပြည်သူများ၊ ဆရာ ဆရာမ များနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၄၁ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ဆီးချို သွေးချိုရောဂါ၊ အရိုး၊ အကြောရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးကြသည်။ ယင်းသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဆပ်သွားတောကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၂၁ ဦးအား ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးအဖွဲ့က အဆိုပါကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်း (ဆပ်သွားတော)၌ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုး၊ အကြောရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးကြရာ မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပုသိမ်မြို့၌ အပတ်စဉ်စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ပုသိမ် ဇန်နဝါရီ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အား Clean City, Green City, Smart City ဖြစ်လာစေရေး မြို့ပေါ်ရပ်ကွက်များတွင် အပတ်စဉ်စနေနေ့တိုင်း သန့်ရှင်းရေးဆောင်ရွက်သွားကြရန် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဦးဆောင်ကာ ရွှေစည်းခုံစေတီတော်ပတ်ဝန်းကျင်နှင့် နိဂြောဓါလမ်းတစ်လျှောက်တို့တွင် ဇန်နဝါရီ ၂၁ ရက်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ပုသိမ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလင်းကိုကို၊ ပုသိမ်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုကာ လိုအပ်သည်များ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြင့်ဟန်**

# နိုင်ငံခြားသားခရီးသွားများ ပုဂံယဉ်ကျေးမှုနယ်မြေ၏အလှကို ဝေဟင်မှကြည့်ရှုသူများပြားလာ

**ရန်ကုန် ဇန်နဝါရီ ၂၂**

ဧရိယာစတုရန်း ၁၆ မိုင်ပတ်လည် ကျယ်ဝန်းသော ပုဂံယဉ်ကျေးမှုနယ်မြေသို့ ယခုနှစ်ဆန်းပိုင်း ခရီးသွားရာသီတွင် ပြည်တွင်း ပြည်ပခရီးသွားများ တဖွဲဖွဲ ဝင်ရောက်လျက်ရှိ၍ ပုဂံယဉ်ကျေးမှု၏ နံနက်ခင်းအလှ၊ ဆည်းဆာအလှနှင့် စေတီပုထိုးတို့၏ အလှတို့ကို မိုးပျံဘောလုံးစီးနင်း၍ ဝေဟင်မှကြည့်ရှုသူများလာကြောင်း သိရသည်။

**ပုဂံဒေသ၏ အလှကို ပိုမိုကြည့်ရှု**

ပုဂံဒေသသို့ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ခရီးသွားမပြတ် ဝင်ရောက်ခဲ့မှုကြောင့် ဟိုတယ်၊ မိုတယ်များနှင့် ဒေသခံစီးပွားရေးလုပ်ငန်းများအဆင်ပြေခဲ့ပြီး စေတီပုထိုးတို့ အလှကို ပိုမိုပေါ်လွင်စေသော နံနက်ခင်းပိုင်းနှင့် ညနေဆည်းဆာအလှကြည့်ရှုမှုကို ပြည်တွင်းပြည်ပ ခရီးသွားများ အထူးနှစ်ခြိုက်ကြလေ့ရှိသည်။ ပုဂံယဉ်ကျေးမှုနယ်မြေရှိ စေတီပုထိုးများ ကြွခိုင်မှုကို ထိန်းသိမ်းနိုင်ရန် စေတီပုထိုးများပေါ်မှ ဝန်းကျင်ရှုခင်းများကြည့်ရှုမှုကို တားမြစ်ထားပြီး သဘာဝအလှကိုကြည့်ရှုရန် သတ်မှတ်ပေးထားသောနေရာ နှစ်နေရာတွင် ကြည့်ရှုသူအထူးစည်ကားလျက်ရှိပြီး ပုဂံဒေသ၏ အလှကို ပြည့်ပြည့်ဝဝ ပိုမိုကြည့်ရှုခံစားနိုင်ရန် မိုးပျံဘောလုံးစီးနင်းမှုသည် ဇန်နဝါရီလဆန်းပိုင်းမှစ၍ စည်ကားလာခဲ့သည်။

"ဒီနှစ်ဟာအခြားနှစ်တွေနဲ့ မတူတာက ပုဂံမှာဆောင်းတွင်းအလှဟာ ထူးထူးခြားခြားကို လှပနေတဲ့အတွက် ခရီးသွားဝင်ရောက်မှုများတာလည်း ပါပါတယ်။ နံနက်ခင်းအလှနဲ့ ဆည်းဆာအလှကိုကြည့်ဖို့ဆိုရင် တောင်ကုန်းနှစ်ခုကပဲကြည့်လို့ရတဲ့အတွက် ဒီနှစ်မှာ ခရီးသွားများတာကြောင့် ကြိုတင်နေရာယူပြီးမှသာ ကြည့်ရတဲ့အထိ လူများပါတယ်။ ပုဂံရဲ့ အလှကို အလုံးစုံကြည့်ရင်း သဘာဝအေးမြမှုကို ခံစားလိုကြတဲ့ ခရီးသွားတွေကတော့ မိုးပျံဘောလုံးစီးတာများတယ်။ မိုးပျံဘောလုံးတစ်လုံးကို လူ ၁၆ ဦးစီးလို့ရတဲ့ ဘောလုံးနှစ်လုံး နေ့စဉ်နံနက်ပိုင်းမှာ လွှတ်တင်ပေးပါတယ်။



ပုဂံဒေသ၏အလှကို မိုးပျံဘောလုံးစီးနင်း၍ ပြည်တွင်း ပြည်ပ ခရီးသွားများ ကြည့်ရှုခံစားကြစဉ်။

ဝန်ဆောင်မှုအနေနဲ့ တစ်ဦးကို ကျပ်သုံးသိန်းကနေ လေးသိန်းနှစ်သောင်းအကြားရှိ ပြီးတော့ စီးနင်းတဲ့ ခုံလက်ကျန်ပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲတော့ ရှိပါတယ်။ နိုင်ငံခြား ခရီးသွားတွေလည်း မနှစ်ကထက်ပိုပြီး ဝင်လာသလို ဘောလုံးလည်း စီးလာကြတယ်။ ဒီနှစ်ဆန်းပိုင်းဟာ ပုဂံမှာ ခရီးသွားမပြတ်ဝင်ရောက်နေတဲ့ နှစ်တစ်နှစ်ရဲ့ ဆောင်းရာသီလို့ဆိုရမှာပါ။ ခရီးသွားဝင်ရောက်တဲ့အတွက် ဒေသခံတွေလည်း အလုပ်အကိုင်အဆင်ပြေကြပါတယ်" ဟု ပုဂံဒေသ မိုးပျံဘောလုံး BOB ကုမ္ပဏီမှ တာဝန်ခံ ဦးဝင်းဇော်ဦးက ပြောသည်။

နိုင်ငံခြားသား Pilot များ ထိန်းသိမ်းမောင်းနှင်သော မိုးပျံဘောလုံးဖြင့် ပုဂံဒေသအလှကို ကြည့်ရှုနိုင်ရန် ၁၉၉၉ ခုနှစ်တွင် စတင်ပျံသန်းခဲ့ခြင်းဖြစ်ပြီး ထိုအချိန်က ကုမ္ပဏီတစ်ခုတည်းမှ ဝန်ဆောင်မှုပေးခဲ့ကာ ယနေ့တွင် ကုမ္ပဏီလေးခုမှ ပြည်တွင်းပြည်ပ ခရီးသွားများကို ဝန်ဆောင်မှုပေးလျက်ရှိသည်။

မိုးပျံဘောလုံး ဝန်ဆောင်မှုမှာ ကိုဗစ်-၁၉ ရောဂါကြောင့် နှစ်နှစ်တာ ရပ်နားထားခဲ့ရာမှ ယခုနှစ် ခရီးသွားရာသီတွင် ပြန်လည် အသက်ဝင်လာခြင်းဖြစ်ပြီး မိုးပျံဘောလုံးစီးနင်း၍ သဘာဝအလှကြည့်ရှုနိုင်ရန် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် စတင်ပျံသန်းခဲ့ကာ ၂၀၂၃ ခုနှစ် ဧပြီ ၁၀ ရက်အထိ ပုဂံဒေသတွင် ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း သိရသည်။

**ပြည်ပ ခရီးသွားများလာရောက်လည်ပတ်**

ယခုနှစ်ဆန်းပိုင်း ခရီးသွားရာသီတွင် ပြည်တွင်းခရီးသွားများ နေ့စဉ်ဝင်ရောက်လျက်ရှိသည့်နည်းတူ ပြည်ပခရီးသွားများဖြစ်သော ရုရှား၊ တရုတ်၊ ဂျာမနီ၊ ပြင်သစ်၊ အမေရိကန်၊ ဂျပန်၊ ကိုရီးယားနှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံခြားသွား ခရီးသွားများလည်း လာရောက်လည်ပတ်လျက်ရှိသည်။

ယခုနှစ်တွင် ပုဂံဒေသသည် ထူးခြားလှပသော သဘာဝအလှကို ပေါ်လွင်စေသောကြောင့် လာရောက်လည်ပတ်သူအပေါင်းကို စိတ်ငြိမ်းချမ်းမှုပေးလျက်ရှိပြီး အေးမြသော ရာသီဥတုကို ပိုင်ဆိုင်ထားသော ပုဂံယဉ်ကျေးမှုနယ်မြေသို့ ပြည်တွင်းပြည်ပ ခရီးသွားများ တဖွဲဖွဲ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ညိမ်းသူ (သတင်းစဉ်)

ဓာတ်ပုံ - ကနူး



ပုဂံအလှကို ကြည့်ရှုခံစားကြမည့် နိုင်ငံခြားသားခရီးသွားများကို တွေ့ရစဉ်။

# ၂၀၂၃ ခုနှစ် ဇန်နဝါရီလ (တတိယ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေး မိုးလေဝသခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၂၂**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနိုင်ပြီး ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ကာ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ။** ။နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုအောက်လျော့နည်းနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမှုခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ။** ။ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၆၄ ဒီဂရီဖာရင်ဟိုက်မှ ၇၅ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၇၆ ဒီဂရီဖာရင်ဟိုက်မှ ၈၄ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၅ ဒီဂရီဖာရင်ဟိုက်မှ ၉၄ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ။** ။ ချင်းပြည်နယ်တွင် ၃၀ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့တွင် ၄၀ ဒီဂရီဖာရင်ဟိုက်မှ ၄၉ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် ၅၀ ဒီဂရီဖာရင်ဟိုက်မှ ၅၈ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၀ ဒီဂရီဖာရင်ဟိုက်မှ ၆၉ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ။** ။ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၅၁ ရာခိုင်နှုန်းမှ ၆၂ ရာခိုင်နှုန်းအတွင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၃ ရာခိုင်နှုန်းမှ ၇၄ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၇၅ ရာခိုင်နှုန်းမှ ၈၆ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ။** ။ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် (၂၃ မီလီမီတာ) မှ (၃၄ မီလီမီတာ) အတွင်းနှင့် မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၃၅ မီလီမီတာ) မှ (၄၆ မီလီမီတာ)အတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ ။** ။ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ခြောက်သွေ့) အခြေအနေအသီးသီး ရှိနိုင်သည်။

မိုး/ဇလ

# စိုက်ပျိုးရေးဦးစီးဌာနဖွဲ့စည်းခြင်း (၁၁) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် DOA Website ကို အဆင့်မြှင့်တင်

**နေပြည်တော် ဇန်နဝါရီ ၂၂**

စိုက်ပျိုးရေးဦးစီးဌာန ဖွဲ့စည်းခြင်း (၁၁) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် DOA Website လွှင့်တင်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၁၉ ရက်က နေပြည်တော် ရုံးအမှတ် (၄၃) ၌ ကျင်းပရာ အခမ်းအနားသို့ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများနှင့် ဌာနတာဝန်ရှိသူများ၊ အိုင်တီနည်းပညာအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် DOA Website တာဝန်ရှိသူက ဝက်ဘ်ဆိုက် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ်က စိုက်ပျိုးရေးဦးစီးဌာန ဖွဲ့စည်းခြင်း (၁၁) နှစ်မြောက် နှစ်ပတ်လည်နေ့တွင် www.doa.gov.mm လိပ်စာဖြင့် လွှင့်တင်ထားသော DOA Website ကို အဆင့်မြှင့်တင် ဆောင်ရွက် နိုင်ခြင်းအတွက် ဝမ်းမြောက်ကြောင်း၊ နည်းပညာရပ်ဆိုင်ရာ ဝန်ဆောင်မှုများ၊ သီးနှံမျိုးစေ့၊ မြေဆီလွှာဖွံ့ဖြိုးမှု၊ သီးနှံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေး၊ သီးနှံဈေးကွက်စသည့် သတင်းအချက်အလက်များ ပိုမိုပြည့်စုံစေရေး၊ နည်းပညာပေးလုပ်ငန်းများ၊ ဥပဒေ၊ နည်းဥပဒေအရ ထိန်းကျောင်းကြပ်မတ်ခြင်းဆိုင်ရာ အသိပညာပေးလုပ်ငန်းများ၊ စိုက်ပျိုးရေးဆိုင်ရာ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများ တိုးချဲ့ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြောကြားသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍဆိုင်ရာ စီမံခန့်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ၁၈၈၈ ခုနှစ်တွင် မြေစာရင်းနှင့် စိုက်ပျိုးရေးဌာနအဖြစ် စတင်သန္ဓေတည်ခဲ့ပြီး ၁၉၀၁ ခုနှစ်တွင် လယ်ယာစိုက်ပျိုးရေးဌာနခွဲအဖြစ်လည်းကောင်း၊ ၁၉၅၂ ခုနှစ်တွင် မြေယာကျေးလက် ကြီးပွားတိုးတက်ရေး ကော်ပိုရေးရှင်း (မြေ-ကျေး-ရှင်း) အဖြစ် လည်းကောင်း၊ ၁၉၇၂ ခုနှစ်တွင် လယ်ယာစိုက်ပျိုးရေး ကော်ပိုရေးရှင်းအဖြစ်လည်းကောင်း၊ ၁၉၈၉ ခုနှစ်တွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအဖြစ်လည်းကောင်း ခေတ်စနစ်များနှင့်အညီ အဆင့်ဆင့်ပြောင်းလဲ ဖွဲ့စည်းခဲ့ပြီး လယ်ယာကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် စိုက်ပျိုးရေးနည်းပညာ ပြန့်ပွားရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်နိုင်ရန် ၂၀၁၂ ခုနှစ်တွင် စိုက်ပျိုးရေးဦးစီးဌာနအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ရာ ယခု (၁၁) နှစ် ပြည့်မြောက်ခြင်းဖြစ်ကြောင်း၊ ခေတ်မီဆက်သွယ်ရေးနည်းပညာများကို အကျိုးရှိစွာ အသုံးပြုပြီး တောင်သူလိုအပ်ချက်ကို ထိထိရောက်ရောက် ဝန်ဆောင်ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းမှုအဖြစ် www.doa.gov.mm လိပ်စာဖြင့် လွှင့်တင်ထားသော DOA Website ကို အဆင့်မြှင့်တင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆက်လက်၍ မျိုးစေ့ထုတ်လုပ်သူများနှင့် မျိုးစေ့သုံးစွဲလိုသူများအကြား အလွယ်တကူ ချိတ်ဆက်နိုင်မည့် ကြားခံကွန်ရက်အဖြစ် အသုံးချနိုင်ရေး တိုးချဲ့ဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ အလားတူ နိုင်ငံတကာ ဝက်ဘ်ဆိုက်များနှင့် ချိတ်ဆက်နိုင်ရေးသာမက ပြည်ပမှ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေး စိတ်ဝင်စားသူများ အလွယ်တကူ ရှာဖွေလေ့လာနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**






ရသေ့တောင်မြို့နယ်၌ ဆောင်ရွက်သော မြစိမ်းရောင် ကျေးရွာစီမံကိန်းအရ စပါးထားကျေးရွာမှ စီမံကိန်းအသင်းဝင်တစ်ဦး၏ အောင်မြင်ဖြစ်ထွန်းနေသော ငရုတ်စိုက်ခင်းများကို မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးတင်မောင်ဦးနှင့် တာဝန်ရှိသူများက ဇန်နဝါရီ ၂၀ ရက်က ကွင်းဆင်းကြည့်ရှုစဉ်။

**အောင်လှဖြူ(ရမ်းဗြဲ)**

## ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ၏ ဆောင်ရွက်ချက်များ မီဒီယာရှင်းလင်း

**တာမွေ ဇန်နဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှု ကော်မတီ (YRTC) က ဆောင်ရွက်ပေးလျက်ရှိသည့် ဝန်ဆောင်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ မီဒီယာများနှင့် တွေ့ဆုံရှင်းလင်းပွဲ (၁/၂၀၂၃) ကို တာမွေမြို့နယ်ရှိ YRTC ရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၁ ရက်က ပြုလုပ်သည်။

ရှင်းလင်းပွဲတွင် YRTC တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း YBS ယာဉ်လိုင်းများ ပြေးဆွဲပေးနေမှု အခြေအနေများ၊ YBS ယာဉ်လိုင်းများတွင် Telematics Device များ တပ်ဆင်ပြီး လုယက်မှု၊ ရာဇဝတ်မှုများကို Control Center မှ ထိန်းချုပ်ဖမ်းဆီးခြင်းများ ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ YBS ခရီးသည်တင်ယာဉ်များ တစ်စီးနှင့်တစ်စီး ကျော်တက်မောင်းနှင်နေမှုများကို ဖမ်းဆီး၍ ပြစ်မှုပြစ်ဒဏ် ချမှတ်အရေးယူသွားမည့်အခြေအနေများ၊ YBS ခရီးသည်တင်ယာဉ်များ သဘာဝဓာတ်ငွေ့ (CNG) ဖြည့်တင်းရာတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့် စပ်လျဉ်း၍ မြေပြင်ကွင်းဆင်းစစ်ဆေးမှု အခြေအနေများ၊ City Taxi ယာဉ်များ၏ ဘေးစတေကာ နံပါတ်များ ပြောင်းလဲပြင်ဆင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ရန်ကုန်တိုင်းဒေသကြီးမှ နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ အဝေးပြေးယာဉ်များ ပြေးဆွဲပေးနေမှု အခြေအနေများနှင့် ပတ်သက်၍ မီဒီယာများက မေးမြန်းကာ YRTC မှ တာဝန်ရှိသူများက ဖြေကြား၍ တွဲဖက်အတွင်းရေးမှူးက နိဂုံးချုပ် အမှာစကား ပြောကြားခဲ့သည်။

**နိုင်လင်းအောင်**
**(တာမွေ)**

## မိတ္ထီလာခရိုင်မှ တရုတ်နှင့် ထိုင်းသို့ ငရုတ်တင်ပို့နိုင်မှု ယခင်နှစ်များထက် လျော့နည်း

**မိတ္ထီလာ ဇန်နဝါရီ ၂၂**

မိတ္ထီလာခရိုင်အတွင်း စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သည့် ငရုတ်ကို မိတ္ထီလာ၊ သာစည်၊ မလှိုင်၊ ဝမ်းတွင်းမြို့နယ်များတွင် စိုက်ပျိုးကြပြီး စိုက်ပျိုးသော ငရုတ်အမျိုးအစားများမှာ မိုးထောင်၊ သာစည်ပွ၊ ကုလားအော် ငရုတ်များဖြစ်သည်။ ပြည်တွင်းဈေးကွက်အနေဖြင့် ရန်ကုန်၊ မော်လမြိုင်မြို့များသို့ အဓိက တင်ပို့ကြကြောင်း သိရသည်။

ယခင်နှစ်က ပြည်တွင်းဈေးကွက်သို့ ငရုတ်ခြောက် ပိဿာချိန် ဆယ်သိန်းခန့်၊ ငရုတ်အစိုအနေဖြင့် ပိဿာချိန် နှစ်သိန်းခန့် တင်ပို့နိုင်ပြီး ယခုနှစ်တွင် ငရုတ်ခြောက် ပိဿာချိန် ၁၅ သိန်းနှင့် ငရုတ်စို ပိဿာချိန် သုံးသိန်းခန့် တင်ပို့နိုင်ကြောင်း သိရသည်။ ပြည်ပဈေးကွက်အနေဖြင့် တရုတ်သို့လည်း နှစ်စဉ်ငရုတ်သီးခြောက်များနှင့် ထိုင်းသို့ ငရုတ်စိုများ တင်ပို့ကြကြောင်း၊ ယခင်နှစ်များက တရုတ်သို့ ငရုတ်သီးခြောက် ပိဿာချိန် တစ်သိန်းမှ ၁၅ သိန်းကြား တင်ပို့နိုင်ကြောင်း၊ ထိုင်းသို့ ငရုတ်စို ပိဿာချိန် ခုနစ်သိန်းခန့် တင်ပို့နိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင်မူ တရုတ်သို့ ငရုတ်စို ပိဿာချိန်တစ်သိန်းနှင့် ထိုင်းသို့ ငရုတ်စို ပိဿာချိန် သုံးသိန်းခန့်သာ တင်ပို့နိုင်ခဲ့ကြောင်း၊ လက်ရှိ ဈေးနှုန်းအနေဖြင့် ငရုတ်သီးခြောက် မိုးထောင်တစ်ပိဿာလျှင် ကျပ် ၁၁၅၀၀၊ သာစည်ပွ တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀၊ ကုလားအော်တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ပြည်ပသို့ ငရုတ်တင်ပို့နိုင်မှုလျော့နည်းကြောင်း ငရုတ်စိုက်ပျိုးထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

**မြို့ရှိ(DOCA)**



ငရုတ်သီးခြောက်များ လှန်းနေသည့် ငရုတ်စိုက်တောင်သူတစ်ဦး။

## ဇမ္ဗူသီရိမြို့နယ်၌ ပညာရေးစုံညီပွဲတော်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၂ ရက်က အ.ထ.က(၁၄)တွင် ကျင်းပသည်။

ရှေးဦးစွာ အ.ထ.က(၆) ကျောင်းသား ကျောင်းသူများက "စုံညီပွဲတော်တို့နွဲပျော်" သီချင်းဖြင့် သီဆိုဖျော်ဖြေ အခမ်းအနားဖွင့်လှစ်ပြီး နေပြည်တော်တိုင်းပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကြာညိုက အမှာစကား ပြောကြားသည်။ ထို့နောက် ဇမ္ဗူသီရိမြို့နယ် မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးဝင်းနိုင်က အမှာစကားပြောကြားကာ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် အကောင်းဆုံးကျောင်းများနှင့် လူရည်ချွန်ဆုရရှိသူများ၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အင်္ဂလိပ်စာ၊ သင်္ချာ စွမ်းရည်ဆုရရှိသူများအား ဆုချီးမြှင့်ပေးပြီး (၇၅) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ဆောင်ပါး ဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်သည်။

ထို့နောက် မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာ၊ ဆောင်ပါးဆုရရှိသူများနှင့် တိုင်းအဆင့် လက်ရွေးစင် အားကစားဆုရရှိသူများ၊ မြို့နယ်အဆင့် အားကစားဆုရရှိသူများအား ဆုချီးမြှင့်ခဲ့ပြီး အ.ထ.က(၁၄)ကျောင်းသား ကျောင်းသူလေးများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**



ဇမ္ဗူသီရိမြို့နယ် မြို့နယ်အဆင့် ပညာရေးစုံညီ ပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပစဉ်။

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## မင်းဘူး(စကု)မြို့နယ်၌ နွားမျိုးကောင်းမျိုးသန့်များပြန့်ပွားစေရန် မေထုန်မဲ့သားစပ်နည်းဖြင့် ဆောင်ရွက်ပေး



**မင်းဘူး ဇန်နဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် နွားမျိုးကောင်းမျိုးသန့်များ ပြန့်ပွားစေရေးအတွက် မေထုန်မဲ့သားစပ်နည်းဖြင့် ဒေသနွားမျိုးများ အဆင့်မြှင့်တင်ခြင်းကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် အသိပညာပေးလုပ်ငန်းများနှင့် တိရစ္ဆာန်များ ကျန်းမာရေးအတွက် ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းများအပြင် နွားစာအဖြစ် အာဟာရပြည့်ဝသော နွားစာနေပီယာမြက်များ စနစ်တကျစိုက်ပျိုးနိုင်စေရန် နည်းပညာများဖြန့်ဝေပေးခြင်းနှင့် လယ်ယာလုပ်ငန်းခွင်များတွင် အသုံးပြုနေသည့် ဒေသနွားမျိုးများဖြစ်သော နွားရွှေနီမျိုးများကို မျိုးသန့်ပြန့်ပွားစေရေးအတွက် မေထုန်မဲ့သားစပ်ပေးခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေကြောင်း သိရသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာအောင်မြင့်က မြို့နယ်အတွင်း မျိုးသန့်နွားမွေးမြူရေးခြံအတွက် မြေတစ်ဧကနှင့် နွားစာစိုက်ပျိုးရန်အတွက် မြေ ၁၀ ဧက အသုံးပြုထားကြောင်း၊ လက်ရှိ နွားမျိုးသန့်အကောင်ရေ ၇၈ ကောင်ရှိပြီး နွားစာအဖြစ် နေပီယာမြက်နှင့် ဗာတီဗာမြက်မျိုးများကို စိုက်ပျိုး၍ ကျွေးမွေးထားကြောင်း၊ နွားမွေးမြူရာတွင် စားကျက်မြေများ၌ သဘာဝအတိုင်း လွှတ်ကျောင်းထားပြီး နေ့ခင်းပိုင်းတွင် စိုက်ပျိုးထားသော မြက်များကို ဖြည့်စွက်စာအဖြစ် ပြန်လည် ကျွေးမွေးကြောင်း၊ ဒေသတွင်း နွားမျိုးကောင်း မျိုးသန့်များ ပြန့်ပွားစေရေးနှင့် နွားမွေးမြူရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေရေးအတွက် ဒေသနွားမျိုးများကို ပြန်လည်မြှင့်တင်ဆောင်ရွက်ပေးသည့် အနေဖြင့် နွားမွေးမြူရေးခြံတွင် မေထုန်မဲ့သားစပ်နည်းဖြင့် အောင်မြင်နေသော နွားပေါက်မျိုးများကို စိတ်ဝင်စားသော ဒေသခံတောင်သူများအား ခေါ်ပြပြီး နွားရွှေနီမျိုးသန့်နွားများဖြင့် သားစပ်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောသည်။

မင်းဘူး(စကု)မြို့နယ်ရှိ ဒေသတွင်းနွားများမှာ ပေါင်ပုပ်၊ လက်ပုပ်နှင့် ခွာနာလျှာနာရောဂါများအဖြစ်များပြီး ရောဂါပြန့်ပွားမှု မဖြစ်ပွားစေရန် သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဆရာဝန်များက ဒေသအလိုက် ရောဂါဖြစ်ပွားတတ်သော အချိန်ကာလများတွင် ကြိုတင်ကာကွယ်ဆေးများကိုလည်း ကွင်းဆင်း ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**မောင်မောင်**
**(မင်းဘူး)**

## ကျောက်ဆည်မြို့နယ်၌ ငရုတ် ၁၁၉၃ ဧက စိုက်ပျိုးပြီးဖြစ်

**ကျောက်ဆည် ဇန်နဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ငရုတ်စိုက်ဧက ၁၅၄၁ ဧက စိုက်ပျိုး ရန်လျာထားခဲ့ရာ ၁၁၉၃ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် ငရုတ်များစိုက်ရာတွင် တောင်သူများအနေဖြင့် စိုက်ပျိုးမြေအနေအထားနှင့် ဈေးကွက်ရရှိရေး သီတင်းကျွတ်လမှ တပို့တွဲလအထိ စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် အစိုစိုက် (ရေတင်စိုက်ပျိုးခြင်း)နှင့် အခြောက်စိုက် (ထယ်ရေးပြင်ပြီးသားမြေတွင် မြေကျင်းတူးရေလောင်းစိုက်ပျိုးခြင်း) ဟူ၍ အမျိုးမျိုးစိုက်ပျိုးကြောင်း၊ ခူးဆွတ်ရောင်းချရာတွင် ဈေးကွက်ကောင်းပါက အသီးအစိမ်းဆွတ်ရောင်းပြီး ဈေးကွက်မကောင်းပါက အမှည့်ထားအခြောက်လှန်း ရောင်းချခြင်းများ ပြုလုပ်ကြကြောင်း စပါယ်တောကျေးရွာမှ တောင်သူ ဦးကျော်သိန်းက ပြောသည်။

ငရုတ်များစိုက်ပျိုးရာတွင် တိုက်နယ်(၁)တွင် ၂၉၁ ဧက၊ တိုက်နယ်(၂)တွင် ၃၈၈ ဧက၊ တိုက်နယ်(၄)တွင် ၉၈ ဧက၊ တိုက်နယ်(၅)တွင် ၁၆ ဧက၊ တိုက်နယ်(၆)တွင် ၄၂ ဧက၊ တိုက်နယ်(၈)တွင် ၄၅ ဧက၊ တိုက်နယ်(၁၀)တွင် ၁၄၃ ဧက၊ တိုက်နယ်(၁၁)တွင် ၉၆ ဧက၊ တိုက်နယ်(၁၂)တွင် ၇၄ ဧက စုစုပေါင်း ၁၁၉၃ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## မော်လူးဒေသ၌ ဆောင်းသီးနှံ သီးထပ်ဖရဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**အင်းတော် ဇန်နဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ၌ ၂၀၂၃ ခုနှစ် ဆောင်းသီးနှံလယ်သီးထပ်အဖြစ် မြေပဲ၊ နေကြာ၊ နွေစပါး၊ ဟင်းသီးဟင်းရွက်နှင့် ဖရဲသီးနှံများကို ရေရရှိနိုင်သော အစိုဓာတ်ကောင်းမွန်သည့် လယ်မြေများတွင် အဓိကထား စိုက်ပျိုးလျက်ရှိပြီး ယခုနှစ်ဆောင်းရာသီတွင် လယ်သီးထပ်အဖြစ် ဖရဲသီးနှံကို တိုးချဲ့စိုက်ပျိုးလာကြကြောင်းနှင့် စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

မော်လူးဒေသအတွင်း ဖရဲသီးနှံစိုက်ဧက ၂၅၀ ခန့် စိုက်ပျိုးလျက်ရှိပြီး ဖရဲတစ်ဧကစိုက်ပျိုးရာတွင် ကုန်ကျစရိတ်မှာ ကျပ်သိန်း ၃၀ ခန့်ရှိကာ ဖရဲတစ်ဧက၏ဝင်ငွေမှာ ကျပ်သိန်း ၁၀၀ ခန့်ရရှိနိုင်ကြောင်း မော်လူးဒေသ မံဟဲကျေးရွာမှ တောင်သူ ဦးထွန်းကျော်က ပြောသည်။

ယခုနှစ်တွင် ဖရဲသီးဈေးကွက် ကောင်းမွန်သဖြင့် ဖရဲသီးဝယ်ယူသောဖောက်သည်များလည်း တောင်သူများထံ လာရောက်ဆက်သွယ်နေပြီဖြစ်ကြောင်းနှင့် လက်ရှိအချိန်တွင် ဆောင်းသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသဖြင့် မော်လူးဒေသရှိတောင်သူများအနေဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **လူအောင်(ကသာ)**

## တရုတ်နှစ်သစ်ကူးအကြိုကာလတွင် မန္တလေးဈေးကွက်၌ ဆီနှမ်းနှင့် မြေပဲလုံးဆန်များ ဈေးကောင်းရရှိနေ

**မန္တလေး ဇန်နဝါရီ ၂၂**

တရုတ်နှစ်သစ်ကူးအကြိုကာလတွင် မန္တလေးဈေးကွက်အတွင်း၌ ဆီထွက်သီးနှံများဖြစ်သည့် နှမ်းနှင့် မြေပဲလုံးဆန်များ ဈေးနှုန်းမြင့်တက်ကာ ဈေးကောင်းရရှိနေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါ ဆီထွက်သီးနှံများသည် တရုတ်နှစ်သစ်ကူးအကြိုကာလတွင် ဈေးကွက်အတွင်း အရောင်းအဝယ်များကောင်းနေကြောင်း၊ ပြီးခဲ့သည့်နှစ်ကာလတူတွင် မြေပဲလုံးဆန် တစ်ပိဿာလျှင် ကျပ် ၃၃၀၀၊ စမုံနက်နှမ်းသုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၈၅၀၀၀ ဈေးရှိခဲ့ရာမှ ယခုနှစ်တွင် မြေပဲလုံးဆန် တစ်ပိဿာလျှင် ကျပ် ၆၈၀၀ ဈေးနှုန်းနှင့် စမုံနက်နှမ်း သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၃၀၀၀၀၀ ဈေးနှုန်းတို့ဖြင့် ဈေးကောင်းရရှိကာ အရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေးမြို့ရှိ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။



“ဒီနှစ်ဟာ တရုတ်မြန်မာကုန်သွယ်ရေးနယ်စပ်ဂိတ် ဖွင့်တဲ့အချိန်နဲ့ တရုတ်နှစ်သစ်ကူးအကြိုကာလနဲ့ တိုက်ဆိုင်တဲ့နှစ်ဖြစ်ပါတယ်။ ကိုဗစ်ကာလကြောင့် ဂိတ်ကိုသုံးနှစ်လောက်ပိတ်ထားခဲ့ပြီး ခုချိန်မှာ ပြန်ဖွင့်လာပါပြီ။ နှစ်ကူးနေတဲ့အချိန်မှာ ပိတ်ရက်တွေရှိနေတာကြောင့် ခုချိန်ကစပြီး ကြိုတင်ဝယ်ယူမှုတွေ များပြားလာတာကို တွေ့ရတယ်။ ခုချိန်မှာ အရင်နှစ်နဲ့ နှိုင်းယှဉ်ရင် အရောင်းအဝယ်တွေမှာ ဆီထွက်သီးနှံတွေ ပိုပြီး ဝယ်ယူမှုတွေ များပြားလာတာကိုတွေ့ရပါတယ်။ ဈေးနှုန်းတွေလည်း တက်လာပါတယ်။ အခြား ဆီထွက်သီးနှံများဖြစ်တဲ့ ပန်းနှမ်း၊ နေကြာ၊ မုန်ညင်းစေ့၊ ပဲပုပ်စေ့တွေလည်း အရောင်းအဝယ်တွေ ကောင်းနေပါတယ်”ဟု ၎င်းက ပြောသည်။

မန္တလေးဈေးကွက်၌ ယခုရက်ပိုင်းအတွင်း တရုတ်ပြည်ပို့ကုန်များဖြစ်သော ပြောင်းဖူးစေ့ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၆၁၀၀၀၊ ပဲတီစိမ်း သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀၊ ပဲလွန်းအနီ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၂၀၀၀၀၀၊ ပဲလွန်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၂၈၀၀၀ နှင့် မြေထောက်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၃၇၀၀၀ ဈေးတို့ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## လိပ်သိုဒေသတွင် နနွင်းတက်များ စီးပွားဖြစ် စိုက်ပျိုးရောင်းဝယ်လျက်ရှိ

**လိပ်သို ဇန်နဝါရီ ၂၂**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် လိပ်သိုဒေသရှိ ကျေးရွာများ၌ နနွင်းတက်ကို တစ်နိုင်တစ်ပိုင်နှင့် စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ခြင်းအပြင် သိုလှောင်ရောင်းဝယ်ခြင်းလုပ်ငန်းများကို ယခုအခါ တွင်ကျယ်စွာလုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခင်က မိမိတို့အိမ်တွင်းစားသုံးရန်နှင့်ဒေသတွင်းစားသုံးရန်အတွက်သာ နနွင်းတက်များကို စိုက်ပျိုးထုတ်လုပ်ခဲ့ကြသော်လည်း စိုက်ပျိုးရေးဦးစီးဌာန၏ ကွင်းဆင်းအသိပညာပေးမှု၊ ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးအသိပညာများ နိုးကြားလာမှုနှင့် ဈေးကွက်ရရှိလာမှုတို့ကြောင့် နှစ်စဉ်တိုးချဲ့စိုက်ပျိုးလာခဲ့ကြရာ ယခုနှစ်တွင် တောင်သူများအနေဖြင့် စိုက်ပျိုးနိုင်သောမြေနေရာများ၌ စီးပွားဖြစ် တွင်ကျယ်စွာ စိုက်ပျိုးထုတ်လုပ်လာခဲ့ကြကြောင်း သိရသည်။

ယခင်နှစ်က နနွင်းတက်များ ဈေးကောင်းရရှိခဲ့သောကြောင့် စိုက်ပျိုးသူတောင်သူများသာမက စီးပွားဖြစ် သိုလှောင်ရောင်းဝယ်သူများအနေဖြင့် အကျိုးအမြတ်များစွာ ရရှိခဲ့ကြ၍ ယခုနှစ်တွင်လည်း ဒေသခံတောင်သူများက စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးသကဲ့သို့ သိုလှောင်ရောင်းဝယ်မှုများလည်း ပြုလုပ်လာကြခြင်းဖြစ်ကြောင်း သိရသည်။

**ခင်လေးနွယ် (လိပ်သို)**

## သုံးခွမြို့နယ်၌ ပေါ်ဦးပေါ်ဖျား ပဲတီစိမ်းအသစ်များ အဖွင့်ဈေးကောင်းရရှိနေ

**သုံးခွ ဇန်နဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ပဲဈေးကွက်အတွင်းသို့ ပဲတီစိမ်းအသစ်များ စတင်ဝင်ရောက်လျက်ရှိပြီး ပေါ်ဦးပေါ်ဖျား ပဲတီစိမ်းများမှာ အဖွင့်ဈေးကောင်းရရှိကာ ဇန်နဝါရီ ၂၁ ရက် ပေါက်ဈေးမှာ တစ်တင်း (ပိဿာ၂၀)လျှင် ကျပ် ၆၄၅၀၀ ဖြစ်ကြောင်း သိရသည်။

ဈေးကွက်အတွင်း စတင်ဝင်ရောက်ခါစဖြစ်သည့်အတွက် ဈေးနှုန်းတည်ငြိမ်မှုမရှိသေးကြောင်း၊ လှိုင်လှိုင်ပေါ်ပါက ဈေးနှုန်းအပြောင်းအလဲရှိနိုင်ကြောင်းနှင့် အထွက်နှုန်းကောင်း၍ ပေါက်ဈေးပိုမိုမြင့်မားပါက တောင်သူများ ပို၍တွက်ခြေကိုက်ကြောင်း သိရသည်။

သုံးခွမြို့နယ်တွင် မိုးစပါးနှင့်သီးထပ်အဖြစ် ဆောင်းသီးနှံပဲတီစိမ်း၊ ရွှေဝါနှင့် ရေဆင်းအမျိုးအစားတို့ကို အဓိကစိုက်ပျိုးကြပြီး ပဲတီစိမ်းမှာစိုက်ပျိုးပြီး နှစ်လခွဲအကြာတွင် ဆွတ်ခူးနိုင်ကြောင်း၊ ပဲတီစိမ်းများကို နိုဝင်ဘာလဆန်းပိုင်းတွင် စတင်ထွန်ယက်စိုက်ပျိုးကြပြီး တောင်သူတစ်ဦးနှင့်တစ်ဦး စိုက်ပျိုးသည့်အချိန်ကွာခြားမှုကြောင့် ပဲထွက်ချိန်ကွာခြားမှုရှိနိုင်ပြီး ဖေဖော်ဝါရီလတွင် လှိုင်လှိုင်ပေါ်မည်ဖြစ်ကြောင်း သိရသည်။

ပဲတီစိမ်းမှာ တစ်နေရာနှင့် တစ်နေရာ အထွက်နှုန်းကွာခြားမှုရှိနိုင်ပြီး မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးမှု၊ စိုက်ပျိုးသည့်မြေအမျိုးအစား ကောင်းမွန်မှု၊ ရာသီဥတုအခြေအနေ၊ ပိုးမွှားကျရောက်မှု၊ ပြုစုပျိုးထောင်ပုံနည်းစနစ် မှန်ကန်မှုတို့အပေါ် မူတည်ပြီး တစ်ဧက တင်း ၂၀ ကျော် ထွက်ရှိနိုင်ကြောင်းနှင့် သုံးခွမြို့နယ်တွင် ၂၀၂၂-၂၀၂၃ စိုက်ပျိုးရာသီအတွင်း မြို့ပေါ်နှင့် ကျေးရွာအုပ်စု ၆၄ အုပ်စု၌ ဆောင်းသီးနှံပဲတီစိမ်း ၁၂၉၉၉၅ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကိုကျော်(သုံးခွ)**

## မိုးညှင်းမြို့ ရွှေမဥ္ဇူ(အင်းတော်ကြီး)ရေလယ်ဘုရား ဆွမ်းတော်ကြီးကပ်လှူပွဲ ကျင်းပမည်



**မိုးညှင်း ဇန်နဝါရီ ၂၂**
မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသတွင် သမိုင်းဝင် တန်ခိုးကြီးဘုရားဖြစ်သည့် ရွှေမဥ္ဇူရေလယ်ဘုရားပွဲတော်ကို အကျဉ်းချုံး၍ (၁၅၄)ကြိမ်မြောက် ဆွမ်းတော်ကြီး ကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်တော် လောင်းလှူပွဲကို တပေါင်းလဆန်း ၈ ရက်တွင် ကိုဗစ်-၁၉ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း မြို့နယ်သာသနာရေးဦးစီးမှူး ဦးအောင်သူဖြိုးထံမှ သိရသည်။

ရွှေမဥ္ဇူ(အင်းတော်ကြီး) ရေလယ်ဘုရားပွဲတော်ကို နှစ်စဉ် တပေါင်းလဆန်း ၈ ရက်မှ တပေါင်းလပြည့် ၁၅ ရက်အထိ ကျင်းပပြီး မြန်မာနိုင်ငံအနှံ့အပြားမှ ဘုရားဖူးပြည်သူများ လာရောက်ကြကာ အခမဲ့တည်းခိုရန်နေရာများ စီစဉ်ပေးမှုကြောင့် အများအပြားလာရောက်လေ့ရှိကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါနှင့် ဒေသအခြေအနေများကြောင့် ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခြင်းမရှိသော်လည်း အကျဉ်းအနေဖြင့် ရိုးရာမပျက် ဆွမ်းတော်ကြီးကပ်လှူပွဲကို ကိုဗစ်-၁၉ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆွမ်းတော်ကြီး ကပ်လှူပွဲတွင် ဆရာတော်ကြီးများအပါအဝင် ပင့်ဖိတ်သံဃာတော်အပါး ၁၈၀ နှင့် သီလရှင် အပါး ၉၀ စုစုပေါင်း အပါး ၂၇၀ အား ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များ၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ အင်းပတ်လည်ရှိ ကျေးရွာများမှ ရွာသူရွာသားများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများက ဆွမ်းဆန်တော် ကပ်လှူကြမည်ဖြစ်ကြောင်း သိရသည်။

ရွှေမဥ္ဇူ(အင်းတော်ကြီး) ဘုရားပွဲတော်ကြီးကို ယခင်က ပြည်နယ်နှင့် ခရိုင်တို့က ကြီးမှူး၍ နှစ်စဉ်ကျင်းပလေ့ရှိပြီး ပွဲတော်တွင် ပျော်ပွဲရွှင်ပွဲများ၊ ရိုးရာအကပဒေသာများ၊ ဇာတ်သဘင်ပွဲများ၊ ရိုးရာအားကစားပွဲတော်နှင့် လှေလှော်ပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြောင်း၊ ဘာသာမရွေး၊ လူမျိုးမရွေး ပါဝင်ဆင်နွှဲကြသော ဘုရားပွဲတော်ကြီးဖြစ်ကြောင်း သိရသည်။

ရွှေမိုးညှင်း

## ဟသ်ာတခရိုင်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများက လေးမျက်နှာမြို့နယ်၌ ကွင်းဆင်းဆေးကုသပေး

**လေးမျက်နှာ ဇန်နဝါရီ ၂၂**
ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ဟသ်ာတခရိုင် ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများက လေးမျက်နှာမြို့နယ် ပြည်ငြိမ်းအေးကျောင်းတိုက် မြို့ဦးဓမ္မာရုံ၌ ဇန်နဝါရီ ၂၀ ရက်တွင် ကွင်းဆင်း ဆေးကုသပေးနေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း လာရောက်ကြည့်ရှုအားပေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် လာရောက်ဆေးကုသသော ပြည်သူ များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ရောဂါဖြစ်ပွားမှု အခြေအနေများ၊ ဆေးကုသမှုအခြေအနေများကို မေးမြန်း၍ အားပေးစကားပြောကြားခဲ့သည်။ ဆက်လက်၍ သွေးပေါင်ချိန်တိုင်းခြင်း၊ ကလေး၊ နားနှာခေါင်း လည်ချောင်း၊ အရေပြား၊ အရိုး၊ အထွေထွေရောဂါ၊ သားဖွား မီးယပ်၊ ECGနှင့် မျက်စိရောဂါများ စစ်ဆေးကုသမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။



မြို့နယ်(ပြန်/ဆက်)

## ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) အလုပ်အမှုဆောင် အစည်းအဝေးကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၂**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) အလုပ်အမှုဆောင် အစည်းအဝေး (၁/၂၀၂၃) ကို ရန်ကုန်မြို့ကန်ရိပ်သာလမ်းရှိ Esperado Lake View ဟိုတယ်၌ ဇန်နဝါရီ ၂၀ ရက်က ကျင်းပသည်။

အစည်းအဝေးတွင် ဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့ (ဗဟို) ဦးစီးနာယက အဂ္ဂမဟာမင်္ဂလ ဓမ္မဇောတိကဓဇ သီရိသုဓမ္မ မဏိဇောတဓရ ဦးရဲထွန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာ မင်္ဂလဓမ္မဇောတိကဓဇ ဦးစိန်သန်းက အသင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒုတိယဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များက ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

အာကာလင်း

## စစ်ကိုင်းစက်မှုဇုန်အတွင်းရှိ စက်ရုံများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**မုံရွာ ဇန်နဝါရီ ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ စစ်ကိုင်းမြို့ စစ်ကိုင်းစက်မှုဇုန်ရှိ ချည်လုံးနှင့် အထည်စက်ရုံများကို ဇန်နဝါရီ ၁၉ ရက်က ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်အား စက်မှုဇုန် ဥက္ကဋ္ဌနှင့် စက်ရုံတာဝန်ခံတို့က စစ်ကိုင်းစက်မှုဇုန်အတွင်း စက်ရုံများ၏ လည်ပတ်လုပ်ဆောင်နေမှုအခြေအနေ၊ ကုန်ကြမ်းပစ္စည်းရရှိမှု၊ ကုန်ချောပစ္စည်းထုတ်လုပ်နိုင်မှု၊ စက်ရုံလုပ်သားများအား ထောက်ပံ့ဆောင်ရွက်ပေးနေမှု အခြေအနေများ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးကာ စက်ရုံအတွင်း ချည်လုံးနှင့် အထည်များ ထုတ်လုပ်ဆောင်ရွက်နေမှုအဆင့်ဆင့်တို့ကို လိုက်လံကြည့်ရှု အားပေးသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းစက်မှုဇုန်ရှိ ဂျက်ဖာထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်ပြီး စက်ရုံတာဝန်ခံများက ပစ္စည်းများထုတ်လုပ်နေမှုများကို လိုက်လံရှင်းလင်းတင်ပြ၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စက်ရုံ၏လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်း ပေါင်းစပ်ဆောင်ရွက်ပေးသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)

## ကချင်ပြည်နယ်၌ မိုင်းအန္တရာယ်အသိပညာပေးခြင်းနှင့် အကူအညီပေးရေး ပိုမိုဆောင်ရွက်ရန်ဆွေးနွေး

**မြစ်ကြီးနား ဇန်နဝါရီ ၂၂**
မိုင်းနှင့်ပေါက်ကွဲစေနိုင်သော လက်နက်ပစ္စည်းများကြောင့် ထိခိုက်ဒဏ်ရာရရှိနိုင်သည့် အန္တရာယ်များ လျှော့ချနိုင်ရေးအတွက် မိုင်းအန္တရာယ်အသိပညာပေးခြင်း၊ အများပြည်သူထံ သတင်းအချက်အလက်များဖြန့်ဝေခြင်းနှင့် မိုင်းအန္တရာယ်ရှိသော နေထိုင်ပြုမူခြင်းများ ပြောင်းလဲလာစေရေး ရည်ရွယ်ပြီး ကချင်ပြည်နယ်အဆင့် မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းအဖွဲ့ ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၃) ကို ဇန်နဝါရီ ၂၀ ရက်က မြစ်ကြီးနားမြို့ရှိ ကချင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ပန်းခင်းခန်းမ၌ ပြုလုပ်သည်။

အစည်းအဝေးတွင် ပြည်နယ်အဆင့် မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးဝင်းရဲထွန်းက မိုင်းအန္တရာယ်အသိပညာပေး လုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် ကချင်ပြည်နယ်အတွင်း ဆောင်ရွက်ခဲ့သော မိုင်းအန္တရာယ်အသိပညာပေး ဆောင်ရွက်ချက်လုပ်ငန်းများ၏ ရလဒ်များ၊ ၂၀၂၃-၂၀၂၄ တွင် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များ ရေးဆွဲနိုင်ရေး စသည်တို့ကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးသွားကြရန်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်နေသော အဖွဲ့အစည်းများအနေဖြင့် မိုင်းအန္တရာယ် အသိပညာပေးရေး၊ မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူများအား အကူအညီပေးရေး အစရှိသည်များကို ယခုထက်ပိုမိုဆောင်ရွက်နိုင်ရေး ဌာနဆိုင်ရာများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးက မိုင်းအန္တရာယ်အသိပညာပေး လုပ်ငန်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့၏ တိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်အဆင့် မိုင်းအန္တရာယ် အသိပညာပေး လုပ်ငန်းအဖွဲ့ဝင်များက မိုင်းထိပြည်သူများအတွက် လိုအပ်သော ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်နိုင်ရေးအပါအဝင် မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူများအား ကူညီနိုင်ရေးတို့ကို ဆွေးနွေးသည်။

ခရိုင်(ပြန်/ဆက်)

## တီးတိန်မြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**တီးတိန် ဇန်နဝါရီ ၂၂**
ချင်းပြည်နယ် တီးတိန်မြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး ဟောပြောပွဲကို ဇန်နဝါရီ ၁၉ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဝင်းသန်းက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းထွေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာခြင်းသည် မိမိအသက်အန္တရာယ်ကို ကာကွယ်ကယ်တင်ခြင်းဖြစ်ကြောင်း၊ နောင်တွင်လူကြီးဖြစ်မည့် လူငယ်များ စည်းကမ်းလိုက်နာကြရန် အထူးလိုအပ်ကြောင်း ဟောပြောသည်။

ဆက်လက်၍ မြို့နယ်ဥပဒေအရာရှိဦးဒိုရှန်းမုန်၊ တီးတိန်မြို့မရဲစခန်းမှ ခေတ္တစခန်းမှူး ဒုရဲမှူးရဲသူရ၊ ရဲအုပ်မင်းထွန်းဦးတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်သောဥပဒေများ၊ ဥပဒေဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းဟောပြောပြီး တီးတိန်မြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက လက်အချက်ပြများကို သရုပ်ပြပညာပေးခဲ့သည်။

ဟောပြောပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

မိုးမိုး

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၂၂

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

### တရားဥပဒေနှင့်အညီဆောင်ရွက်

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ကျီးကုန်းကျေးရွာနေ ဝင်းဇော်အောင် (ခ) ဇော်ဝင်းမောင်သည် ၎င်းအသုံးပြုသည့် “Win Zaw Aung” Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် စမ်းချောင်း(တောင်) ရပ်ကွက်နေ အေးသက်မွန်သည် ၎င်းအသုံးပြုသည့် “Aye Thet Mon” Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒ ဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက် ခဲ့ရသည်။

### ဆက်လက်ဖော်ထုတ်

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



မမူညိုအေး၊ မမူဥမ္မာထွေး၊ မမူခိုင်ခင်ဦး နှင့် မနဒီခိုင်မင်း တို့အား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

## မြစ်ကြီးနားနှင့် တောင်ကြီးမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၂၂

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် မြစ်ကြီးနား မြို့နယ် လွယ်ခေါ်ကျေးရွာအုပ်စု နမ့်ခမ်းကျေးရွာရှိ (၂၁)မိုင် ပူးပေါင်း စစ်ဆေးရေးဂိတ်၌ HIACE အမျိုးအစား ခရီးသည်တင်မော်တော်ယာဉ် ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ခရီးသည် မနဒီခိုင်မင်း၊ မမူခိုင်ခင်ဦး၊ မမူဥမ္မာထွေး၊ မမူညိုအေးတို့ သယ်ဆောင်လာသည့် ဘိန်းစိမ်း ၁၄ ကီလို ကိုလည်းကောင်း၊ ထိုနေ့ နံနက် ၁၁ နာရီတွင် တောင်ကြီးမြို့နယ် ထီဖောင်းကျေးရွာအုပ်စု နားဘောင်ကျေးရွာအနီးတွင် ဇော်မင်းထွန်း(ခ) မောင်ဇော် မောင်းနှင်ပြီး မမိုးထက်ဝေလှိုင်(ခ)ရီဟာနာ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၁၄၀၀၀ ကို လည်းကောင်းသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ ရဲပြန်ကြား

## တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်၊ လုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ













**နေပြည်တော် ဇန်နဝါရီ ၂၂**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာတွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၈ ရက်တွင် ပဲခူးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ အကောက်ခွန်အဖွဲ့က မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်မှ ယာဉ်ပါ/ကုန်ပါ စာရင်းချုပ်တွင် ကြေညာထားခြင်း မရှိသော HighDensity Polyethy-lene ကီလိုဂရမ် ၃၉၈၅၀ အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၄၁၁၉၆၈၄)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော မော်တော်ယာဉ်နှစ်စီး၊ နောက်တွဲယာဉ်နှစ်တွဲနှင့် ကုန်သေတ္တာနှစ်လုံး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၇၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းအရ လည်းကောင်း၊ ဇန်နဝါရီ ၂၀ ရက်တွင် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က တောင်ငူခရိုင်အတွင်း တရားမဝင် သစ်မျိုးစုံ ၀ ဒသမ ၉၆၇၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၅၁၇၀)ကို သစ်တောဥပဒေအရ လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃၁၂၆၄၈၅၄ ကို ဖမ်းဆီးရမိခဲ့ပြီး အရေးယူ ဆောင်ရွက်လျက်ရှိ သည်။

အလားတူ ဇန်နဝါရီ ၁၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သတ်မှတ်ရက်ထက်ကျော်လွန်၍ လာရောက်ထုတ်ယူခြင်းမရှိသော RANCO MECHANICAL THERMOSTATS ၄၀၀၊ SAMSUNG CURVED MONITOR လေးလုံး အပါအဝင် ကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂၁၆၈၅၃)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မန္တလေးမြို့နယ် အကောက်ခွန် ဦးစီးဌာနမှူးရုံးမှ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၉ ရက်တွင် မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသော မော်တော်ကားအရှေ့လေကာမှန် အချပ် ၉၀ အပါအဝင် ကုန်ပစ္စည်းကိုးမျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၂၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော DONGFENG အမျိုးအစား မော်တော်ယာဉ် တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ဇန်နဝါရီ ၂၁ ရက်တွင် မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တင်သွင်းခွင့် အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် Pudding Cabin Table Lamp ငါးခု၊ Nongfu Spring Water ဘူး ၂၀၀ အပါအဝင် ကုန်ပစ္စည်း အမျိုး ၂၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၂၅၉၁၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်သော HIGER Bus အမျိုးအစား မော်တော်ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၉၈၃၁၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

ထို့ပြင် ဇန်နဝါရီ ၂၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဘားအံမြို့နယ် အကောက်ခွန်ဦးစီးဌာန မှူးရုံးမှ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ပဲခူးမြို့သို့သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Lactasoy Soymilk ဖာ ၄၀၊ ၂၆ လက်မ TV နှစ်လုံးအပါအဝင် ကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၆၈၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်သော Mitsubishi Canter အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀) ကို လည်းကောင်း၊ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ စာရွက်စာတမ်း အထောက် အထား တင်ပြနိုင်ခြင်းမရှိသည့် White Sugar ကီလိုဂရမ် ၁၅၀၀ အပါအဝင် ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၁၈၀၀၀)နှင့် အဆိုပါပစ္စည်း များ တင်ဆောင်သော Hyundai Starex အမျိုးအစား မော်တော် ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၀၀၀၀၀၀)ကို လည်း ကောင်း (**အပေါ်ပုံ**)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၉၀၈၆၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်း နှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်း ဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၀ ရက်တွင် စစ်ကိုင်းမြို့ တကောင်းရပ်ကွက် ပူးပေါင်း စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ TOYOTA WISH အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၇၀၀၀၀၀၀) ကိုလည်းကောင်း၊ ဇန်နဝါရီ ၂၁ ရက်တွင် မုံရွာမြို့ မအူပူးပေါင်း စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Nissan X-Trail အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၁၈ ရက်၊ ၁၉ ရက်၊ ၂၀ ရက်နှင့် ၂၁ ရက် တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၄ မှု၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၁၄၃၉၈၇၀၇) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# ပန်းဘဲတန်းမြို့နယ်အတွင်းရှိ ရွှေလုပ်ငန်းရှင်များနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့ လုံခြုံရေးကိစ္စရပ်များ တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်း မြို့နယ်အတွင်းရှိ ရွှေနှင့် လက်ဝတ်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ရွှေဆိုင်လုပ်ငန်းရှင်များနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့ လုံခြုံရေးကိစ္စရပ်များ တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၈ ရက်က ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ပန်းဘဲတန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်းဦးက ရွှေနှင့် လက်ဝတ်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ရွှေဆိုင်လုပ်ငန်းရှင်များက လုံခြုံရေးအမြင်ရှိရန်၊ ရှုထောင့်ပေါင်းစုံက စီစီတီဗွီကင်မရာ တပ်ဆင်ထားရန် လုံခြုံရေးနှင့် တာဝန်ရှိသူများက မိမိတို့မြို့နယ်အတွင်းရှိ အရေးကြီးဖုန်းနံပါတ်များကို ဖုန်းထဲတွင် အဆင်သင့်ထည့်ထားရန်နှင့် စီစီတီဗွီကင်မရာများပျက်နေပါက အမြန်ပြုပြင်ထားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက လုံခြုံရေးဆိုင်ရာ ကိစ္စများနှင့် ကူညီဆောင်ရွက်ပေးနိုင်မည့် ကိစ္စများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ရွှေဈေးကွက်တည်ငြိမ်ရေး အတွက် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး မသမာသူ ဈေးကစားသူများက ရွှေဈေးဆွဲချ ဆွဲတင်မှုများရှိကြောင်းနှင့် ရွှေဆိုင်လုပ်ငန်းရှင်များ ဆုံးရှုံးမှုနှင့် ကြုံတွေ့ရပြီး ကောလာဟလသတင်းများကို မယုံကြည်ကြရန် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ရွှေလုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားသည်။ **မျိုးမင်းသူရ**

# ကေတုမတီ တောင်သူအကျိုးပြုသမအသင်းက လယ်ယာဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်

**တောင်ငူ ဇန်နဝါရီ ၂၂**

တောင်ငူမြို့နယ် မိုးကောင်းကျေးရွာရှိ ကေတုမတီတောင်သူအကျိုးပြု စိုက်ပျိုးရေးနှင့် မွေးမြူရေးအထွေထွေသမဝါယမအသင်းလီမိတက်သည် အသင်းပိုင်ထွန်စက်(Japan Kubota 60 Hp) နှင့် ရိတ်သိမ်းခြွေစက်(Japan Kubota 70 G)များဖြင့် အသင်းသားပိုင်နှင့် ပုဂ္ဂလိကပိုင် လယ်ယာမြေများတွင် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာ၌ အသင်းပိုင်ထွန်စက် (Japan Kubota 60 Hp) သည် တစ်ရက်လျှင် ပျမ်းမျှ ခြောက်ဧကထွန်ယက်နိုင်ပြီး တစ်ဧကငှားရမ်းခငွေကျပ် ၅၀၀၀၀ နှုန်း၊ အသင်းပိုင်ရိတ်သိမ်းခြွေစက် (Japan Kubota 70 G)သည် တစ်ရက်လျှင် ပျမ်းမျှခြောက်ဧက ရိတ်သိမ်းနိုင်ပြီး တစ်ဧကငှားရမ်းခ ငွေကျပ် ၈၀၀၀၀ နှုန်းဖြင့် တောင်သူများသီးနှံစိုက်ပျိုးထုတ်လုပ်ရာ၌ ဆောင်ရွက်ပေးလျက်ရှိသည်။ **သတင်းစဉ်**

ဇန်နဝါရီ ၂၂ ရက်က မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ ဘဏ္ဍာရေးမှူး (နာယက) ဦးသန်းမောင် ဆေးရုံတက်ကုသခြင်းအတွက် ထောက်ပံ့ငွေ ကျပ် ၁၂၀၀၀၀ ကို အဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် တွဲဖက်အတွင်းရေးမှူး ဦးသိမ်းစိုးတို့က ပေးအပ်စဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)






## မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ

ကြေညာချက်အမှတ် (၃/၂၀၂၃)

(၁၃၈၄ ခုနှစ်၊ ပြာသိုလကွယ်)

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၂၀) ရက်

**မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီက မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာများ အတွက် သက်တမ်းတိုးလုပ်ငန်းစဉ်၏ စဉ်ဆက်မပြတ်ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးသတ်မှတ်နာရီ (CPD Hours) ဖြေလျှော့ပေးခြင်းကို ထပ်မံခံစားခွင့်ပြုခြင်း**

၁။ သက်တမ်းတိုးလျှောက်ထားရန်ကျန်ရှိနေသည့် လက်မှတ်ရအင်ဂျင်နီယာများ ပိုမိုအဆင်ပြေစေရန်အလို့ငှာ (၁၇.၁.၂၀၂၃) ရက်နေ့တွင်ပြုလုပ်ကျင်းပသော အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေး (၁/၂၀၂၃)၏ သဘောတူဆုံးဖြတ်ချက်အရ သက်တမ်းတိုး (CPD Hours) ဖြေလျှော့(လျှော့ပေါ့) လိုအပ်ချက်နာရီ နှစ်နှစ်စာသည် PE ဖြစ်ပါက CPD လိုအပ်ချက်နာရီ (၄၀) နှင့် RSE ဖြစ်ပါက CPD လိုအပ်ချက်နာရီ (၃၀) နာရီအဖြစ် နောက်ဆုံးအကြိမ် ဖြေလျှော့ချက်အား ၂၀၂၃ ခုနှစ်၊ မတ်လအကုန်အထိ ထပ်မံတိုးမြှင့်သတ်မှတ်ပေးလိုက်ပါသည်။ ယင်းဖြေလျှော့ပေးခြင်းသည် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည့် PE, RSE အားလုံးနှင့်သက်ဆိုင်ပါသည်။

၂။ ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှစတင်ပြီး မှတ်ပုံတင်အကြီးတန်း အင်ဂျင်နီယာ RSE များနှင့် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် PE များသည် သတ်မှတ်လျှောက်လွှာပုံစံတွင် လိုအပ်ချက်အလိုက် စဉ်ဆက်မပြတ်ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး သတ်မှတ်နာရီ CPD Hours (နှစ်နှစ်စာ) ကို ယခင်ကြေညာချက်အမှတ် (၂၁/၂၀၂၂) ပါအတိုင်း ပြည့်မီအောင်ဖြည့်ဆည်း လျှောက်ထားရမည်ဖြစ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
အမှတ်(၅/က) ခရေပင်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း : ၀၁-၂၃၁၆၉၅၅, ၀၁-၂၃၁၆၈၈၃
Website : https://myanmarengc.org
e-mail : cpd.committee@gmail.com

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/51767 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းဆွေ ၁၄/မအပ(နိုင်)၁၈၃၉၅၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**မအူပင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/9497 ယာဉ်လက်ဝယ်ရှိသူ ဦးလှညွန့် ၁၄/မအပ(နိုင်)၂၂၆၈၅၁ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**မအူပင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 56W/74774 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီနီဝင်း ၁၄/ကလန (နိုင်)၁၁၃၆၉၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**မအူပင်မြို့**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## TOYOTA HARRIER (9D/3121)မော်တော်ယာဉ်နှင့်ပတ်သက်၍ သက်ဆိုင်သူများနှင့်အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ပုလဲကွန်ဒို(ဘီ)ဆောင်၊ အခန်းအမှတ်(၁၃၀၂)နေ ဒေါ်မီမီစိန် ၁၂/ကတတ(နိုင်) ၀၂၄၀၆၇၏ လွှဲအပ်ညွှန်ကြားချက်အရ သက်ဆိုင်သူများနှင့်အများသိရှိစေရန် အောက်ဖော်ပြပါအတိုင်း ကြေညာလိုက်သည်–

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ပုလဲကွန်ဒို (အခန်းအမှတ် Block (c)၊ (Penthouse-01)နေထိုင်သူ ဒေါ်မြင့်မြင့်ရွှေ (ခ) ဒေါ်ယုံနှင့် ၎င်း၏ မိသားစုဝင်များ အသုံးပြုစီးနင်းနေသော TOYOTA HARRIER အမျိုးအစား 9D/3121 မော်တော်ယာဉ်သည် ဒေါ်မီမီစိန် ၁၂/ကတတ (နိုင်) ၀၂၄၀၆၇ အမည်ပေါက် ပိုင်ဆိုင်သော ကားဖြစ်ပါသည်။

၂။ ဒေါ်မီမီစိန်၏ ခွင့်ပြုချက်ဖြင့် ဒေါ်မြင့်မြင့်ရွှေ (ခ) ဒေါ်ယုံက အခမဲ့ငှားရမ်းစီးနင်း အသုံးပြုနေစဉ်ကာလအတွင်း နှစ်စဉ်ပေးဆောင်ရသော အခွန်အခများဖြစ်သည့် ယာဉ်သက်တမ်းတိုး မှတ်ပုံတင်ကြေး၊ ကားအာမခံကြေး အခြားသော အခွန်အခ အရပ်ရပ်တို့ကို ဒေါ်မီမီစိန်နှစ်စဉ်ပေးဆောင်ခဲ့ရပါသည်။

၃။ ဒေါ်မီမီစိန်၏ ခွင့်ပြုချက်ဖြင့် အခမဲ့ငှားရမ်းအသုံးပြုစီးနင်း နေစဉ်ကာလအတွင်း ကားယာဉ်မှတ်ပုံတင်စာအုပ်၊ မော်တော်ယာဉ်နှင့်ပတ်သက်သည့် အခြားသော စာရွက်စာတမ်းများကို ယာဉ်သက်တမ်းတိုးရန် အကြောင်းပြချက်ဖြင့် (၂၉-၁၀-၂၀၂၁)ရက်တွင် ဒေါ်မြင့်မြင့်ရွှေ(ခ)ဒေါ်ယုံ၊ မချယ်ရီကိုတို့မှ လက်မှတ်ရေးထိုးကာတောင်းယူသွားပြီး ပိုင်ရှင်ဒေါ်မီမီစိန်ထံသို့ ပြန်လည်အပ်နှံခြင်း မရှိသည့်အတွက် ဒေါ်မီမီစိန်က အကြိမ်ကြိမ်တောင်းခံသော်လည်း ယနေ့အချိန်ထိ လာရောက်ပေးအပ်ခြင်းမရှိပါ။

၄။ သို့ဖြစ်ပါ၍ အဆိုပါ မော်တော်ယာဉ်နှင့်ပတ်သက်ပြီး ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ အာမခံတင်သွင်းခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ မော်တော်ယာဉ်ပိုင်ဆိုင်မှု အမည်ပြောင်းလျှောက်ထားခြင်း အပါအဝင် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရန်နှင့် ပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိရှိစေရန် ကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်တင်တင်ညို(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၃၇၂)**
**ဒေါ်သွယ်သွယ်ထွေး(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၂၃၇)**

**ခနေဖြူဦးသန်းဆွေ**
**LL.B,LL.M(Q)H.G.P,ADVOCATE**
**တရားလွှတ်တော်ရှေ့နေကြီး**
**(စဉ်–၂၈၆၈)**
**ကုမ္ပဏီရှေ့နေကြီး၊ ဘဏ်ရှေ့နေကြီး**
**(ဥပဒေကျွမ်းပြု)**

**ဒေါ်ညိမ်းညိမ်းထွေး (LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၃၁၅)**
**ဒေါ်အေးငြိမ်းသူ (LL.B) အထက်တန်းရှေ့နေ (စဉ်–၅၃၂၃၉)**
**ဒေါ်နန့်အိဆုမွန် (LL.B) အထက်တန်းရှေ့နေ (စဉ်–၄၉၄၀၁)**

**ရုံး– တိုက်(၉/၁၁)၊ အခန်း(၁၀၃/E)၊ ပ–ထပ်၊ (၃၆)လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း–၀၉–၄၄၂၉၈၄၄၄၉၊၀၉–၇၉၉၇၀၀၁၉၉**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်၊ ကွင်းအမှတ်–၃၉(ခ) ဘုရားကိုင်ကွင်း၊ ဦးပိုင်အမှတ်(၂၂၃)၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိ မြေကွက်အား မြေငှားဂရန် အမှုတွဲအမှတ်(၁၂၂/၂၀၁၈–၂၀၁၉)အရ ဒေါ်ခိုင်စပယ်မျိုးပါ(၇)ဦး အမည်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ဒေါ်ခိုင်စပယ်မျိုးပါ(၇)ဦးထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၂၇၂/၂၀၁၉)ဖြင့် ဦးတင်အောင်နိုင်၊ ဒေါ်ကေသီဆွေတို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးတင်အောင်နိုင် ၆/မအရ(နိုင်) ၀၀၀၆၉၃၊ ဒေါ်ကေသီဆွေ ၆/မအရ (နိုင်) ၀၀၂၂၂၀တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေ ပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

လားရှိုးမြို့၊ရပ်ကွက်(၂)၊ သိန္နီလမ်းနေ ဦးကျော်မင်း–ဒေါ်မြရီတို့၏သား မောင်အောင်မင်းထွန်း ၁၃/လရန(နိုင်)၀၈၂၁၂၆ နှင့် မောင်ချစ်ကိုကိုထွန်း ၁၃/လရန(နိုင်)၁၇၆၆၅၅ တို့သည် မိဘများအား စိတ်ဆင်းရဲ ကိုယ်ဆင်းရဲနှင့် ခွင့်မလွှတ်နိုင်သည့် ကိစ္စများကို အကြိမ်ကြိမ်ပြုလုပ်ခြင်းတို့ကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းတို့နှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမှ မိဘများက လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးကျော်မင်း–ဒေါ်မြရီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

လားရှိုးမြို့၊ရပ်ကွက်(၉)၊ နယ်မြေ (၃)၊ မီးရထားဝင်းနေ ဦးကျော်ဇေယျ ၁၂/ရကန(နိုင်)၀၅၄၉၉၈ – ဒေါ်ကြည်ကြည်သောင်း ၁၂/လသန(နိုင်)၀၀၇၅၆၇ တို့၏ သားဖြစ်သူ မောင်သက်မှူးကျော် ၁၃/လရန(နိုင်)၂၃၉၁၁၅ သည် မိဘတို့၏ဆို ဆုံးမမှုကို နာခံမှုမရှိဘဲ ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစပြီး သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသောကြောင့် မောင်သက်မှူးကျော်နှင့်ပတ်သက်သည့် ကိစ္စမှန်သမျှ မိမိတို့နှင့် မသက်ဆိုင်တော့ပါကြောင်းနှင့် ၎င်း၏ အရှုပ်အရှင်းမှန်သမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးကျော်ဇေယျ**

**မွေးသက္ကရာဇ် အမှန်**

လားရှိုးမြို့၊ အမှတ်(၅)၊ အထက(ခွဲ)၊ Grade–11 ၌ ပညာသင်ကြားနေသော မောင်စောသူရိန်လင်း၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုမူရင်းအရ ၁၆–၆–၂၀၀၆ ဖြစ်ပါကြောင်း။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၅၅၄ ဆူ | ၁၆၆ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၇၁ ခန်း | ၃၈၄ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၅၀ တိုင် | - |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၃၂ ခု | ၅၂၀ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၇၂ ကျင်း | ၂၀၄၇. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၇ ကျင်း | ၁၉၁. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၃ ကျင်း | ၅၈၈၇. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၃၁၀ ကျင်း | ၁၄၂၆. ၀၈ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၅၃၂၈ သိန်း | ၁၇၂၃၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၄. ၇၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၁၇. ၀၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၄၆၆. ၁၂ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၆၅၈. ၃၄ | ၁ | - | ၁ |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၄၃၇ စုံ | ၆၃ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
## ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူး(၃)နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည်–

| စဉ် | ရာထူး/လစာနှုန်း | ရာထူးနေရာ | အနိမ့်ဆုံးပညာအရည်အချင်း |
|---|---|---|---|
| (က) | ဘူမိဗေဒလက်ထောက်(၂) (၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀) | (၃)နေရာ | B.E(Mining) |

၂။ အထက်ဖော်ပြပါ ရာထူးနေရာအတွက် လျှောက်ထားသူများသည် –
- (က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်၊
- (ခ) ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ(၃၁)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်မကျော်လွန်သူဖြစ်ပြီး လက်ရှိဌာန၏ ခွင့်ပြုချက်မူရင်းပါရှိရမည်၊
- (ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊
- (ဃ) ဌာနတွင် အနည်းဆုံးလုပ်သက် တစ်ဆက်တည်း(၃)နှစ် တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်၊
- (င) ရွေးချယ်ခန့်အပ်ခြင်းခံရပါက နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်၊
- (စ) အခြားဝန်ထမ်းအဖွဲ့အစည်းများမှ လျှောက်ထားသူများသည် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်၊
- (ဆ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှထုတ်ပယ် (Removal)ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာတွင် အောက်ဖော်ပြပါအချက်များကို ပြည့်စုံစွာဖော်ပြရမည်–
- (က) အမည်၊
- (ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊
- (ဂ) မွေးသက္ကရာဇ်၊အသက်၊
- (ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊
- (င) ပညာအရည်အချင်း၊ အောင်မြင်သည့်ခုနှစ်နှင့် အောင်မြင်ခဲ့သည့်ကျောင်း၊ တက္ကသိုလ်၊
- (စ) လျှောက်ထားလိုသည့်ရာထူး၊
- (ဆ) မိဘအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်၊
- (ဇ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့်ဌာန၊
- (ဈ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်၊
- (ည) ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်နှင့် E-mail ။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်–
- (က) ဘွဲ့လက်မှတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)၊
- (ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊
- (ဂ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)၊
- (ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ရယူထားသည့် စာရိတ္တ ကောင်းမွန်ကြောင်းနှင့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်မူရင်း၊
- (င) သက်ဆိုင်ရာ ရဲစခန်းမှ(၁)လအတွင်း ရယူထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း၊
- (စ) အလုပ်သမားမှတ်ပုံတင်ကတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊
- (ဆ) (၁)လအတွင်း ရိုက်ကူးထားသည့် ပတ်စ်ပို့အရွယ် ကာလာဓာတ်ပုံ(၃)ပုံ (ဓာတ်ပုံနောက်ကျောတွင်အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)၊
- (ဇ) အခြားကျွမ်းကျင်မှုနှင့်လုပ်ငန်းအတွေ့အကြုံရှိပါက ခိုင်လုံသော အထောက်အထားမိတ္တူများ၊
- (ဈ) သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ(၁)လအတွင်းရယူထားသော ကျန်းမာကြောင်း ဆေးထောက်ခံချက်မူရင်း၊
- (ည) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)။

၅။ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများအား မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ **www.mge.gov.mm**တွင် ရယူနိုင်ပြီး လျှောက်လွှာများကို ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဂဟလမ်း၊ သပြေကုန်းအဝိုင်းအနီး၊ နေပြည်တော်ဟုလိပ်မူ၍ လူကိုယ်တိုင် (သို့မဟုတ်) အမြန်ချောပို့ (သို့မဟုတ်) mgdmnnaypyitaw@gmail.com သို့ (၆–၂–၂၀၂၃)ရက်နေ့ ရုံးချိန်အရောက် နောက်ဆုံးထားပေးပို့လျှောက်ထားရပါမည်။

၆။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာပုံစံ(၁)စုံအား သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးပို့လျှောက်ထားရမည်။

၇။ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းနှင့် ခုံအမှတ်တို့ကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ **www.mge.gov.mm**နှင့် ဌာနကြော်ငြာသင်ပုန်းတွင် ကြေညာပေးထားမည်ဖြစ်သည်။

၈။ လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတဘာသာရပ် မေးခွန်းများကို(၁၁–၂–၂၀၂၃)ရက်နေ့ နံနက်(၀၉:၀၀)နာရီမှ နေ့လယ် (၁၄:၃၀)နာရီထိ ရေးဖြေစာမေးပွဲစစ်ဆေးမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲ အောင်မြင်သူကိုသာ လူတွေ့နှုတ်ဖြေစစ်ဆေးမှု ပြုလုပ်မည်ဖြစ်ပါသည်။

၉။ ဖြေဆိုခွင့်ကတ်ပြားများကို (၁၀–၂–၂၀၂၃)ရက်နေ့၌ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ စီမံဌာနတွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက် ထုတ်ယူရမည်ဖြစ်ပါသည်။

၁၀။ သတ်မှတ်ရက်ထက် နောက်ကျမှရောက်လာသော လျှောက်လွှာများ၊ အရည်အချင်း သတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများ အထောက်အထားမပြည့်စုံသောလျှောက်လွှာများ၊ မှားယွင်းဖြည့်သွင်းထားသော လျှောက်လွှာများအားပယ်ဖျက်ပါမည်။

၁၁။ ရေးဖြေစာမေးပွဲဖြေဆိုရာတွင် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မူရင်း)၊ ဘွဲ့လက်မှတ်(မူရင်း)များပါရှိရမည်ဖြစ်ပြီး၊ မပါရှိပါက စာမေးပွဲဖြေဆိုခွင့်ရမည် မဟုတ်ပါ။

၁၂။ အသေးစိတ်သိလိုပါက တယ်လီဖုန်းအမှတ် ၀၆၇–၄၁၄၈၁၈ သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

## နှစ်(၃၀)ပြည့် ပုလဲရတု မင်္ဂလာနှစ်ပတ်လည်နေ့ဆုတောင်းလွှာ

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် ကျရောက်သည့် ဖေဖေ ဦးသန့်ဇင် နှင့် မေမေ ဒေါ်ခင်မမကျော်တို့၏ နှစ် (၃၀) ပြည့် ပုလဲရတုမင်္ဂလာ နှစ်ပတ်လည်နေ့မှသည် နောင်နှစ်ပေါင်းများစွာ တိုင်အောင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် အေးအတူပူအမျှ အတူတကွ ဖြတ်သန်းသွားနိုင်ပါစေလို့ ချစ်သမီးများမှ ဂုဏ်ပြုမင်္ဂလာဆုတောင်း အပ်ပါသည်။

ချစ်သမီးများ–တုံတုံ၊ ပုံပုံ၊ ပဲပဲ




တလေးနာမည်ပေးဆရာကြီး
ရာဇာဇော်ဝင်း
(LL.B.) (WIPO,DL-101 Switzerland)
တလေးနာမည်ပေးတောင်ပွန်းအာဆ် လူကြီးလိုရာမေးဘိုယ်ဝန်ဆောင်ရက်ရွေး
01-399426, 01-394727, 09-73009994, 09-5152521
တိုက်အမှတ် (၉)ဒုထပ်၊ ၈၇ လမ်း။ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့


## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်(RA-VI/ကွက်ပြင်)၊ ဦးပိုင်အမှတ်(၆/က–၁၃၇)၊ မြေဧရိယာ ၀ ဒသမ ၁၆၁ ဧကရှိ မြေကွက်အားဂရန်အမည်ပြောင်း လျှောက်ထားနိုင်ရေး ဦးဟုတ်ဘွန် ၉/မရမ(နိုင်)၀၂၈၀၃၃ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/ 92267 Kenbo 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိမွန်ခင် ၉/မဟမ(နိုင်)၀၄၃၀၇၇၇က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ ဒဂုံရွှေမှူး(၁)လမ်း၊ မြေကွက်အမှတ်(၈၄၅)ဟု ခေါ်တွင်သော ဒေါ်တင်မူမြအမည်ပေါက်သည့် ပါမစ်မြေအမျိုးအစားမြေအကျယ် (ပေ ၄၀x ပေ ၆၀)အနက်မှ (မြေကွက်ကို မျက်နှာမူလျှင်–ဘယ်ဘက်ခြမ်း) မြေအကျယ် (၂၃ပေx၆၀ ပေ)ရှိ (ပါမစ်မူရင်းပါ) ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်စန်းစန်းဌေး ၁၂/ဥကတ (နိုင်)၀၈၀၄၅၉ မှ အဆင့်ဆင့်ဝယ်ယူ ပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်း တစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမင်းနိုင်ထွန်း ၁၂/လမန(နိုင်) ၁၂၀၇၂၃ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၇)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**ညွှန်ကြားသူ–**
**ဦးမင်းနိုင်ထွန်း**

**ညွှန်ကြားချက်အရ–**
**ဒေါ်ဟန်နီထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၁၅၃၆၉)**
**အမှတ်(၆၄၀၊ ခ)၊ သမိန်ဗရမ်းလမ်း၊ ၃၅–ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)**
**မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၅၀၅၄၁၂၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3N/7657 Subaru Sambar TT2 p/u(4x4)R ယာဉ်လက်ဝယ်ရှိသူဒေါ်ပိုးနှင်းဖြူ ၁၃/တကန(နိုင်)၁၄၆၅၇၂ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ဒေါနလမ်း၊ အမှတ်(၂၄)တိုက်၏ ၃–လွှာ၊ ဧရိယာအကျယ်အဝန်း(၂၇ပေx၆၃ပေ)ရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟုအဆိုပြုသူဖြစ်သော ဒေါ်ကြည်ကြည်စိန် ၁၂/ပဇတ(နိုင်)၀၁၅၂၅၇ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးမီ ၁၂/သဃက(နိုင်)၀၈၉၆၆၁ မှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာသော အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ရုံး၊ အမှတ် (၃၀)၊ (၂)လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၂၅၃၃၆၇၅၄၉**

**ဦးအောင်မျိုးထွန်း (LL.B )**
**အထက်တန်းရှေ့နေ**
**(စဉ်–၃၂၄၄၆)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်(၇/ပဒေသာ ကွက်ပြင်)၊ ဦးပိုင်အမှတ်(၃၈၈ )၊ မြေကွက်အမှတ်(388)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အားမြေငှားဂရန်သစ်(သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဒေါ်ခင်ဝင်းမြင့် ၉/မရမ(နိုင်)၀၁၃၉၆၄ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

